ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday 7 May 2018 ၉၂၇၉

# နေရပ်စွန့်ပြည်သူများ စားဝတ်နေရေးနှင့် လိုအပ်ချက်များ ကူညီထောက်ပံ့သွားမည်

## ထာဝရငြိမ်းချမ်းရေးအတွက် မျှတသောအကျိုးရလဒ်ကောင်းရရှိရေး အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိ

မြစ်ကြီးနား မေ ၆

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့ရှိ လမ်းခွကျေးရွာ လန်ဘရော့ယန် နှစ်ခြင်းဘုရားကျောင်းတွင် ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းသို့ရောက်ရှိပြီး နေရပ်စွန့်ခွာလာရသော ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာကြရသော ပြည်သူများ စားဝတ်နေရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များကို ကူညီထောက်ပံ့ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေး အတွက် စားပွဲဝိုင်းအဖြေရှာမှုဖြင့် ညှိနှိုင်းပြီး မျှတသော အကျိုးရလဒ်ကောင်းရရှိရေးကို အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ၏ ဆန္ဒသဘောထားများကို ရယူပြီး ဆောင်ရွက်ရန်ရှိသည်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လန်ဘရော့ယန်၊ စိန့်ဒေါမနစ်၊ ဧမာနွေလဘုရားကျောင်းများရှိ တိုက်ပွဲရှောင်စခန်းများမှ ငါးနှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ငွေကျပ် ၅၇ သိန်း ငါးသောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ထောက်ပံ့ငွေကျပ် ၁၃ သိန်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကျပ် ၁၇ သိန်း၊ အမျိုးသမီးအိမ်ထောင်ဦးစီးမိသားစုများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ နှင့် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာတစ်လစာ တို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စိန့်ပေါလု (RC) ဘုရားကျောင်းရှိ နေရပ်စွန့်ခွာလာသူပြည်သူများနှင့် တွေ့ဆုံကာ အားပေးနှစ်သိမ့်စကား ပြောကြားသည်။

နေရပ်စွန့်ခွာလာကြသော ပြည်သူများက လိုအပ်ချက်များကို တင်ပြကြရာတွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**လန်ဘရော့ယန် နှစ်ခြင်းဘုရားကျောင်း၌ ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းတွင် နေရပ်စွန့်ပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တွေ့ဆုံအားပေးစကားပြောကြားစဉ်။**

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန** ၏ ဒုတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။

# မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရေး မေ ၆

မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့) အဖြစ် အစုအဖွဲ့အလိုက် ဆွေးနွေးခြင်းများကို ယနေ့တွင် မွန်ပြည်နယ် ရေးမြို့နယ်ရှိ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် နိုင်ငံရေးကဏ္ဍအား အခြေခံမူ ၁၀ ချက်ကို အခြေခံ၍ အဆိုပြုဆွေးနွေးခြင်းများကို ရေးမြို့ ပြည်သူ့အားကစားရုံ၌ လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံရမည့် လူမှုရေးကဏ္ဍအား အခြေခံမူ သုံးချက်ကို အခြေခံ၍ အဆိုပြုဆွေးနွေးခြင်းများကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ဖက်ဒရယ် စီးပွားရေးဆိုင်ရာကဏ္ဍအား အခြေခံမူ ၁၀ ချက်ကို အခြေခံ၍ အဆိုပြုဆွေးနွေးခြင်းများကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့**




ကြေးမုံ

# တွေးခေါ်ကြံဆမှုမြင့်မားသည့် အရင်းအမြစ်

စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု၊ တီထွင်ကြံဆလုပ်ကိုင်တတ်မှု စသည့် အရည်အချင်းရှိသော လူသားအရင်းအမြစ်တစ်ဦးတွင် ပင်ကိုဉာဏ်ရည်ထက်မြက်၍သော်လည်းကောင်း၊ သင်ယူမှုစနစ် ကောင်းမွန်၍သော်လည်းကောင်း တစ်နည်းနည်းဖြင့် ဖြစ်ပေါ်လာသည်။ ထိုနှစ်နည်းတွင် သင်ယူမှုစနစ် ကောင်းမွန်ခြင်းနည်းသည် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်အားလုံးအတွက် အထူးအရေးကြီးသော အချက်ဖြစ်၍ သင်ကြားရေး၊ သင်ယူရေးတွင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရသည်။

ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအဖို့ အခြေခံပညာအဆင့်တွင် တက္ကသိုလ်ဝင်တန်း(ဒသမတန်း)စာမေးပွဲသည် အခြေခံပညာသင်ယူမှုနောက်ဆုံးအဆင့် ပြီးမြောက်ခြင်း သို့တည်းမဟုတ် အဆင့်မြင့်ပညာကို ဆက်လက်သင်ကြားနိုင်မည့် နောက်ဆုံး အဆုံးအဖြတ်ပေးသည့် အရည်အချင်းစစ်စာမေးပွဲဖြစ်သည်။ ဆယ်စုနှစ် လေးခုကျော်ကာလများအတွင်းက ဒသမတန်းစာမေးပွဲများကို အလွတ်ကျက်ပုံစံ၊ တစ်ပွဲတိုးပုံစံဖြင့် ကျောင်းသားအများ ဖြေဆိုခဲ့ကြသည်။ အကျိုးဆက်မှာ အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့် အောင်မြင်ပြီးမြောက်ခဲ့သော်လည်း တွေးခေါ်မြော်မြင်တီထွင်ကြံဆ လုပ်ကိုင်နိုင်မှုအပိုင်းတွင် အများစုမှာ အားနည်းနေသည်ကို တွေ့ရသည်။

ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ကျောင်းများနှင့် ပညာသင်ယူရာ ဌာနအားလုံးတွင် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ပေါက်မြောက်အောင်မြင်စေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ ယနေ့ လုပ်ငန်းခွင်နယ်ပယ်မှ လူ့စွမ်းအားအရင်းအမြစ်အများစုတွင် ပညာရည်လိုအပ်ချက်များရှိနေသည်မှာ တစ်ချိန်က သင်ယူခဲ့သော အလွတ်ကျက်ပုံစံကြောင့်ဟုဆိုလျှင် မှားမည်မထင်ပါ။ ထို့ကြောင့် အလွတ်ကျက်မှတ်မှုထက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကို ဦးစားပေးသော စာမေးပွဲပုံစံတစ်မျိုးအဖြစ် ပြောင်းလဲဆောင်ရွက်လိုက်သည်ကို တွေ့ရသည်။

တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ အလွတ်ကျက်ဖြေဆိုမှု လျော့နည်းစေရန်နှင့် စဉ်းစားတွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာရပ်ကိုးခု၏ မေးခွန်းပုံစံများ ပြောင်းလဲရန် ပညာရေးဝန်ကြီးဌာနက စီစဉ်လိုက်သည်ကို တွေ့ရသည်။ မေးခွန်းပုံစံသစ်များနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြပေးနေသည်ကို စေ့ငုကြည့်သောအခါ မေးခွန်းပုံစံအသစ်များတွင် အလွတ်ကျက်မှတ်မှုထက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကို ဦးစားပေးသော မေးခွန်းများ ပိုမိုပါဝင်လာသည်ကို တွေ့ရသည်။

နှစ်စဉ်ဖြေဆိုနေကျ မေးခွန်းပုံစံများအစား တွေးခေါ်မြော်မြင်နိုင်မှုကို အားပြုသော မေးခွန်းများကို ပိုမိုထည့်သွင်းထားခြင်းသည် မေးခွန်း၏ အနှစ်သာရကို မြင့်မားစေနိုင်မည်ဖြစ်သလို ကျောင်းသား ကျောင်းသူများအဖို့ သင်ယူတတ်မြောက်နိုင်မှုစွမ်းရည်လည်း တိုးတက်လာနိုင်ပါသည်။ စဉ်းစားတွေးခေါ်မှုကို ဦးတည်ဆောင်ရွက်ထားသော မေးခွန်းများကိုအကြောင်းပြု၍ ယခုစာသင်နှစ်တွင် စဉ်းစားတွေးခေါ်မှုကို အခြေခံသော သင်ကြားသင်ယူမှုများကို ပြုလုပ်ကြရတော့မည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအဖို့ စာသင်ခန်းတွင် စဉ်းစားတွေးခေါ်မှုပုံစံဖြင့် ချဉ်းကပ်ဆည်းပူးကြရမည်ဖြစ်ပြီး မိမိတို့၏ စဉ်းစားတွေးခေါ်မှု ရှိလျှင် ရှိသလောက် အကျိုးရှိထိရောက်ပြီး စာသင်ခန်းပြင်ပ နေအိမ်တွင်လည်းကောင်း၊ ကျောင်းပြင်ပ အချိန်ပိုကျူရှင်တွင်လည်းကောင်း အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းသည့် ဘေးထွက်အားစိုက်ထုတ်မှုများ လျော့နည်းသက်သာကာ ဉာဏ်ရည်ဖွံ့ဖြိုးသည့် လူသားအရင်းအမြစ်များ ဖြစ်ထွန်းလာနိုင်သည်။

သို့ဖြစ်ရာ စဉ်းစားတွေးခေါ်မှုကို တည်ဆောက်သည့် စာသင်ခန်းများမှသည် အနာဂတ်မြန်မာနိုင်ငံတော်ကိုတည်ဆောက်မည့် စဉ်းစားတွေးခေါ်တီထွင်ကြံဆနိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြေဆီလွှာစွမ်းအားမြှင့်တင်ရေး သဘာဝသစ်စိမ်းမြေဩဇာမျိုးစေ့ပေးအပ်

**လှိုင်းဘွဲ့ မေ ၆**

လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာအုပ်စု ဘက်စုံအဆင့်မြင့် စံပြကျေးရွာ ဧက ၃၀၀ စိုက်ခင်းတွင် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်သော မြေဆီလွှာစွမ်းအားမြှင့်တင်ရေး သဘာဝသစ်စိမ်းမြေဩဇာမျိုးစေ့ ပေးအပ်ပွဲကို မေ ၅ ရက်က ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးစောမြင့်ဦးနှင့် ပြည်နယ်၊ ခရိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများ အဆင်ပြေစေရန်အတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်းနှင့် တောင်သူများ ကောင်းမွန်စွာ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သောနည်းစနစ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး



ပညာရှင်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားပြီး မြေဆီလွှာ စွမ်းအားမြှင့်တင်ရေး စိုက်ခင်း ဆောင်ရွက်မည့် သဘာဝသစ်စိမ်း မြေဩဇာမျိုးစေ့ တင်း ၂၀ ကို ဆင်းသုခစပါးမျိုးစေ့ထုတ် တောင်သူများကိုယ်စား တာဝန်ရှိသူ တစ်ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ဒေးဒရဲ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို မေ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်နှင့် ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အင်အား ၂၃၉ ဦး တက်ရောက်ခဲ့ကြသည်။

မိမိတို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် သိမ်းဆည်းမြေများအပေါ် စိစစ်ဆောင်ရွက်ရာတွင် မြေပြင်၌ ကြုံတွေ့နိုင်သည့် အခက်အခဲများရှိလာနိုင်ပါကြောင်း၊



ယင်းအခက်အခဲများ ပိုမိုအဆင်ပြေချောမွေ့စွာ ဖြေရှင်းဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံတော်မှ ချမှတ်သည့် မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို ကော်မတီဝင်များအနေဖြင့် ထဲထဲဝင်ဝင် သိရှိရန်လိုအပ်ပြီး မြေစစ်လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း စသည်ဖြင့် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးထက်မြက်အောင်က ပြောသည်။

အဆိုပါကော်မတီအနေဖြင့် နိုင်ငံတော်က သိမ်းဆည်းသည့် လယ်ယာမြေနှင့် အခြားမြေများကို မူလမြေပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့် ကိစ္စရပ်နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ တပ်မြေ သိမ်းဆည်းမှုများနှင့် စပ်လျဉ်းသည့်မူဝါဒများ၊ သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ရန် လျှောက်ထားလာခြင်းများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်များ၊ စွန့်လွှတ်နိုင်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်များ၊ သိမ်းဆည်းထားသည့်ဌာနမှ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်များ၊ စွန့်လွှတ်သည့်မြေများ သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေးလုပ်ငန်းစဉ်များ၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း မြေသိမ်းဆည်းမှုများကိုသာ စိစစ်ဖြေရှင်းဆောင်ရွက်သွားရေး၊ လယ်ယာမြေဖြစ်ပါက (၂၀၁၂)လယ်ယာမြေဥပဒေအရ ဆောင်ရွက်သွားရေး စသည့်အချက်များအပေါ် အခြေခံလျက် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သပြေထွန်း**

## ရေနစ်မြုပ်စပါးစိုက်ခင်းများအတွက် သတိပြုရမည့်အချက်များ ပညာပေးဆွေးနွေး

**မိုင်းယောင်း မေ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရေးအတွက် အကြိုအသိပညာပေး ဆွေးနွေးဟောပြောခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးနှင့် ဝန်ထမ်းများအဖွဲ့က မြေ၊ မျိုး၊ ပိုးမွှားအန္တရာယ် စသည့်အကြောင်းအရာများကို မြို့နယ်အတွင်းမှ ဒေသခံတောင်သူများအား ကွင်းဆင်းပညာပေး ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းပညာပေးဆွေးနွေးရာတွင် ဒေသခံတောင်သူများအား ရေနစ်မြုပ်စိုက်ခင်းများတွင် မြေ၏ သဘာဝအနေအထား ပြောင်းလဲတတ်မှု၊ ၎င်းမြေတွင် စိုက်ပျိုးသင့်သည့် မျိုးစပါးအကြောင်းနှင့် ကျရောက်တတ်သော ပိုးမွှားရောဂါများအကြောင်းကို ပညာပေးဆွေးနွေးခဲ့ပြီး တောင်သူပညာပေး လက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။

မိုးစပါးရာသီတွင် ရေနစ်မြုပ်ရာဒေသများရှိ တောင်သူများ၏ စိုက်ခင်းများ၌ ပိုးမွှားရောဂါ ကျရောက်သည်ဟု ယူဆလာပါက တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်

တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုဟာ နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။

(၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**❒ ရှေ့ဖုံးမှ**

ကျောင်းဖွင့်ရာသီနီးလာပြီဖြစ်သဖြင့် ကလေးငယ်များ စာသင်ကြားခွင့်ရရှိရေး၊ နဂိုမူလနေရာတွင် ကျန်ရှိခဲ့သည့် ကျွဲ၊နွား၊တိရစ္ဆာန်များနှင့် စိုက်ပျိုးသီးနှံများ စနစ်တကျရှိစေရန်အတွက် ကူညီပေးပါရန် တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် စိန့်ပေါလုဘုရားကျောင်းတွင် ခေတ္တခိုလှုံနေသော ကဆုန့်ကျေးရွာ တိုက်ပွဲရှောင်ပြည်သူများမှ အသက်ငါးနှစ်အောက် ကလေးသူငယ်များအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ အမျိုးသမီး အိမ်ထောင်ဦးစီးမိသားစုများအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်းနှင့် ဆန်၊ဆီ၊ဆား၊ပဲ ရိက္ခာတစ်လစာတို့ကို ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာ တြိနိတီဘုရားကျောင်းရှိ တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး တိုက်ပွဲရှောင်ပြည်သူများမှ အသက်ငါးနှစ်အောက် ကလေးသူငယ်များအတွက် ထောက်ပံ့ငွေကျပ် ၆၆ သိန်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ထောက်ပံ့ငွေကျပ် ၂၁ သိန်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကျပ် ၁၆ သိန်း၊ အမျိုးသမီးအိမ်ထောင်ဦးစီးမိသားစုများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ၅ သောင်းနှင့် ဆန်၊ဆီ၊ဆား၊ပဲ ရိက္ခာတစ်လစာတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တွေ့ဆုံ၍ လက်ရှိတိုက်ပွဲများကြောင့် အချို့နေရာများတွင် သွားလာမှုခက်ခဲမှုရှိသည့် ဘေးသင့်ပြည်သူများကို လုံခြုံသောနေရာများသို့ ပြောင်းရွှေ့နိုင်ရေး ပြည်ထောင်စုအစိုးရ၏ အစီအစဉ်ကို တပ်မတော်၊ ပြည်နယ်အစိုးရတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ရာ မန်ဝယ်ကျေးရွာမှ ပြောင်းရွှေ့ပေးရန် လိုအပ်သော ပြည်သူ ၁၅၃ ဦးကို ပြည်နယ်အစိုးရ၏အစီအစဉ်ဖြင့် ကာမိုင်း၊ ဖားကန့်မြို့နယ်များရှိ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများပူးပေါင်း၍ ပထမဦးစွာ ချောင်းဝကျေးရွာမှတစ်ဆင့် စက်လှေများဖြင့် ခေါ်ယူ၍ အင်းတော်ကြီး၊ ရွှေမဥ္ဇူမြမ္မာရုံတွင် ခေတ္တနေထိုင်စေ၍ နောက်ရက်တွင် ၎င်းတို့လိပ်စာပေးထားသော ကာမိုင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ခေတ္တနေထိုင်ရေးနှင့် အချို့ကို ၎င်းတို့၏ မူလနေရာများသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးမည် ဖြစ်ကြောင်း၊ ထိုသူများလတ်တလောစားသုံးရန်နှင့် အခြားလိုအပ်ချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက တစ်ပြိုင်တည်းထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့ရာတွင် ကလေးငယ်များအား အာဟာရမုန့်များပေးဝေခြင်းနှင့် အသက် (၉၀)နှင့်အထက် အဘိုးအဘွားများကိုလည်း သီးခြားစီတွေ့ဆုံ၍ လက်ဝယ်အရောက်ငွေကြေးထောက်ပံ့ခြင်းများလည်း ဆောင်ရွက်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်အတွင်း စုစုပေါင်းထောက်ပံ့ငွေကျပ် ၇၀၈၄၆၁၂၅ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နောင်နန်းကျေးရွာ တြိနိတီဘုရားကျောင်းရှိ တိုက်ပွဲရှောင်ပြည်သူများမှ အသက်(၅)နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ငွေကျပ် ၆၆ သိန်းကို ထောက်ပံ့ပေးအပ်စဉ်။**

## အထူးပြုဘာသာရပ်များ နက်နက်နဲနဲသင်ယူနိုင်ရေး စာများများဖတ်နိုင်အောင် လေ့ကျင့်ပေးရမည်

**ရန်ကုန် မေ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်အုပ်ချုပ်မှု သင်တန်းကျောင်း၌ ဖွင့်လှစ်ကျင်းပသည့် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၃/၂၀၁၈)သို့ သင်ခန်းစာဆွေးနွေးပို့ချသည်။**(ယာပုံ)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆွေးနွေးပို့ချရာတွင် ကမ္ဘာပေါ်တွင် လူ့စွမ်းအားအရင်းအမြစ်များကို အပြိုင်အဆိုင်ပြုစုပျိုးထောင်လျက်ရှိပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ဆရာ၊ ကျောင်းအုပ်၊ မိဘအုပ်ထိန်းသူ၊ ပြည်သူများပူးပေါင်းမှသာ ဆောင်ရွက်၍ရပါကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံများအနေဖြင့် အရည်အသွေးကောင်းမွန်သည့် ပညာရေးစနစ်ကို အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ပညာရေးတွင် အဓိကအရေးအကြီးဆုံးသည် အခြေခံမူလတန်းပညာရေးဖြစ်ပါကြောင်း၊ မွေးဖွားလာသည့်အချိန်မှစ၍ ဘဝတစ်လျှောက်လုံး သင်ယူမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် ပညာရေးမှသာလျှင် ပေးစွမ်းနိုင်မည်ဖြစ်သည့်အတွက် လူတိုင်းအခြေခံပညာသင်ယူပြီးမြောက်ရန် လိုအပ်ပါကြောင်း၊ လူတိုင်းဘဝရပ်တည်မှုအတွက် လိုအပ်သော ကျွမ်းကျင်မှုများရှိရန် လေ့ကျင့်ပေးဖို့လိုအပ်ပါကြောင်း၊ လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်တွင် တစ်ဦးတစ်ယောက်တည်း ရပ်တည်ရန်မဖြစ်နိုင်သည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်တတ်သည့် အသင်းအဖွဲ့စိတ်ဓာတ်များကို မွေးမြူရန်လိုအပ်ပြီး ငြိမ်းချမ်းမှုကို ဦးတည်သည့် လူမှုပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်ရမည်ဖြစ်ပါကြောင်း။

ဘဝတစ်သက်တာသင်ယူမှုသည်လည်း အရေးကြီးပါသဖြင့် များများသင်ယူရန် အခြေခံစာဖတ်၊ စာရေး၊ တွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ပညာရေးတွင် မျှတသည့် အခွင့်အလမ်းများရှိရန် လိုအပ်ပါကြောင်း၊ အထူးပြုနယ်ပယ်ဘာသာရပ်များကိုလည်း နက်နက်နဲနဲသင်ယူနိုင်ရေးအတွက် စာများများဖတ်နိုင်အောင် လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ မတူကွဲပြားမှုများကိုလည်း အပြန်အလှန်လေးစားမှုရှိလာစေရန် သင်ကြားသင်ယူပေးကြရမည်ဖြစ်ပါကြောင်း၊ စက်ရုံများ၊ အလုပ်ရုံများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျောင်းများကို ဆက်စပ်ပေးနိုင်မှသာလျှင် အလုပ်နှင့်လိုက်လျောညီထွေမှုရှိသည့် သင်ယူမှုဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ မူလတန်းပညာရေးသည် အခြေခံပညာရေး၏ အရေးအကြီးဆုံးအုတ်မြစ်ဖြစ်သဖြင့် မူလတန်းပြဆရာ ဆရာမများသည် ရင့်ကျက်ပြီး အတွေ့အကြုံရှိသည့် အရည်အသွေးမြင့်ဆရာ ဆရာမများဖြစ်ရန် လိုအပ်ပါကြောင်း၊ ပညာရေးအရည်အသွေးမြင့်မားလာစေရေး မိဘဆရာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းအပ်နှံရေး ဆောင်ရွက်သည့်အခါတွင် ကျေးလက်နှင့်ဝေးလံသောဒေသများတွင် မွေးစာရင်း၊ သန်းခေါင်စာရင်းများ မပါလျှင်လည်း ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးအရည်အသွေး မြင့်မားစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အားလုံးကဝိုင်းဝန်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသားသင်တန်းသူ ၂၉၇ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဧပြီ ၂၆ ရက်မှ မေ ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဗလာဒီမာပူတင် ကျမ်းသစ္စာကျိန်ဆိုရန် နီးကပ်လာချိန် အစိုးရဆန့်ကျင်ရေးလှုပ်ရှားသူများ ဆန္ဒပြ

**မော်စကို မေ ၆**

ရုရှားနိုင်ငံမြို့တော် မော်စကို၌ အစိုးရဆန့်ကျင်ရေးလှုပ်ရှားသူများက လမ်းများပေါ်ထွက်၍ ဆန္ဒပြကြရာ ရဲတပ်ဖွဲ့က နိုင်ငံရေးလှုပ်ရှားသူ လူပေါင်း ၁၀၀၀ ကျော်ကို ထိန်းသိမ်းခဲ့ရာတွင် အတိုက်အခံခေါင်းဆောင် အလက်ဇီနီဗာလင်မှာလည်း ထိန်းသိမ်းခံရသူများတွင် ပါဝင်ကြောင်း၊ သို့ရာတွင် ၎င်းကို မေ ၆ ရက် နံနက်အစောပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံ၌ ဗလာဒီမာပူတင်က စတုတ္ထမြောက် သမ္မတရာထူးသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုရန်ရှိနေစဉ် မေ ၅ ရက်က အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် မတ်လက ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပြီး သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရသူ ဗလာဒီဗာပူတင်သည် နောက်ထပ်ခြောက်နှစ်တာမျှ ၂၀၂၄ ခုနှစ်အထိ အာဏာကို ဆက်လက်၍ ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်။ ပူတင်၏ စတုတ္ထမြောက် ရာထူးသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုပွဲကို မေလ ၇ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။ ပူတင်သည် ဂျိုးဇက်စတာလင်နောက်ပိုင်း ကာလအရှည်ကြာဆုံး အာဏာစွဲကိုင်နိုင်သူအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ မြို့ကြီး၊ မြို့ငယ် ၉၀ ကျော်တွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပြုလုပ်ကြရန် အတိုက်အခံခေါင်းဆောင် နီဗာလင်က တိုက်တွန်းဆော်ဩခဲ့သည်။ ပူတင်သည် ဇာဘုရင်ကဲ့သို့ အုပ်စိုးသည့် အာဏာရှင်တစ်ဦးဖြစ်သည်ဟု ၎င်းက ဝေဖန်ပြောကြားသည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မိမိပါဝင်ယှဉ်ပြိုင်ခြင်းမပြုနိုင်ရန် ဟုတ်မှန်ခြင်းမရှိသော အကြောင်းပြချက်များအရ မိမိအား ပိတ်ပင်မှုပြုလုပ်ခဲ့ကြောင်း နီဗာလင်က ပြောကြားသည်။

မြို့တော် မော်စကိုရှိ ပူရှကင်စကားယားရင်ပြင်တွင် အစိုးရဆန့်ကျင်ရေးလှုပ်ရှားသူများ အင်အားပြသခဲ့ကြပြီး "ပူတင်ကို အလိုမရှိ" "ဇာဘုရင်ကျဆုံးပါစေ"စသည်ဖြင့် ဆန္ဒပြသူများက ဟစ်ကြွေးခဲ့ကြသည်။

နီဗာလင်သည် ယခင်ကလည်း အစိုးရဆန့်ကျင်မှုဖြင့် ထိန်းသိမ်းခံရခြင်း၊ အကျဉ်းချခံရခြင်းတို့ ရှိခဲ့သည်။

စိန့်ပီတာစဘတ်မြို့၌လည်း ဆန္ဒပြပွဲဖြစ်ပွားခဲ့ကြောင်း၊ မြို့တော်မော်စကို၌ ထိန်းသိမ်းခံရသူ ၇၀၄ ဦး၊ နိုင်ငံတစ်ဝန်းတွင် ထိန်းသိမ်းခံရသူ ၁၆၀၇ ဦးရှိခဲ့ကြောင်း လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားသူများက ပြောကြားကြသည်။



**အေအက်ဖ်ပီ**

# ပါကစ္စတန်ရှိ ကျောက်မီးသွေးတွင်း နှစ်တွင်း ပေါက်ကွဲမှု ဖြစ်ပွား၊ ၂၃ ဦး သေဆုံး

**ကွက်တာ မေ ၆**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကျောက်မီးသွေးတွင်းနှစ်တွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုများ ဖြစ်ပွားခြင်းကြောင့် ၂၃ ဦး သေဆုံးရပြီး ၁၁ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက မေ ၆ ရက်တွင် ပြောကြားကြသည်။

အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့နှင့် နယ်စပ်ချင်းထိစပ်နေသော ဘလူချီစတန်ပြည်နယ် မြို့တော်ကွက်တာ၏ အရှေ့ဘက် မာဝါးစီရင်စုရှိ ကျောက်မီးသွေးတွင်း၌ မေ ၅ ရက် မွန်းတည့်ခါနီးအချိန်တွင် မီသိန်းဓာတ်ငွေ့စုဝေးမှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ကျောက်မီးသွေးတွင်း၌ လုပ်ကိုင်နေသူ ၂၅ ဦးအနက် ၁၆ ဦးမှာ သေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ပြီး နောက်သုံးနာရီမျှ ကြာမြင့်ချိန်တွင် စပင်ကာရက်ဒေသရှိ ကျောက်မီးသွေးတွင်းတွင် အလားတူပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ခုနစ်ဦး သေဆုံးခဲ့ရသည်။

**အေအက်ဖ်ပီ**



# ဖိအားပေးမှုများသည် နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် အကျိုးပြုမည်မဟုတ်ဟု မြောက်ကိုရီးယားခေါင်းဆောင် ပြောကြား

**ပြုံယမ်း မေ ၆**

ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက်ကင်းစင် ပပျောက်စေရေးအတွက် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့က မြောက်ကိုရီးယားနိုင်ငံအား ဖိအားများပေးမှုအပေါ် မြောက်ကိုရီးယားနိုင်ငံက ရှုတ်ချခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မေ ၆ ရက်တွင် နိုင်ငံပိုင် မီဒီယာမှတစ်ဆင့် အထက်ပါအရေးနှင့်ပတ်သက်ပြီး ရှုတ်ချကြောင်း ပြောကြားခဲ့သည်။

နျူကလီးယားလက်နက်ကင်းစင်ပပျောက်စေရန် ပြုံယမ်းအနေဖြင့် တိကျခိုင်မာသော လုပ်ဆောင်ချက်များ လုပ်ဆောင်သည့်တိုင် အမေရိကန်နိုင်ငံအနေဖြင့် ဖိအားပေးသည့်မူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

အမေရိကန်အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များသည် နှစ်နိုင်ငံဆက်ဆံရေးပြန်လည်သင့်မြတ်မှုအပေါ် ထိခိုက်နိုင်ပြီး ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ထို့ပြင် ဝါရှင်တန်အနေဖြင့် စစ်ရေးခြိမ်းခြောက်မှုများနှင့် ဖိအားပေးမူဝါဒများကို ဆက်လက်ကျင့်သုံးမည်ဆိုပါက နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေး သဘောတူညီမှုကို ရရှိနိုင်မည်မဟုတ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

လာမည့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲတွင် အမေရိကန်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ပြေလျော့ပေးနိုင်ရန် ပြုံယမ်းအနေဖြင့် မျှော်လင့်ထားနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောကြားကြသည်။

**အေအက်ဖ်ပီ**

# အင်္ဂါဂြိုဟ်လေ့လာရေး ဂြိုဟ်ဆင်းယာဉ် အမေရိကန်အာကာသအေဂျင်စီ လွှတ်တင်

**ဝါရှင်တန် မေ ၆**

အမေရိကန်အာကာသ အေဂျင်စီ(နာဆာ)သည် ၂၀၁၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အင်္ဂါဂြိုဟ်လေ့လာရေး ဂြိုဟ်ဆင်းယာဉ်တစ်စင်းကို မေ ၅ ရက်တွင် လွှတ်တင်လိုက်ကြောင်း၊ အစီအစဉ်အတိုင်း လုပ်ငန်းစဉ်ချောမွေ့အောင်မြင်မည်ဆိုပါက ယင်းယာဉ်သည် လာမည့်နိုဝင်ဘာ ၂၆ ရက်တွင် အင်္ဂါဂြိုဟ်၏ မြေမျက်နှာပြင်ပေါ်သို့ ဆင်းသက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။


အင်ဆိုက်ဟု အမည်ပေးထားသော အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်ကို အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ ဗန်ဒင်ဘာ့ဂ်လေတပ်စခန်းမှ မေ ၅ ရက် ဂရင်းနစ်စံတော်ချိန် ၁၁ နာရီ ၀၅ မိနစ်တွင် လွှတ်တင်ခဲ့သည်။

ဂြိုဟ်နီကြီးဟုလည်း သိရှိကြသော အင်္ဂါဂြိုဟ်သည် ကမ္ဘာကဲ့သို့သော ကျောက်ဆောင်ထုထပ်သည့် ဂြိုဟ်များတွင်ပါဝင်ပြီး ယင်းဂြိုဟ်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့်က ဖွဲ့စည်းတည်ဆောက်ခဲ့ကြသည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။

အမေရိကန်ဒေါ်လာ ၉၉၃ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော်မည့် အင်္ဂါဂြိုဟ်လေ့လာရေးစီမံကိန်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာကဲ့သို့ ကျောက်ဆောင်ထုထပ်သော အင်္ဂါဂြိုဟ်နှင့်ပတ်သက်၍ သိပ္ပံရေးရာအချက်အလက်များကို ကမ္ဘာ့လူသားတို့ ပိုမိုသိရှိနားလည်စေရန် ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်ချုပ် ဂျင်ဂရင်းက ပြောကြားသည်။

အင်္ဂါဂြိုဟ်ဆင်းယာဉ်ပေါ်၌ အဓိကပါရှိသော စက်ကိရိယာမှာ မြေငလျင်လှိုင်းတိုင်းတာရေး ဆိုက်စမိုမီတာဖြစ်ကြောင်း၊ အင်္ဂါဂြိုဟ်ပေါ်တွင် မကြာခဏ မြေငလျင်လှုပ်တတ်ပြီး တောင်ပြိုမှုများလည်းဖြစ်ပေါ်တတ်သဖြင့် ယင်းဂြိုဟ်၏ မြေပြင်လှုပ်ရှားမှုအခြေအနေကို အဓိက စူးစမ်းလေ့လာမည်ဖြစ်ကြောင်း၊ အင်္ဂါဂြိုဟ်ပေါ်သို့ ဂြိုဟ်ဆင်းယာဉ်ဆင်းသက်ပြီးနောက် မကြာမတင်မှာပင် ဂြိုဟ်ဆင်းယာဉ်၏ စက်ရုပ်လက်မောင်းတန် ပေါ်ထွက်လာမည်ဖြစ်ပြီး ဆိုက်စမိုမီတာ စက်ကိရိယာကို ဂြိုဟ်မျက်နှာပြင်ပေါ်သို့ သယ်ချပေးရန် စီစဉ်ထားကြောင်း ဂျင်ဂရင်းက ပြောကြားသည်။

ဂြိုဟ်ဆင်းယာဉ်၏ ဒုတိယအရေးကြီးဆုံး လုပ်ငန်းတာဝန်မှာ အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ် အပူလှိုင်းစီးဆင်းမှုကို လေ့လာရန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ နာဆာသည် ၂၀၁၂ ခုနှစ်တွင် 'ကျူရီယော့စတီ' အမည်ရှိ ရိုဗာယာဉ်တစ်စင်းကို အင်္ဂါဂြိုဟ်သို့ စေလွှတ်ခဲ့သည်။ **အေအက်ဖ်ပီ**



# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စမ်းလှမ်းကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုအားပေး



**နေပြည်တော် မေ ၆**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်ရှိ စမ်းလှမ်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စမ်းလှမ်းကျေးရွာရှိ သီရိအဏ္ဏဝါကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော် ဦးသုမနအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ကျောင်းတိုက်အတွင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်လျက်ရှိသည့် ဓမ္မာရုံဆောက်လုပ်ဆဲ အခြေအနေများကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စမ်းလှမ်းကျေးရွာရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ ဆောက်လုပ်လှူဒါန်းထားသည့် အဏ္ဏဝါအလင်းတန်း စာကြည့်တိုက်သို့ ရောက်ရှိကြရာ စာကြည့်တိုက်တာဝန်ခံမှ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများ သုတ၊ ရသ စာအုပ်စာပေများ ဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုကြသည်။ ထို့နောက် စမ်းလှမ်းကျေးရွာ၏ ဆက်သွယ်မှုအဆင်ပြေစေရန်အတွက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ဆောက်လုပ်ပေးထားသည့် တယ်လီဖုန်းရုံးသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ စမ်းလှမ်းကျေးရွာသည် ၂၀၁၇ ခုနှစ် ဇွန် ၇ ရက်က တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 မတော်တဆဖြစ်စဉ်၌ တပ်မတော်မှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာမှ ဒေသခံပြည်သူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက မိမိတို့တတ်နိုင်သည့်ဘက်မှ အားတက်သရော နေ့၊ ညမပြတ် စေတနာ သဒ္ဒါတရားထက်သန်စွာဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြသဖြင့် အဆိုပါကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်မှလည်း တတ်နိုင်သည့်ဘက်မှ အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့်အတူ မေ ၅ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အနောက်ဘက် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့ရှိ ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်း၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ ပြည်ပသို့ တင်ပို့ရောင်းချနေမှုအခြေအနေ၊ ပြည်တွင်းသို့ ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံရရှိလာစေရေး အခွင့်အလမ်းများ ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုအခြေအနေနှင့် ထိန်းချုပ်ခန်းအတွင်း သဘာဝဓာတ်ငွေ့ ထိန်းချုပ်ပို့လွှတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ Daewoo International Corporation၊ ONGC Videsh Ltd.၊ GAIL (India) Ltd.၊ Korea Gas Corporation တို့နှင့်အတူ China National United Oil Corporation မှ သဘာဝဓာတ်ငွေ့တင်ပို့ခြင်းနှင့် ဝယ်ယူခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းစီမံကိန်းမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို ပြည်တွင်း၌အသုံးပြုရန် ဖြန့်ဖြူးပေးနေသည့်အပြင် ကုဗပေသန်း ၄၀၀ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အချင်းလက်မ ၄၀ ရှိ ဓာတ်ငွေ့ပိုက်လိုင်းဖြင့် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**○ မွန်လူမျိုးမှ**

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအား အခြေခံမူသုံးချက်ကို အခြေခံ၍ အဆိုပြုဆွေးနွေးခြင်းများကို တစ်ပလ္လင်နှစ်ဆူဓမ္မာရုံ၌လည်းကောင်း ကိုယ်စားလှယ်အသီးသီးတို့က အစုအဖွဲ့အလိုက် ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲကို မေ ၅ ရက်မှစတင်ကာ သုံးရက်ကြာ ကျင်းပလျက်ရှိပြီး အစုအဖွဲ့အသီးသီးမှ ဆွေးနွေးပွဲကိုယ်စားလှယ်တော် ၅၀၀ တို့တက်ရောက်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ သတ်မှတ်ထားသည့် ဆွေးနွေးမှုကဏ္ဍလေးရပ်ကို သက်ဆိုင်ရာအစုအဖွဲ့များအလိုက် ပေါင်းစပ်အဆိုပြု ဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**○ စိုက်ပျိုးရေးမှ**

မြေသားတမံအမျိုးအစား ဖြစ်သည်။ တမံရေပြည့်ရေလှောင်ပမာဏမှာ ၁၇၃၅ ဧကပေ ၄၇၁ ဒသမ ၅၉ ဂါလန်သန်း သိုလှောင်ထားနိုင်ကြောင်း သိရှိရသည်။

“ကျောက်တန်းမြို့နယ်ဟာ ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းအကြားမှာရှိတဲ့အတွက် နှစ်တစ်ဝက်ကျော် ရေငန်များ ဝန်းရံနေပြီး ရေချိုရှားပါးသော ဒေသဖြစ်ခဲ့တယ်၊ တစ်နှစ်ပတ်လုံး မိုးရေချိန် ၁၀၀ လက်မကျော် ရွာသွန်းတဲ့ မိုးရေကိုသာ သိုလှောင်ဧရိယာ ၂၉၀ ကျော်မှာ သိုလှောင်ပေးထားတဲ့ တိုက်ရိုက်မိုးရေခံ ရေလှောင်တမံတစ်ခုအနေနဲ့ တည်ဆောက်ပေးထားခဲ့ပါတယ်၊ တမံထဲမှာ သိုလှောင်ပေးထားတဲ့ ရေချိုတွေကို ကျောက်တန်းမြို့နယ် ဒေသခံတွေ သောက်သုံးရေ ပြတ်လပ်မှုမရှိစေဖို့ အဓိကရည်ရွယ်ထားရှိပါတယ်၊ ကျောက်တန်းစက်မှုဇုန်အပြင် သီလဝါ အထူးစီးပွားရေးဇုန်ကပါ စက်မှုလုပ်ငန်းသုံး ရေထပ်မံလိုအပ်လာပါက ဖြည့်တင်းရေရရှိလိုကြောင်း ကမ်းလှမ်းလာတဲ့အတွက် တမံရဲ့တောင့်တင်းခိုင်မာမှုကို စစ်ဆေးပြီး၊ ရေလှောင်တမံအတွင်း သိုလှောင်ရေသတ်မှတ်အမြင့်ကျော်လွန်ပါက အလိုအလျောက် ထုတ်နုတ်ပေးစေနိုင်တဲ့ ရေတံခါးချပ်များကိုတပ်ဆင်ပြီး ရေအမြင့်နှစ်ပေ မြှင့်တင်သိုလှောင်ပေးထားခဲ့ပါတယ်”ဟု တောင်ပိုင်းခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က ပြောသည်။

ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက်တွင်နေထိုင်သော ဒေသခံ ဦးခင်ငြိမ်းက “ကျွန်တော်တို့ ကျောက်တန်းမြို့နယ်ဟာ ရေချိုရှားပါးတဲ့အတွက် မြို့ပေါ်ရပ်ကွက်များက မြို့အဝင် ဆင်ကန်ကရေကို သောက်သုံးကြရတယ်၊ ဒါပေမယ့် တစ်မြို့လုံးအတိုင်းအတာအနေနဲ့ လုံလောက်မှုမရှိခဲ့ပါဘူး၊ ဘန့်ဘွေးကုန်းရေလှောင်တမံကြီး တည်ဆောက်ပြီးတော့ ဆင်ကန်ရေအပြင် ထပ်မံလိုအပ်တဲ့ သောက်သုံးရေချိုများကို ရေလှောင်တမံကနေသွယ်ယူပြီး သောက်သုံးခဲ့ရပါတယ်၊ ဘန့်ဘွေးကုန်းရေလှောင်တမံကရေဟာ မိုးရေကို တိုက်ရိုက်သိုလှောင်ထားတဲ့အတွက် သန့်ရှင်းတဲ့သောက်သုံးရေအဖြစ် အလွန်အဆင်ပြေပါတယ်” ဟု ပြောသည်။

ရေလှောင်တမံမှ ပို့လွှတ်ရေဖြင့် နွေစပါးစိုက်ပျိုးသော ညောင်းဝိုင်းကျေးရွာနေတောင်သူ ဦးဝင်းမြင့်မှ “ကျွန်တော်က ဒီရေလှောင်တမံကနေ ပို့လွှတ်ရေဖြင့် နှစ်စဉ်နွေစပါးစိုက်ပျိုးနေတဲ့ တောင်သူတစ်ဦးဖြစ်ပါတယ်၊ စိုက်ပျိုးဖို့မြေပြုပြင်ပျိုးထောင်ချိန်ကနေ ရိတ်သိမ်းချိန်အထိ ရေအတွက် မပူပင်ခဲ့ရတဲ့အတွက် အထူးကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

ဘန့်ဘွေးကုန်းရေလှောင်တမံမှ စိုက်ပျိုးရေ၊ စက်မှုလုပ်ငန်းသုံးရေနှင့် သောက်သုံးရေအပြင် သီလဝါ အထူးစီးပွားရေးဇုန်၏ ရေထပ်မံလိုအပ်လာပါက ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေးအတွက် နှစ်ပေမြှင့်တင်သိုလှောင်ခြင်းဖြင့် သိုလှောင်ရေပမာဏ ၄၄၀ ဧကပေ ၁၁၉ ဒသမ ၆ ဂါလန်သန်း ပိုမိုသိုလှောင်ပေးထားနိုင်ခဲ့ကြောင်း၊ ယခင်နှစ်က ဘန့်ဘွေးကုန်းရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေဂါလန် ၁၈၅ ဒသမ ၆၄ သန်း ၊ ကျောက်တန်းမြို့နေပြည်သူများအတွက် ရေဂါလန် ၁၃ ဒသမ ၆၉ သန်း၊ သင်္ဘောဖျက် စက်ရုံသို့ ရေဂါလန် ၄၀ ဒသမ ၈၆ သန်း ပံ့ပိုးပေးဝေခဲ့ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်မှ လိုအပ်လာပါက တစ်နေ့လျှင် ဂါလန် ၀ ဒသမ ၂၂ သန်း ပံ့ပိုးပေးဝေသွားနိုင်မည်ဖြစ်ကြောင်းနှင့် ကျန်ရေပမာဏများကို ဒေသခံပြည်သူများ သောက်သုံးရေချို မပြတ်လပ်စေရေးအတွက် သိုလှောင်ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ညီညီသန်း (နေပြည်တော်)**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဇီဝဗေဒဘာသာရပ် မေးခွန်းပုံစံသစ်မိတ်ဆက်

ဒေါက်တာသီတာလေးသွယ်၊ ပါမောက္ခ(ဌာနမှူး)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ပညာရေးဝန်ကြီးဌာနသည် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သင်ယူတတ်မြောက်မှု အရည်အသွေး အခြေအနေကို ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ဆန်းစစ်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် စာမေးပွဲမေးခွန်းလွှာပုံစံပြောင်းလဲခြင်းကိုလည်း ဆောင်ရွက်နေပါသည်။ စာမေးပွဲမေးခွန်းလွှာသည် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အခြေအနေကို တိုင်းတာသိရှိနိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည့်အလျောက် သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေးတွင် အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် ဆရာ ဆရာမများ၏ သင်ကြားပို့ချမှုကိုလည်း ပိုမိုကောင်းမွန်စေရန် အားပေးမှုပြုနိုင်ပါသည်။

ဇီဝဗေဒဘာသာရပ်၏ မေးခွန်းပုံစံသစ်သည် ပညာရေးဝန်ကြီးဌာန၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး ဦးတည်ချက်နှင့် လိုက်လျောညီထွေစွာ ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့ပါးစေရေး၊ စဉ်းစားတွေးခေါ်မြော်မြင်မှု (Critical thinking) အရည်အသွေးရရှိရန်နှင့် ထိုအရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန် ပြောင်းလဲထားခြင်း ဖြစ်ပါသည်။

ပြောင်းလဲသည်ဟုဆိုရာတွင် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိစေရန် ဂရုပြုလျက် ယခင်မေးခွန်းပုံစံကိုအခြေခံ၍ ပိုမိုကောင်းမွန်ပြီး ကျောင်းသား ကျောင်းသူ အရည်အသွေးအလွှာစုံအတွက် ကြိုးစားဖြေဆိုနိုင်ရန် အခွင့်ရှိသော မေးခွန်းပုံစံသစ်ကို ဖြည့်စွက်ပြုပြင်ပြောင်းလဲခြင်း ဖြစ်ပါသည်။ ယခင်မေးခွန်းပုံစံနှင့် မေးခွန်းပုံစံသစ် တို့ကိုဇယား(၁)တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား(၁) ယခင်မေးခွန်းပုံစံနှင့် မေးခွန်းပုံစံသစ်နှိုင်းယှဉ်ခြင်း**

| ယခင်မေးခွန်းပုံစံ | | | မေးခွန်းပုံစံသစ် | | |
|---|---|---|---|---|---|
| Q No. | Question Type | Mark | Q No. | Question Type | Mark |
| 1 | State TRUE or FALSE to the following statements. Do not copy the statements.(1 mark × 20 statements) | 20 marks | 1 | State TRUE or FALSE to the following statements. Do not copy the statements.(1 mark × 10 statements) | 10 marks |
| | | | 2 | Choose the correct answer for the following statements. Do not copy the statements.(1 mark × 10 statements) | 10 marks |
| 2 | Complete the following statements with appropriate words. Do not copy the statements.(1 mark × 20 statements) | 20 marks | 3 | Complete the following statements with appropriate words. Do not copy the statements.(1 mark × 10 statements) | 10 marks |
| 3 | Answer ALL questions. (2 marks × 6 questions)Given a., b., c., d.,e., f. | 12 marks | 4 | Answer ALL questions.(2 marks × 5 questions)Given a., b., c., d.,e. | 10 marks |
| 4 | Answer ANY FOUR questions. (4 marks × 4 questions)Given a., b., c., d.,e. | 16 marks | 5 | Answer ANY FOUR questions.(5marks × 4 questions) Given a., b., c., d.,e. | 20 marks |
| 5 | Answer ANY FOUR questions.(8 marks × 4 questions) Given a., b., c., d., e.,f. | 32 marks | 6 | Answer ANY FOUR questions.(10 marks × 4 questions) Given a., b., c., d., e.,f. | 40 marks |
| | Total | 100 marks | | | 100 marks |

**မေးခွန်းပုံစံသစ်**

မေးခွန်းပုံစံသစ်တွင် မေးခွန်းအမှတ်စဉ်(Question No. 1 - 6) စုစုပေါင်း (၆)ခု ပါဝင်ပါသည်။

⁎ Question No.1 တွင် အမှား၊ အမှန်(TRUE or FALSE)ဖြေဆိုရသော ပုဒ်ခွဲငယ် (၁၀)ခု (i to x)ကို တစ်ခုလျှင် (၁)မှတ်နှုန်းဖြင့် ပေးမှတ်(၁၀) မှတ် ဖြစ်ပါသည်။

⁎ Question No.2 တွင် အဖြေမှန်(correct answer)ရွေးချယ်ရသည့် (Multiple choice)ပုဒ်ခွဲငယ် (၁၀)ခု (i to x)ကို တစ်ခုလျှင် (၁)မှတ်နှုန်းဖြင့် ပေးမှတ် (၁၀)မှတ် ဖြစ်ပါသည်။ ပုဒ်ခွဲငယ်တစ်ခုလျှင် ရွေးချယ်ရန်စကားလုံး (၄) လုံးကို (a, b, c, d) ဟူ၍ ကွင်းထဲတွင်ပေးထားမည်ဖြစ်ပြီး အဖြေမှန်(correct answer) ပုဒ်ခွဲငယ်(a သို့ b သို့ c သို့ d)ကို ပုဒ်ခွဲငယ်နံပါတ်(i to x)နှင့်အတူ ဖော်ပြဖြေဆိုရမည်ဖြစ်ပါသည်။ အဖြေမှန်ကို ပြန်လည်ကူးယူပေးရန်မလိုပါ။

⁎ Question No.3 တွင် ကွက်လပ်ဖြည့်ခြင်းအတွက် ပုဒ်ခွဲငယ်(၁၀)ခု (i to x)ကို တစ်ခုလျှင် (၁)မှတ်နှုန်းဖြင့် ပေးမှတ် (၁၀)မှတ် ဖြစ်ပါသည်။

⁎ Question No.4 တွင် ‘Answer ALL questions.’ဟူ၍ ပုဒ်ခွဲငယ် (၅) ခုအတွက် ပုဒ်ခွဲငယ်တစ်ခုလျှင် (၂) မှတ်ဖြင့် စုစုပေါင်း (၅)ပုဒ်အတွက် ပေးမှတ် (၁၀)မှတ် ဖြစ်ပါသည်။ ရွေးချယ်ခွင့်အဖြစ် ပုဒ်ခွဲငယ် d နှင့် f အသီးသီးကို(or)ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံပေးထားပါမည်။

⁎ Question No.5 တွင် ‘Answer ANY FOUR questions.’ဟူ၍(a, b, c, d, e) ဟု ပုဒ်ခွဲငယ် (၅)ပုဒ်ကို တစ်ပုဒ်လျှင် (၅)မှတ်နှုန်းဖြင့် နှစ်သက်ရာ (၄)ပုဒ် စုစုပေါင်းပေးမှတ် အမှတ်(၂၀)အတွက် ရွေးချယ်ဖြေဆိုရန် မေးထားပါမည်။ ရွေးချယ်ခွင့်အနေဖြင့် မေးခွန်းပုဒ်ခွဲငယ်တစ်ခု (ပုဒ်ခွဲငယ် e)ကို ထည့်ပေးထားပြီး ပုဒ်ခွဲငယ် d နှင့် e အသီးသီးအတွက်(or)ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံမေးထားပါမည်။

⁎ Question No.6 တွင်‘Answer ANY FOUR questions.’ဟူ၍(a, b, c, d, e, f)ဟု ပုဒ်ခွဲငယ် (၆) ပုဒ်ပေးထားမည်ဖြစ်ပြီး မိမိနှစ်သက်ရာ (၄)ပုဒ်ကို ရွေးချယ်ဖြေဆိုမှုအတွက် တစ်ပုဒ်လျှင် (၁၀)မှတ်နှုန်းဖြင့် စုစုပေါင်းပေးမှတ် အမှတ်(၄၀)ဖြစ်ပါသည်။ ရွေးချယ်ခွင့်အဖြစ် ပုဒ်ခွဲငယ်(၂)ပုဒ်(e, f)ကို ထားရှိပြီး ထိုပုဒ်ခွဲငယ် အသီးသီးအတွက်(or)ခံ၍ မေးခွန်းတစ်ပုဒ်စီ ပေးထားပါမည်။

မေးခွန်းပုံစံသစ်တွင် မေးခွန်းအမှတ်စဉ်(Question No.1 - 6)ရှိရာ မေးခွန်းတိုင်းကို ဇီဝဗေဒဘာသာရပ် (Biology)ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁ မှ ၁၂ (Chapter 1 - 12)အစဉ်လိုက် ပါဝင်စေမည်ဖြစ်ပြီး ဇီဝဗေဒဘာသာရပ်တွင် အကျုံးဝင်သည့် ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်အသီးသီးကို မျှတစွာ ဖွဲ့စည်းတည်ဆောက်ပေးမည် ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများ၏ အနှစ်ချုပ်(SUMMARY)မှ မေးခွန်းထုတ်မည်မဟုတ်ပါ။ မေးခွန်းများသည် ကျောင်းသား ကျောင်းသူများအတွက် သင်ယူတတ်မြောက်မှုအရည်အသွေး မြင့်မား၍ စဉ်းစားတွေးခေါ် မြော်မြင်နိုင်မှု အရည်အသွေးကောင်းမွန်မှုကို ဦးတည်သည့်နည်းတူ အရည်အသွေးအမျိုးမျိုးသော ကျောင်းသား ကျောင်းသူများအတွက် လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်းမရှိစေဘဲ မိမိအရည်အချင်းအလိုက် ဖြေဆိုရန် လျော်ညီသော မေးခွန်းအမျိုးမျိုး ပါဝင်မည်ဖြစ်ပါသည်။ မေးခွန်းပုံစံသစ်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မေးခွန်းနှင့်ကိုက်ညီသော ဖြေဆိုမှုပုံစံဖြင့်ဖြေဆိုကြရန် သတိပြုစေချင်ပါသည်။ ဆိုလိုသည်မှာ မိမိက ပြဋ္ဌာန်းစာအုပ်မှ အပိုဒ်အလိုက် အလွတ်ကျက်မှတ်ပြီး ကျက်ထားသည့်အတိုင်း စာပိုဒ်ကို ရေးချဖြေဆိုခြင်း မဟုတ်ဘဲ မေးခွန်းအသွားအလာတွင်မူတည်၍ ဆီလျော်သည့်ဖြေဆိုမှု(ဥပမာ- အလွတ်ကျက်မှတ်ထားသည့် စာပိုဒ်တွင်ပါဝင်သည့် အကြောင်းအရာအလိုက် သီးခြားခေါင်းစဉ်ငယ်ဖြင့် ထုတ်နုတ်ဖြေဆိုပြနိုင်ခြင်း)ကို ပြုလုပ်ရမည် ဖြစ်ပါသည်။ သို့မှသာ မိမိတို့၏ သင်ယူတတ်မြောက်မှု၊ မေးခွန်းကို သဘောပေါက်နားလည်မှုနှင့် စဉ်းစားတွေးခေါ် မြော်မြင်နိုင်မှုအရည်အသွေးများ ပေါ်လွင်စေမည်ဖြစ်ပါသည်။

**အဓိကသတိပြုရမည့်အချက်များ**

ယခုမေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အဓိကသတိပြုရမည့်အချက်များကို ထုတ်နုတ်ဖော်ပြရလျှင်-

(၁) မေးခွန်းအမှတ်စဉ်(၂)တွင် အဖြေမှန်(correct answer)ရွေးချယ်ခြင်း (Multiple choice)မေးခွန်းပုံစံသစ်တိုးလာခြင်း၊

(၂) မေးခွန်းအမှတ်စဉ်(၅) (ယခင်အမှတ်စဉ် ၄)တွင် ယခင်ပေးမှတ် တစ်ပုဒ်လျှင် (၄)မှတ်မှ ယခုမေးခွန်းပုံစံသစ်တွင် ပေးမှတ်တစ်ပုဒ်လျှင် (၅)မှတ်သို့ ပြောင်းလဲထားခြင်း၊

(၃) မေးခွန်းအမှတ်စဉ်(၆) (ယခင်အမှတ်စဉ် ၅)တွင် ယခင်ပေးမှတ် တစ်ပုဒ်လျှင် (၈)မှတ်မှ ယခုမေးခွန်းပုံစံသစ်တွင် ပေးမှတ်တစ်ပုဒ်လျှင် (၁၀)မှတ်သို့ ပြောင်းလဲထားခြင်းတို့ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မေးခွန်းအမှတ်စဉ်(၅) နှင့် (၆)အတွက် ပေးမှတ်နှင့်လျော်ညီသော ဖြေဆိုမှုပြုနိုင်ရန် လိုအပ်ပါသည်။

မေးခွန်းပုံစံသစ်သည် အလွတ်ကျက်မှတ်ခြင်းကို လိုအပ်သည်ထက်ပို၍ မကျင့်သုံးရန်၊ ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးကို လေ့ကျင့်ပေးရန်နှင့် ဖော်ထုတ်ပေးရန်ရည်ရွယ်ပါသည်။

စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးသည် စိတ်ကူးသစ်များ ရရှိနိုင်ခြင်း၊ သင့်လျော်မှန်ကန်ကောင်းမွန်သော ဆုံးဖြတ်ချက်ကိုချနိုင်ခြင်း၊ ထိုးထွင်းသိမြင်တီထွင်ကြံဆနိုင်သည့် အရည်အသွေးကို နှိုးဆွပေးနိုင်ခြင်း စသည်တို့ကို အထောက်အပံ့ပြုပါသည်။ မည်သည့်ပညာရပ်ကို လေ့လာသည်ဖြစ်စေ၊ မည်သည့်အလုပ်အကိုင်ကို လုပ်ကိုင်သည်ဖြစ်စေ၊ မည်သည့်စီမံခန့်ခွဲမှုကို ပြုသည်ဖြစ်စေ၊ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု မြင့်မားသည်နှင့်အမျှ ကောင်းမွန်သောအလုပ်ပြီးမြောက်မှုနှင့် အောင်မြင်မှုများ ရရှိပါလိမ့်မည်။

သို့ပါ၍ ကျောင်းသား ကျောင်းသူများ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု မြင့်မားလာစေရေး လေ့ကျင့်ပေးရန်နှင့် ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ် မြော်မြင်နိုင်မှုအရည်အသွေးကို ဖော်ထုတ်ပေးနိုင်ရန်အတွက် (၂၀၁၉)ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် မေးခွန်းပုံစံသစ်ကို ယခင်မေးခွန်းပုံစံတွင်အခြေခံ၍ လိုအပ်သလို အနည်းငယ်ပြုပြင်ပြောင်းလဲထားပါကြောင်းနှင့် နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ၁၀-၅-၂၀၁၈ ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

## ဧရာဝတီမြစ်ရေ မြင့်တက်

**နေပြည်တော် မေ ၆**

ဧရာဝတီမြစ်ရေသည် မေ ၆ ရက် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၃၉၅ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး တစ်ရက်အတွင်း ခြောက်ပေခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် လေးပေမှ ငါးပေခန့်၊ နောက်သုံးရက်မှ ခုနစ်ရက်အတွင်း သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ နောက်ခြောက်ရက်မှ ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများ အနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း အကြံပြုထားသည်။ **ကြေးမုံ**

## အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲ ကျင်းပ

**တံတား မေ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော “အေးချမ်းသာယာပြည်မြန်မာ”ရောင်စုံဓာတ်ပုံပြပွဲကို မေ ၆ ရက် နံနက် ၉ နာရီက ရုံးခန်း၌ကျင်းပရာ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ တံတားမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြရာ တံတားပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးလွင်က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **တံတား(ပြန်/ဆက်)**

# ကျန်းမာရေးမလွှိုင်မြှင့်တင်ဖို့ လက်တွဲညီညာဆောင်ရွက်စို့

မင်းလပြည့်

**ကျန်းမာရေးအသိကြွယ်ဝရေး လက်ဆင့်ကမ်းလှုံ့ဆော်ပေးရန် တာဝန်ရှိ**

ယနေ့မြန်မာနိုင်ငံတော်အစိုးရအပါအဝင် ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတို့၏ စီးပွားရေး၊ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေးအတွက် အရှိန်အဟုန်ဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှသာ နိုင်ငံတော်၏လွတ်လပ်ရေး တည်တံ့ခိုင်မြဲစေရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအား အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်သော လူမျိုးများဖြစ်ရေးအတွက် ပြည်သူလူထုများအား ကျန်းမာရေးအသိကြွယ်ဝရန်အတွက် လက်ဆင့်ကမ်းလှုံ့ဆော်ပေးရန် တာဝန်ရှိသည်ဟု ခံယူမိပါသည်။

ကျွန်ုပ်တို့လူသားများ၏ အဓိကအကျဆုံးလိုအပ်ချက်က အဘယ်နည်း။ ကျန်းမာကြံ့ခိုင်ခြင်းနှင့် ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးပင်ဖြစ်ပါသည်။ ကျန်းမာရေး၏အရေးကြီးပုံကို ဗုဒ္ဓမြတ်စွာဘုရားမှ အာရောဂျပရမံလာဘံ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဟောဖော်ညွှန်ပြခဲ့ပါသည်။ ရခိုင်သူမြတ်၏ လောကသာရပျို့၌လည်း "အသက်ရှည်စွာ အနာမဲ့ကြောင်းကောင်းလှစေချင်" ဟု ဖွဲ့ဆိုထားပါသည်။

ကျန်းမာရေးဆိုရာ၌ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သောက်သုံးရေသန့်ရှင်းရေး၊ သန့်စင်ခန်းသန့်ရှင်းရေး ကောင်းမွန်မှသာ ကျန်းမာမည်ဖြစ်ပါသည်။ လူတစ်ဦးသည် ကျန်းမာနေရုံနှင့်မပြီး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရန်အတွက် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင် သန်စွမ်းရန်လည်း လိုအပ်ပါသည်။ ကျန်းမာကြံ့ခိုင်မှသာ စိတ်သွားတိုင်းကိုယ်ပါ ရည်မှန်းချက်များကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လူသားတိုင်း ကျန်းမာမှ ပညာဆည်းပူးနိုင်ခြင်း၊ ကောင်းမွန်စွာ အလုပ်လုပ်နိုင်ခြင်းဖြစ်ပြီး တိုးတက်သောဘဝကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိနိုင်ငံနှင့် လူမျိုးအား အလုပ်အကျွေးပြုနိုင်ရေးအတွက် ကျန်းမာကြံ့ခိုင်ရန် လိုအပ်ပါသည်။ ကုဋေရှစ်ဆယ် သူဌေးသားဖြစ်စေကာမူ ကျန်းမာရေးချို့တဲ့ပါက ပျော်ရွှင်မှုနှင့် ကင်းဝေးရပေမည်။ လူတစ်ဦးချင်းမှ မိသားစုတစ်စုချင်း မြို့နယ်မှသည် ခရိုင်တစ်ခုချင်းစီအထိ ကျန်းမာရေးကို အလေးအနက်ထားဆောင်ရွက်ပါက ကျန်းမာကြံ့ခိုင်သောလူမျိုးများ ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါသည်။ မြင့်မားသော တောင်တန်းကြီးများ၊ နက်ရှိုင်းသော ပင်လယ်ပြင်ကြီးများဖြစ်စေကာမူ ကျန်းမာကြံ့ခိုင်ခြင်း၊ စိတ်ဓာတ်ခိုင်မြဲခြင်းရှိပါက မည်သူမဆို အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်ဖြစ်ပါသည်။

**အားကစားဖြင့် မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့**

အတိတ်ကာလက ကျွန်ုပ်တို့နိုင်ငံသည် ကျန်းမာကြံ့ခိုင်သောနိုင်ငံဖြစ်ခဲ့ပါသည်။ အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားများ၊ ထိုးကွင်းမင်ကြောင်နှင့် ယောကျ်ားပီသသော လူမျိုးများဖြစ်ခဲ့ပါသည်။ မီးပုံးပျံဦးကျော်ရင်ကဲ့သို့ စွန့်စားသော ယောကျ်ားကောင်းများ ပေါ်ထွန်းခဲ့ပါသည်။ သမိန်ဗရမ်း၊ ဗိုလ်ကြွမ်ဘိ၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြတ်ထွန်းတို့ကဲ့သို့ ကျန်းမာကြံ့ခိုင်သည့် သူရဲကောင်းများ ပေါ်ထွန်းခဲ့သောကြောင့် နယ်ချဲ့အင်္ဂလိပ်မှ သုံးကြိမ်တိုင်တိုင် တိုက်ခိုက်သိမ်းပိုက်ခဲ့ရပါသည်။ နိုင်ငံ့ဂုဏ်ဆောင်သည့် အားကစားပြိုင်ပွဲများ၌လည်း ရွှေခေတ်ရောက်သည်အထိ သမိုင်းထွန်းပြောင်စေခဲ့ပါသည်။ လက်ဝှေ့တွင် မောင်သောင်း၊ ရေကူးတွင် တင်မောင်နီ၊ ပြေးခုန်ပစ်တွင် ဂျယ်နီဖာတင်လေး၊ ဦးသန့်စင်၊ ဒေါ်သန်းသန်း၊ ဘောလုံးတွင် ကိုး ဦးတင်အောင်၊ ဦးအေးမောင်ကြီး၊ ဦးအေးမောင်လေး၊ ဦးလှဌေး၊ ဦးမျိုးဝင်းညွန့်၊ ဗဟာဒူး၊ ဂျူဒိုအားကစားတွင် ဒေါ်ခင်မူမူ၊ အာရှဝူရှူးအားကစားတွင် ဒေါ်ဆွေဆွေသန်း၊ ဘော်လီဘောအားကစားတွင် ဦးစိုးသိန်း၊ ဦးအုန်းရှိန်၊ အလေးမအားကစားတွင် ဦးဇော်ဝိတ်၊ ဒေါ်ဆွေဆွေဝင်း စသည်တို့ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြပါသည်။

၁၉၆၆ ခုနှစ်၊ ၁၉၇၀ ပြည့်နှစ်များက ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသော ပဉ္စမအကြိမ်နှင့် ဆဌမအကြိမ် အားကစားပြိုင်ပွဲတွင်လည်း မြန်မာဘောလုံးအသင်းအနေဖြင့် နှစ်ကြိမ်တိုင်တိုင် အာရှချန်ပီယံဖြစ်ခဲ့ပါသည်။ ထို့အပြင် ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃ ခုနှစ်တွင် ကျင်းပသော အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းအနေဖြင့် ငါးနှစ်ဆက်တိုက် ချန်ပီယံ ဖြစ်ခဲ့ပါသည်။ မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် သုံးကြိမ်၊ ဂျာကာတာဖလားဘောလုံးပြိုင်ပွဲတွင် လေးကြိမ်၊ မာရာဟာလင်ဖလားဘောလုံးပြိုင်ပွဲတွင် သုံးကြိမ်၊ ပတ်ချုံဟီးဖလားဘောလုံးပြိုင်ပွဲတွင် သုံးကြိမ် ဗိုလ်စွဲ၍ မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့ပါသည်။

၎င်းအပြင် ၁၉၆၁ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ကျင်းပပြုလုပ်သော အာရှလူငယ် ဘောလုံးပြိုင်ပွဲတွင် အာရှလူငယ်ချန်ပီယံ ရှစ်ကြိမ်တိတိ ဗိုလ်စွဲခဲ့ပါသည်။ အခြားအားကစားနည်းများဖြစ်သော ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ သေနတ်ပစ်၊ ဘော်လီဘောအားကစား ပြိုင်ပွဲများ၌လည်း ရွှေတံဆိပ်များကို ဆွတ်ခူးရရှိခဲ့ပါသည်။ ထိုသို့အောင်မြင်ရခြင်းမှာ နိုင်ငံ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆုံး လူထုအားကစားပွဲများ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။ မျိုးဆက်သစ်အားကစားသမားများအား ပေါ်ထွန်းစေခဲ့ပါသည်။

> ယနေ့လူငယ်များသည် အားကစားထက် ပညာရေး၌ အချိန်ကုန်နစ်မြုပ်နေပါသည်။ Social Media ခေါ် လူမှုကွန်ရက်၌ Facebook သုံးစွဲမှု၌သာ အချိန်ကုန်နေပြီး လူထုလှုပ်ရှားမှုများ၊ အားကစားကွင်းများသို့ ရောက်ရှိမှုနည်းကာ အားကစားလှုပ်ရှားမှုအပေါ် စိတ်ဝင်စားမှု လျော့နည်းလျက်ရှိပါသည်။ ထူးချွန်သောမျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွန်းရန် လိုအပ်နေ

ယနေ့အချိန်အခါတွင် အားကစားပြိုင်ပွဲများ၌ ယခင်က အောင်မြင်မှုများကဲ့သို့ ပြန်လည်ရရှိရန် လိုအပ်နေပါသည်။ လူတိုင်းသည် အားကစားနှင့်သက်ဆိုင်ကြောင်း၊ အားကစား၏ ဆွဲဆောင်နိုင်မှုသည် စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေကြောင်း၊ တေးဂီတကဲ့သို့ လူအများ၏ပျော်ရွှင်မှုများ၊ ကျေနပ်မှုများကိုဖြစ်စေကြောင်း၊ အားကစား၏ ဆွဲဆောင်နိုင်မှုသည် စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းစေကြောင်း လူငယ်အများစုသိရှိရန် လိုအပ်ပါသည်။

**အားကစားပြိုင်ပွဲ၌ အောင်မြင်မှုများ ဦးမော့လာရန် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်**

ယနေ့လူငယ်များသည် အားကစားထက် ပညာရေး၌ အချိန်ကုန်နစ်မြုပ်နေပါသည်။ Social Media ခေါ် လူမှုကွန်ရက်၌ Facebook သုံးစွဲမှု၌သာ အချိန်ကုန်နေပြီး လူထုလှုပ်ရှားမှုများ၊ အားကစားကွင်းများသို့ ရောက်ရှိမှုနည်းကာ အားကစားလှုပ်ရှားမှုအပေါ် စိတ်ဝင်စားမှု လျော့နည်းလျက်ရှိပါသည်။ ထူးချွန်သောမျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွန်းရန် လိုအပ်နေပါသည်။ ရန်ကုန်၊ မန္တလေးကဲ့သို့ အားကစားတက္ကသိုလ်များ တည်ရှိနေခြင်း၊ ရန်ကုန်၊ မန္တလေး၊ ပုသိမ်ကဲ့သို့ ဘောလုံးအကယ်ဒမီများတည်ရှိနေခြင်း၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ လွိုင်ကော်၊ မုံရွာကဲ့သို့ အားကစားသိပ္ပံ ခြောက်ခုရှိနေခြင်းကြောင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ "မြန်မာ့အားကစား ကမ္ဘာလွှမ်းရမည်" ဟူသည့် ဆောင်ပုဒ်အတိုင်း အားကစားပြိုင်ပွဲ၌ အောင်မြင်မှုများ ဦးမော့လာရန်မှာ နိုင်ငံသားတိုင်း၏တာဝန်ဖြစ်ပါသည်။ အားကစားသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အောက်ပါအချက်များ ဆောင်ရွက်ရန် လိုပါသည်-

(က) တစ်မျိုးသားလုံးအသွင်ဖြင့် လူထုလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊
(ခ) အာဟာရပြည့်ဝသော အစားအသောက်များ စားသုံးခြင်း၊
(ဂ) ကျန်းမာရေးကို ထိခိုက်စေသော အစားအသောက်များ မစားသုံးရေးအသိပညာပေးခြင်း၊
(ဃ) အားကစားထူးချွန်သူများ၏ အနာဂတ်ဘဝအား အာမခံဆောင်ရွက်ပေးခြင်း၊
(င) လူထုဆက်သံရေးကိရိယာ (မီဒီယာ)များဖြင့် လှုံ့ဆော်ပညာပေးခြင်း၊

တစ်မျိုးသားလုံးအသွင်ဖြင့် လူထုလှုပ်ရှားမှုဆောင်ရွက်ရေးအတွက် အခြေခံအချက်မှာ လမ်းလျှောက်ခြင်းပင်ဖြစ်ပါသည်။ လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှ သုံးနာရီအထိ တစ်နာရီ သုံးမိုင်နှုန်း လမ်းလျှောက်ပါက လေ့ကျင့်ခန်းမပြုလုပ်သူများထက် နှလုံးရောဂါထိခိုက်မှုနှင့် သေဆုံးမှု ၃၀ ရာခိုင်နှုန်း လျော့နည်းသွားပြီး တစ်နေ့လျှင် သုံးနာရီလမ်းလျှောက်သူသည် ရင်သားကင်ဆာဖြစ်ပွားမှုကို ထက်ဝက်လျှော့ချနိုင်ပါသည်။ အထူးသဖြင့် အမျိုးသမီးများမှာ ကျန်းမာရေးလေ့ကျင့်ခန်းပုံမှန်ပြုလုပ်သင့်ပြီး တစ်နာရီပုံမှန်လမ်းလျှောက်ပါက တစ်ပတ်အတွင်း ရင်သားကင်ဆာဖြစ်နိုင်ခြေ ၅၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရပါသည်။ လမ်းလျှောက်မည်ဆိုပါက ဦးခေါင်းကို မတ်မတ်ထားပြီး ရှေ့ကိုတည့်တည့်ကြည့်၍ လျှောက်ရပါမည်။

ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာထား၍ နည်းစနစ်ကျစွာ လျှောက်ရပါမည်။ ပေ့ါပါးသောဖိနပ်ကိုစီး၍ ရာသီဥတုနှင့် ကိုက်ညီမည့်အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်သင့်ပါသည်။ အသက်ကြီးသူများဖြစ်ပါက အဖော်လိုက် ကူညီဖေးမရန်လိုအပ်ပါသည်။ လမ်းလျှောက်နည်းသာမက အိမ်တွင်း၊ ရုံးတွင်း၊ ခြံဝင်းအတွင်း မည်သည့်နေရာမဆို ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းဖြင့် အားကစားလေ့ကျင့်ခန်းများ ကူးစက်ပြန့်ပွားနိုင်ပါသည်။ အားကစားကို အခြေခံလေ့ကျင့်ခန်းများအား ပုံမှန်ပြုလုပ်ခြင်းနှင့် ထူးချွန်သောအားကစားသမားများရှိပါက တွန်းအားပေးဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ရန်လိုပါသည်။

**ကျန်းမာကြံ့ခိုင်ရန် အာဟာရပြည့်ဝသော အစားအသောက်များ စားသုံးရန်လိုအပ်**

ကျန်းမာကြံ့ခိုင်ရန်အတွက် အာဟာရပြည့်ဝသော အစားအသောက်များစားသုံးရန် လိုအပ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော ပရိုတိန်းဓာတ်၊ အမျှင်ဓာတ်၊ အဆီဓာတ်နှင့် ဗီတာမင်ကြွယ်ဝသော သစ်သီး၊ ဟင်းသီးဟင်းရွက်များ စားသုံးပေးရန်လိုအပ်ပါသည်။ ဗီတာမင်အေကဲ့သို့ ငါးအသည်းများ၊ မုန်လာဥနီနှင့် အဝါရောင်သစ်သီးများ၊ ဇီဝနည်းပညာဖြင့် စိုက်ပျိုးသော အသီးအနှံများအား စားသုံးသင့်ပါသည်။ ကူမက်ဆိုသူက "မိဘတွေက ဟင်းသီးဟင်းရွက်စားပါမှ ကလေးတွေအတွက် သာယာစိုပြည်၍ ပိုမိုကောင်းမွန်သော ကမ္ဘာကြီးဖြစ်လာမည်" ဟု ရေးသားထားပါသည်။ ကျွန်ုပ်တို့ သုံးစွဲနေသော အင်္ဂလိပ်ဆေးဝါးသည် ဓာတုဗေဒဆေးဝါးများဖြင့် ဖော်စပ်ထားသောကြောင့် ဘေးထွက်ဆိုးကျိုးအနည်းငယ်ရှိပါသည်။ မြန်မာ့တိုင်းရင်းဆေးဝါး ဓာတ်ကြီးလေးပါးဖြစ်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောအပြင် အာကာသဓာတ်တို့ဖြင့် ဖော်စပ်ထားသောကြောင့် ရောဂါအမြစ်ပျောက်ကင်းနိုင်သော စွမ်းရည်ရှိပါသည်။ အစာနှင့်ဆေး၊ ဆေးနှင့်အစာ လိုက်ဖက်ညီစွာ စားသုံးပါက ကျန်းမာကြံ့ခိုင်မည် ဖြစ်ပါသည်။

ကျန်းမာရေးကို ထိခိုက်စေသော အစားအသောက်များ မစားသုံးရေး အသိပညာပေးခြင်းအား ကျယ်ပြန့်စွာဆောင်ရွက်ရန်လိုပါသည်။ အသက် ၅၀ ကျော်သူများအတွက် အဆီ၊ အငန်၊ အချို၊ အရက်သေစာ၊ ဆေးလိပ်သောက်သုံးခြင်းကို သတိပြုရှောင်ကြဉ်သင့်ပါသည်။ ၎င်းအပြင် နေ့စဉ်ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အစားအစာမျှတစွာစားသုံးခြင်း၊ အအေးမမိစေရေး၊ ဝမ်းမှန်စေရေး ကျန်းမာရေးဆေးစစ်မှု ပုံမှန်ပြုလုပ်သင့်ပါသည်။ Snack Food ကဲ့သို့ အသင့်စားသုံးနိုင်သော မုန့်များ၊ ကြာရှည်ခံဖော်မလင်ဆေးဝါးဖြင့် ပြုလုပ်ထားသော ရေခဲရိုက်ငါး၊ ကြက်သားများ၊ အချိုရည်များ၊ ပေါင်မုန့်များ၊ အာလူးကြော်၊ ကော်ဖီမစ်ထုပ်၊ ခေါက်ဆွဲထုပ်များ စားသုံးခြင်းကို ရှောင်ရှားသင့်ကြောင်း၊ ကလေးငယ်မှအစ အသိပညာပေးဆောင်ရွက်မှသာ ရောဂါဖြစ်ပွားသေဆုံးမှုနည်းပါးပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ကျန်းမာကြံ့ခိုင်စေသော လူ့အဖွဲ့အစည်းအား တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခြင်းဖြစ်**

အားကစားထူးချွန်သူများ၏ အနာဂတ်ဘဝကို အာမခံဆောင်ရွက်ပေးခြင်းသည်လည်း ကျန်းမာကြံ့ခိုင်စေသော လူ့အဖွဲ့အစည်းအား တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံသည် တစ်ချိန်က ပြည်သူများအားကစား၌ စိတ်ပါဝင်စားမှုနည်းပါးသော်လည်း ၎င်းတို့နိုင်ငံတော်အစိုးရမှ အားပေးမြှင့်တင်ခဲ့ခြင်း၊ စီမံကိန်းများချမှတ်၍ မဟာဗျူဟာများရေးဆွဲချမှတ်ဆောင်ရွက်ခဲ့သောကြောင့် အရှေ့တောင်အာရှတွင် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ သုတေသနပြုချက်အရ ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်သူ ၁၆ သန်းခန့်ရှိကြောင်း၊ အသက် ၁၅ နှစ်မှ ၂၉ နှစ်အထိ ၄၅ ရာခိုင်နှုန်း ပါဝင်ကြကြောင်း၊ ၇၅ ရာခိုင်နှုန်းက ကျန်းမာလိုသောကြောင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် ထိုင်းနိုင်ငံ၌ စာရင်းဝင်အားကစားသမား ၂၆၀၀၀၀ ကျော်အနက် ဘောလုံးကစားသူ ၄၀၀၀၀ ကျော်ရှိကြောင်း၊ ကျွမ်းကျင်အားကစားသမား ၅၇၀၀ ခန့်သည် ပညာရှင်အဆင့်ပြိုင်ပွဲပေါင်း ၄၀ ကျော်တွင် ပါဝင်ကြကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတွင်းရှိ သက်ဆိုင်သောအဖွဲ့အစည်းများ၏ အထောက်အပံ့များရရှိကြောင်း သိရသည်။

၎င်းအပြင် ထိုင်းနိုင်ငံ၌ မသန်စွမ်းသူ အားကစားသမားပေါင်း ၂၇၀၀ ကျော်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် အားကစားခရီးသွားလုပ်ငန်းအတွက် ထင်ရှားသောနိုင်ငံဖြစ်ကြောင်း၊ ထင်ရှားသော အားကစားသမားများမှာ ဂေါက်ရိုက်ခြင်း၊ ဒိုင်ပင်ထိုးခြင်းနှင့် စက်ဘီးနင်းခြင်း၊ အပြေးပြိုင်ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ အားကစားဖွံ့ဖြိုးမှုနှုန်းသည် GDP ဖွံ့ဖြိုးမှုထက် သုံးဆ များပြားနေကြောင်း သိရသည်။ အားကစားတွင် ပါဝင်ရသောအကြောင်းအရင်းအား ဆန်းစစ်ရာ ကျန်းမာစေရန်နာမကျန်းမှုများကြောင့် ခြောက်ရာခိုင်နှုန်း၊ အလေးချိန်ကျဆင်းစေရန် ငါးရာခိုင်နှုန်း၊ စိတ်ဖိစီးမှုများ လျော့နည်းစေရန် လေးရာခိုင်နှုန်း၊ အခြားအကြောင်းအရာများကြောင့် ကိုးရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

(ဆက်လက်ဖော်ပြပါမည်)

# ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းက အကြီးစားစီမံကိန်းဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့လည်း ထဲထဲဝင်ဝင် တိတိကျကျလုပ်မှ အောင်မြင်မှာဖြစ်ပါတယ်

**မြန်မာနိုင်ငံ တောင်ဘက်ပိုင်းဒေသဖွံ့ဖြိုးရေးသာမက အာဆီယံဒေသတွင်းအရေးပါသည့် စီမံကိန်းတစ်ခုဖြစ်လာမည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားခဲ့ရာမှ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)အကူအညီဖြင့် Master Plan အသစ်ပြန်လည်ရေးဆွဲပြီး လုပ်ငန်းများစတင်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**



ဒေါက်တာမြင့်ဆန်း

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ဘယ်အချိန်က စတင်အကောင်အထည်ဖော်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ၂၀၀၈ ခုနှစ်မှာ မြန်မာအစိုးရနဲ့ ထိုင်းနိုင်ငံအစိုးရတို့ စင်ကာပူနိုင်ငံမှာတွေ့ဆုံပြီး ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဖို့ စီစဉ်ခဲ့တာပါ။ အဲဒီကနေ MoU နှစ်နိုင်ငံနားလည်မှုသဘောတူစာချုပ်ချုပ်ခဲ့တယ်။ စလုပ်တုန်းက အီတာလျံထိုင်းကုမ္ပဏီနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ စာချုပ်ချုပ်ပြီးလုပ်ခဲ့တယ်။ စီမံကိန်းလုပ်ငန်းတွေ နှောင့်နှေးတဲ့အတွက် ၂၀၁၃ ခုနှစ်မှာ စာချုပ်ရပ်ဆိုင်းခဲ့တယ်။ ရပ်ဆိုင်းပြီးတဲ့နောက် ပြန်ပြီးတင်ဒါခေါ်တယ်။ တင်ဒါခေါ်တော့ အီတာလျံထိုင်းပဲပြန်ရတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ စာချုပ်အသစ်ပြန်ချုပ်တယ်။ အီတာလျံထိုင်းနဲ့ ကျွန်တော်တို့နဲ့တော့မဟုတ်ဘူး။ အရင်စီမံခန့်ခွဲမှုကော်မတီကနေ စာချုပ်ချုပ်ခဲ့တယ်။ အဲဒီကနေ လုပ်ငန်းတွေပြန်စတယ်။

စီမံကိန်းရပ်နားသွားတာက ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ ရပ်နားသွားတယ်။ ၂၀၁၄ ခုနှစ်မှာလည်း ရပ်နားထားတယ်။ နှစ်နိုင်ငံအစိုးရချင်း လုပ်မယ်ဆိုပြီး ပထမဆုံး မြန်မာအစိုးရနဲ့ ထိုင်းအစိုးရတို့ သဘောတူစာချုပ်ချုပ်တယ်။ ဒါလည်း ၂၀၁၅ခုနှစ်မှာပါပဲ။ စာချုပ်ချုပ်ပေမယ့်လည်း ထိုင်းအစိုးရဘက်က ရင်းနှီးမြှုပ်နှံမှုနည်းတယ်။ ၂၀၁၅ ခုနှစ်မှာ မြန်မာအစိုးရအနေနဲ့က အီတာလျံထိုင်းကုမ္ပဏီ တစ်ခုတည်းအနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ကြီးက မဖြစ်နိုင်ဘူးဆိုပြီး နောက်ဆုံးမှာ ဂျပန်ကိုခေါ်မှရမယ်ဆိုပြီး မြန်မာ၊ ထိုင်း၊ ဂျပန် သုံးနိုင်ငံစာချုပ်ချုပ်တယ်။

**မေး ။ ။ ထားဝယ်စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေနဲ့ စတင်တာဝန်ယူတဲ့အချိန်ကနေ အခုလက်ရှိဆောင်ရွက်နေတဲ့ အပိုင်းကိုလည်းသိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ကော်မတီ တာဝန်စယူတာက ၂၀၁၇ ခုနှစ် အောက်တိုဘာလပိုင်းမှာ တာဝန်စယူတယ်။ အီတာလျံထိုင်းနဲ့ ချုပ်ခဲ့တဲ့စာချုပ်တွေပြန်ဖတ်တယ်။ သုံးနိုင်ငံ စာချုပ်ချုပ်ခဲ့တာတွေပြန်ဖတ်တယ်။ ကျွန်တော်တို့ကော်မတီအသစ်က အီတာလျံထိုင်းနဲ့ ချုပ်ခဲ့တဲ့စာချုပ်တွေ ဘာတွေရှိသလဲ။ စာချုပ်မှာ နှစ်ဖက်ဖြည့်ဆည်းပေးရမယ့် အချက်တွေရှိတယ်။ စုစုပေါင်း ၇၈ ချက် ရှိတယ်။ ထိုင်းဘက်က ဖြည်းဆည်းပေးရမယ့် အချက်က ၅၈ ချက်ရှိတယ်။ မြန်မာအစိုးရဘက်က ဖြည့်ဆည်းပေးရမယ့် အချက်က ၂၀ ရှိတယ်။ အချက် ၂၀ ကလည်း အရင်က အကြောင်းကြောင်းကြောင့် ဖြည့်ဆည်းပေးဖို့ နှောင့်နှေးခဲ့တဲ့အတွက် အဲဒါတွေဖြည့်ဆည်းပေးမှ လုပ်ငန်းစတင်ရန်ဆိုတာရှိတယ်။ အဲဒါတွေ မဖြည့်ဆည်းပေးနိုင်ရင် လုပ်ငန်းစတင်ဖို့မရှိဘူး။

ကျွန်တော်တို့ကော်မတီသစ် စတင်တာဝန်ယူတဲ့အချိန်မှာ လုပ်ငန်းတွေ စတင်နိုင်ဖို့အတွက် မြန်မာအစိုးရဘက်က ဖြည့်ဆည်းပေးရမယ့် အချက်တွေထဲက အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့တယ်။ အခုဆိုရင် တစ်ချက်၊ နှစ်ချက်လောက်ပဲကျန်တော့တယ်။ ကျန်တဲ့တစ်ခု၊ နှစ်ခုကလည်း အရေးကြီးတာတွေပါ။ EIA၊ SIA တို့ပေါ့။ အဲဒါတွေက နည်းနည်းလည်း ရှုပ်ထွေးတယ်၊ ခက်ခဲတယ်။ အခုဆိုရင် EIA၊ SIA လည်း ပြီးသလောက်ရှိနေပြီ။ မြေနဲ့ဆိုင်တာကလည်း Law Farm ငှားပြီး စာချုပ်ချုပ်မယ်။ မြန်မာဘက်ကတော့ တတ်နိုင်သလောက် ဖြည့်ဆည်းပေးရမယ့်အချက်တွေ ဖြည့်ဆည်းတယ်။ အီတာလျံထိုင်းကိုလည်း ဖြည့်ဆည်းပေးရမယ့်အပိုင်းကို ဖြည့်ဆည်းပေးဖို့ ပြောတယ်။ နှစ်ဖက်ဖြည့်ဆည်းပေးပြီးတာနဲ့ လုပ်ငန်းစမယ်။ လုပ်ငန်းစတင်ပြီဆိုတာနဲ့ အချိန်သတ်မှတ်ချက်တွေ ပါလာပြီ။ ဘယ်ရက်ပိုင်းအတွင်း ပြီးရမယ်။ မပြီးဘူးဆိုရင် သူ့ရဲ့ အမှားအယွင်းလို့ ယူဆတယ်။ အဲဒါတွေက မကြာခင်စမယ်။ ဒါကတစ်ပိုင်းပေါ့။

နောက်တစ်ပိုင်းက Full Phase လို့ခေါ်တဲ့အပိုင်း၊ ဂျပန်အစိုးရကို မေတ္တာရပ်ခံတယ်၊ ဂျပန်အစိုးရက ထုံးစံအတိုင်း လုပ်ငန်းတစ်ခုလုပ်ရင် အစီအစဉ်တကျဖြစ်အောင်လုပ်တယ်။ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ထိုင်းဘက်က လုပ်ပေးထားတဲ့ Master Plan ရှိပြီးသား။ အဲဒီ Master Plan က ၂၀၁၅ ခုနှစ်က ရေးဆွဲခဲ့တာ။ အဲဒီ Master Planမှာ အသေးစိတ်အစီအစဉ်တွေမပါဘူး။ နောက်တစ်ခုက ခေတ်မမီတော့ဘူး။ အဲဒီနှစ်ချက်ကို တွေ့ရှိတဲ့အတွက် JICA ကနေ ဒါကို အဆင့်မြှင့်ဖို့ပြန်လုပ်မယ်။ Master Planကို (နည်းပညာဆိုင်ရာတွေပြန်ထည့်မယ်)။ အသေးစိတ်အစီအစဉ်ပြန်ဆွဲမယ်။ ၂၀၁၇ခုနှစ်မှာ Master Plan အသစ်စဆွဲတယ်။ ၂၀၁၈ ခုနှစ် မေလမှာ အထူးစီးပွားရေးဇုန်ရဲ့ Master Plan ပြီးသွားမယ်။

Phase က သုံးခုရှိတယ်။ Phase -1၊ Phase -2၊ Phase -3 ပေါ့။ Phase -1 ကတော့ ၂၀၁၈ခုနှစ်ကနေ ၂၀၃၀ ပြည့်နှစ်လုပ်ရမယ့် စီမံကိန်းတွေပါ။ အားလုံးသိတဲ့အတိုင်း အဲဒီနေရာမှာ အခြေခံအဆောက်အအုံတွေမရှိဘူး။ အဓိက အရေးပါတာက နှစ်လမ်းသွားကားလမ်းဆိုတာ ထိုင်းနယ်စပ်ကနေ တော်တော်လေးအရေးပါတယ်။ နောက်ပြီး လျှပ်စစ်မရသေးဘူး။ ဆိပ်ကမ်းမရှိဘူး။ အဲဒါတွေပြည့်စုံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေခေါ်နိုင်မှာ။ အဲဒီသုံးချက်ကတော့ အဓိကထားလုပ်နေတယ်။

Phase -1 ကတော့ ဧက ၆၀၀၀ သတ်မှတ်ထားတယ်။ အခြေခံအဆောက်အအုံတွေ စလုပ်နိုင်ဖို့ ၂၀၁၈ နဲ့ ၂၀၂၀ ကြားဖြည့်ဆည်းမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလာနိုင်တာကတော့ နောက်သုံးနှစ်လောက်နေမှလာလို့ရမယ်။ အခုလောလောဆယ်တော့ လာလို့မရသေးဘူး။ ဘာမှမပြီးသေးဘူး။

JICA က Plan ရေးဆွဲနေတာ တစ်ဝက်ကျော်ပြီးနေပြီ။ မေလမှာ Final တင်မယ်။ Phase -1 မှာပါတဲ့ အဓိကလုပ်ရမယ့် အခြေခံအဆောက်အအုံတွေကဘာတွေလဲ။ မြန်မာအစိုးရအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်တာ ဘယ်ဟာတွေ လုပ်နိုင်လဲ။ နိုင်ငံခြားချေးငွေနဲ့လုပ်ရမှာ ဘယ်ဟာတွေ လုပ်ရမယ်ဆိုတာ ပြန်လည်သုံးသပ်မယ်။ အခုလောလောဆယ် လိုအပ်နေတာက ဆိပ်ကမ်းပဲ။ မြန်မာနိုင်ငံမှာ နိုင်ငံခြားသင်္ဘောအကြီးကြီးတွေ ဆိုက်ကပ်ဖို့ ရေနက်ဆိပ်ကမ်းမရှိဘူး။ SEZ သုံးခုမှာ ရေနက်ဆိပ်ကမ်းက ကျောက်ဖြူနဲ့ ထားဝယ်မှာပဲရှိတယ်။

**မေး ။ ။ စီးပွားရေးဇုန်ဆိုတဲ့အခါကျတော့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ရရှိရေးအတွက် ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ လျှပ်စစ်ပိုင်းကတော့ ပထမပိုင်း အီတာလျံထိုင်းက လုပ်တဲ့ LNG ဂက်စ်နဲ့ လျှပ်စစ်ပေးမယ်ဆိုပြီးလုပ်ထားတာ။ အဲဒီလိုပေးမယ်ဆိုရင် ရေနက်ဆိပ်ကမ်းမှာ LNG ပင်မအဆောက်အအုံ ဆောက်ရမယ်။ ဆောက်ဖို့တိုက်တွန်းတယ်။ ဆောက်နိုင်စွမ်းမရှိဘူး။ နှစ်အချက်က ဂက်စ်ကို နိုင်ငံခြားကနေသွင်းလာမယ်၊ သူတို့တင်ပြတဲ့နှုန်းထားက အရမ်းမြင့်တယ်။ ၂၇ ဆင့်ဆိုတော့ အတော်များတယ်။ ဘယ်လိုမှမကိုက်ဘူး။ ပုံမှန်အားဖြင့် အိမ်နီးချင်းတိုင်းပြည်က ၁၀ ဆင့်လောက်ပဲရှိတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက Total ရေနံကုမ္ပဏီနဲ့ ပေါင်းပြီး ကန်ပေါက်မှာ LNG နဲ့ လျှပ်စစ်ထုတ်ဖို့ လက်မှတ်ထိုးပြီးသွားပြီ။ အဲဒါက မဂ္ဂါဝပ် ၁၃၀၀ ကျော်ထုတ်မယ်။ အဲဒါ နောက်သုံးနှစ်ဆိုရပြီ။ ၂၀၂၁ ခုနှစ်လောက်မှာ တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးကို လျှပ်စစ်မီးပေးနိုင်ပြီ။ ကြားကာလမှာတော့ အခက်အခဲရှိတာပေါ့။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ကနေ ထိုင်းနိုင်ငံနယ်စပ်အထိ ဖောက်လုပ်ထားတဲ့ ထီးခီးလမ်းနဲ့ ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်မယ့် အခြေအနေကိုလည်း သိပါရစေ။**

ဖြေ ။ ။ ထီးခီးလမ်းက ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ ထိုင်းနိုင်ငံကိုသွားဖို့ ထီးခီလမ်းကို အီတာလျံထိုင်းကုမ္ပဏီကပဲ မြေသားလမ်း၊ ကျောက်သားလမ်း ဖောက်သွားတယ်။ ၁၃၈ ကီလိုရှိတယ်။ ထီးခီးလမ်းက အရေးကြီးတယ်။ အရင်အစိုးရလက်ထက်ကတည်းက ကတ္တရာလမ်းခင်းပြီး အဆင့်မြှင့်တင်ဖို့ အဆိုပြုခဲ့တာရှိတယ်။ အကြောင်းကြောင်းကြောင့် အကောင်အထည်ပေါ်မလာဘူး။ ကျွန်တော်တို့ တာဝန်ယူပြီးချိန်မှာ ပထမဆုံးလုပ်မယ့် စီမံကိန်းမှာလည်း ကျွန်တော်တို့ ပိုက်ဆံနဲ့မဖောက်နိုင်ဘူး။ ထိုင်းဘက်က NEDA ဆိုတဲ့အဖွဲ့အစည်းရှိတယ်။ ချေးငွေပေးမယ်။ နှစ်လမ်းသွားပဲ။ အဲဒီအတွက် ချေးငွေလည်းသဘောတူပြီးထားပြီ။ လွှတ်တော်က သဘောတူတာနဲ့ လုပ်ငန်းစလို့ရပြီ။ စပြီဆိုတာနဲ့ ချေးငွေကိစ္စကို ထိုင်းဘက်နဲ့ဆွေးနွေးမယ်။ တင်ဒါခေါ်မယ်။ လမ်းအဆင့်မြှင့်တင်မယ်ဆိုရင် သုံးနှစ်ကြာမယ်။ အခုလာမယ့်မိုးတွင်းဆို အကောင်အထည်ဖော်ပြီ။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ပေါ်လာရင် ထားဝယ်ဒေသဖွံ့ဖြိုးလာမယ့် အခြေအနေကိုလည်း သုံးသပ်ပေးပါ။**

ဖြေ ။ ။ ဒီစီမံကိန်းက တော်တော်လေးအရေးပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က ပင်လယ်ကို တိုက်ရိုက်ထွက်နိုင်တဲ့ ရေနက်ဆိပ်ကမ်းပါတယ်။ ထိုင်းနိုင်ငံနဲ့ နီးစပ်တဲ့အတွက် ဖွံ့ဖြိုးမှုအလားအလာကောင်းတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ သဘာဝသယံဇာတပစ္စည်းတွေ ငါးလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ဆီအုန်းလုပ်ငန်း၊ သတ္တုလုပ်ငန်း အဲဒါတွေက လျှပ်စစ်မရှိလို့၊ အဲဒီလုပ်ငန်းတွေက လျှပ်စစ်ရရင် ကုန်ကြမ်းရောင်းတဲ့အဆင့်ကနေ ကုန်ချောထုတ်လုပ်နိုင်မယ်။ ဘေးပတ်ဝန်းကျင်ကို ယှဉ်နိုင်တယ်။ ဒေသရဲ့စီးပွားရေးလည်းတိုးတက်လာမယ်။ အလုပ်အကိုင်တွေလည်းရမယ်။ နိုင်ငံတကာကိုလည်း မြန်မာ့ထွက်ကုန်တွေ ထိုးဖောက်နိုင်မယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က မြန်မာနိုင်ငံတောင်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတယ်။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေရှိမှာကို ဒေသခံတွေက စိုးရိမ်ပူပန်နေတယ်လို့ သိရပါတယ်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်နေမှုတွေရှိတယ်ဆိုရင် သိချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့နိုင်ငံမှာက အရင်တုန်းက စီမံကိန်းတွေ အကောင်အထည်ဖော်မယ်ဆိုရင် EIA၊ SIA မလုပ်ခဲ့ဘူး။ သဘာဝပတ်ဝန်းကျင် ထိခိုက်တယ်ဆိုတာ မြန်မာနိုင်ငံသားတိုင်းသိတယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီး ပြဿနာတွေဖြစ်တယ်။ ဒီမိုကရေစီအစိုးရလက်ထက်မှာကျတော့ စီမံကိန်းတိုင်းက ပွင့်လင်းမြင်သာရမယ်။ ပြည်သူထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်ရမယ်။ အရင်ကတော့ မှားခဲ့ကြတယ်။ စည်းနဲ့ကမ်းနဲ့ မလုပ်ခဲ့ဘူး။ နိုင်ငံတကာ စံချိန်စံညွှန်းတွေ နားမလည်ခဲ့ဘူး။ အခုဆိုရင် ထားဝယ်စီမံကိန်းလို ပရောဂျက်မပြောနဲ့ ပုဂ္ဂလိကကုမ္ပဏီတစ်ခုက အလုပ်လုပ်ရင်တောင် EIA၊ SIA တင်ရတယ်။ ထားဝယ်စီမံကိန်းမှာ ဆက်လုပ်မယ့် လုပ်ငန်းတွေအားလုံးက EIA၊ SIA ပါမယ်။ ပရောဂျက် ကိုးခုမှာ EIA၊ SIA နဲ့ ပတ်သက်ပြီး အစီရင်ခံစာ တင်ထားပြီးသား။ ဘယ်သူကစစ်ရသလဲဆိုရင် သဘာဝပတ်ဝန်းကျင်ဌာန မြန်မာအစိုးရဘက်က စစ်ရတယ်။ အခုဆိုရင် မတ် ၂၈၊ ၂၉ ရက်တွေမှာ ဒေသခံတွေရော EIA၊ SIAနဲ့ ပတ်သက်ပြီး ပါဝင်ပတ်သက်နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို ဖိတ်ခေါ်ပြီးတော့ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ဘာတွေလုပ်ထားတယ်ဆိုတာရှင်းပြတယ်။ သူတို့သိချင်တာတွေလည်း မေးပေါ့။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းက အများစိတ်ဝင်စားတဲ့ စီမံကိန်းလည်းဖြစ်တော့ စီမံကိန်းဆိုင်ရာတွေ၊ သဘာဝပတ်ဝန်းကျင်လေ့လာတွေ့ရှိ ဆန်းစစ်ချက်တွေကို ပွင့်လင်းမြင်သာစွာ ချပြဖို့ နောက်ထပ် အစီအစဉ်တွေရှိပါသလား၊ ရှိရင်သိချင်ပါတယ်။**

ဖြေ ။ ။ စီမံကိန်းဆိုင်ရာ သဘာဝပတ်ဝန်းကျင် လေ့လာတွေ့ရှိ ဆန်းစစ်ချက်တွေကို အင်တာနက်ဝက်ဘ်ဆိုက်ကနေ ထုတ်ပြန်ရမယ်ဆိုတာသိတယ်။ အကြောင်းကြောင်းကြောင့် ဝက်ဘ်ဆိုက်က အခုမှ ရေးဆွဲနေရတယ်။နောက် ရက်သတ္တနှစ်ပတ်ဆို ဝက်ဘ်ဆိုက်ရေးဆွဲတာ ပြီးပြီ။ ပြီးရင် EIA၊ SIAအပါအဝင် လုပ်ဆောင်ချက်အားလုံး အင်တာနက်မှာ တင်ထားမယ်။ ပြည်သူအားလုံး ဝင်ကြည့်လို့ရတယ်။ အဲဒီကနေ မေးခွန်းမေးလို့ရတယ်။ စုံစမ်းလို့ရတယ်။ ဒါတွေကတော့ ပွင့်လင်းမြင်သာစွာလုပ်ရမှာပေါ့။ ဒီမိုကရေစီအစိုးရခေတ်မှာ ဘာမှလျှို့ဝှက်ထားစရာအကြောင်း မရှိဘူး။ ဖုံးကွယ်ထား စရာ အကြောင်းမရှိပါဘူး။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ပြီးသွားရင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလာမယ့်အပေါ် ဘယ်လောက်ထိ မျှော်လင့်ထားပါသလဲ။**

ဖြေ ။ ။ လမ်း၊ ဆိပ်ကမ်းတို့ပြီးဖို့၊ လျှပ်စစ်ရဖို့က အနည်းဆုံးသုံးနှစ်၊ အများဆုံး ငါးနှစ်ကြာမယ်။ ဒါတွေပြည့်စုံသွားရင်တော့ ရင်းနှီးမြှုပ်နှံမှုက အများကြီးလာလို့ရတယ်။ အကြီးစားစက်မှုလုပ်ငန်းကြီးက အားနည်းဦးမယ်။ ကျွန်တော်တို့ဒေသမှာရှိတဲ့ ရော်ဘာစက်ရုံတို့၊ ရေလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ စက်ရုံတွေကို အဆင့်မြှင့်တင်တာလုပ်ရမယ်။ ဒုတိယအဆင့် ရောက်လာရင် စက်မှုဇုန်ကလည်း တော်တော်တိုးတက်လာပြီ။ ဂျပန်ဘက်က စိတ်ဝင်စားနေတာက စတီးလ်စက်ရုံတို့ ထိုင်းဘက်မှာ သက်တမ်းကြာနေတဲ့ ဂျပန်စက်မှုလုပ်ငန်းရှင်တွေကလည်း ဒီဘက်ကို လာချင်တယ်။ ဥပမာ မော်တော်ကားလုပ်ငန်းတွေပေါ့။ မြန်မာနိုင်ငံက အားလုံးသိတဲ့အတိုင်းပဲ LDC ဖြစ်တဲ့အတွက် ကုန်သွယ်မှုက အခွင့်အလမ်းအများကြီးရတယ်။ ထိုင်းဆို ကုန်သွယ်မှုနဲ့ပတ်သက်ပြီး GSP မရဘူး။ မြန်မာနိုင်ငံက GSP ရတယ်။ ထိုင်းဘက်က EU တို့၊ အမေရိကန်တို့ကို ကုန်ပစ္စည်းပို့ရင် အခွန်ကောက်မယ်။ မြန်မာနိုင်ငံက ပို့ရင် အခွန်မကောက်ဘူး။ ဘာကြောင့်လဲဆိုတော့ ကုန်သွယ်မှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံကို အထူးအခွင့်အရေးပေးထားတယ်။ ကျွန်တော်တို့မှာ အခွင့်အရေးရှိတယ်။ အဲဒီ အခွင့်အရေးရတာကို အသုံးမချနိုင်ဘူးဖြစ်နေတယ်။

**မေး ။ ။ အခုလက်ရှိ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာမှာ အဓိကရင်ဆိုင်ရတဲ့ အခက်အခဲက ဘာတွေဖြစ်မလဲ။**

ဖြေ ။ ။ အဓိကအခက်အခဲက စီမံကိန်းဆောင်ရွက်တဲ့ Developer ပေါ့။ ကနဦး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်တဲ့ ကုမ္ပဏီက လောလောဆယ် အီတာလျံထိုင်းကုမ္ပဏီပါ။ သူ့မှာငွေကြေးအခက်အခဲရှိတယ်။ ငွေကြေးအခက်အခဲရှိတဲ့အတွက် ဆောင်ရွက်နိုင်မှုအားနည်းတယ်။ Full Phase ပိုင်းမှာတော့ Developer ကို ငွေကြေးတောင့်တင်းခိုင်မာတဲ့၊ နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ Developer ကို ခေါ်မှရမယ်။ မေလမှာ Master Plam ပြီးတာနဲ့ စီမံကိန်းတစ်ခုချင်းအလိုက် Developer ခေါ်ရမယ်၊ အဲဒီ Developer ကတော့ နိုင်ငံတကာကဖြစ်မှာပေါ့။

**မေး ။ ။ ဖြည့်စွက်ပြောလိုတာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ စီမံကိန်းတစ်ခုဆောင်ရွက်တယ်ဆိုတာက ဘက်ပေါင်းစုံက နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံရဲ့ပုံရိပ်ကောင်းမှု၊ ကိုယ့်နိုင်ငံအစိုးရရဲ့ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်မှု၊ ပံ့ပိုးကူညီမှု ဒါတွေက အများကြီးလိုတယ်။ ဒီစီမံကိန်းတွေက အကြီးစားစီမံကိန်းတွေဖြစ်တယ်။ အကြီးစားစီမံကိန်းတွေဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့လည်း ထဲထဲဝင်ဝင် တိတိကျကျလုပ်မှ အောင်မြင်မှာဖြစ်ပါတယ်၊

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

**တွေ့ဆုံမေးမြန်း**
**သီသီမင်း၊ မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

# သတင်းသမားတစ်ယောက်က ထက်မြက်ရမယ်၊ သတ္တိရှိရမယ်၊ အမှန်တရားကိုပြောရဲရမယ်၊ ကျင့်ဝတ်တွေလည်း လိုက်နာရမယ်

တွေ့ဆုံမေးမြန်း
ရီရီမြင့်၊ ဥမ္မာသန့်၊
ဓာတ်ပုံ-လှမိုး

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူး၍ “မြန်မာ့ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး”ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ကို မေ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပသည်။ စာတမ်းဖတ်ပွဲတွင် ပါဝင်သည့် စာတမ်းရှင် သတင်းစာဆရာကြီးများနှင့် ပညာရှင်များအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြအပ်ပါသည်-



ဒေါက်တာမောင်မောင်စံ



ဦးမြတ်ခိုင်



ဦးကြည်နိုင်(MWU)



ဦးညွန့်တင်



ဦးချစ်ဝင်းမောင်



ဦးဇေယျ

**ဒေါက်တာမောင်မောင်စံ(ကြည်မင်း)**
**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်**

ဂျင်မီတို့ကမ္ဘာ၊ ကျွန်တော်တို့ရဲ့ကမ္ဘာစာတမ်းကိုဖတ်ပါတယ်။ သတင်းသမားစစ်စစ်ပေါ်ထွက်ရေး၊ တကယ်စာဖတ်ပြီး တကယ်ကျင့်ဝတ်လေးစားလိုက်နာတဲ့၊ ကမ္ဘာ့အဆင့်မီနိုင်တဲ့ သတင်းသမားတွေပေါ်ထွန်းရေးအတွက် ရည်ရွယ်ပါတယ်။ လူငယ်မျိုးဆက်သစ်တွေ စာများများဖတ်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းသမားတွေက စာမဖတ်ကြဘူး။ စာဆိုတာ အများကြီးဖတ်ရတယ်။ သတင်းသမားတစ်ယောက်က ထက်မြက်ရမယ်။ သွက်လက်ရမယ်။ သတ္တိရှိရမယ်။ အမှန်တရားကိုပြောရဲရမယ်။ ကျင့်ဝတ်တွေလည်း လိုက်နာရမယ်။

**ဦးမြတ်ခိုင်**
**ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း**

သတင်းလွတ်လပ်ခွင့်တိုက်ပွဲများစာတမ်းကို ဖတ်ပါတယ်။ မြန်မာနိုင်ငံသတင်းစာဆရာအသင်းကို သတင်းမီဒီယာကောင်စီက ကမ်းလှမ်းတာရှိပါတယ်။ လူငယ်မျိုးဆက်သစ်တွေ အိမ်စာကောင်းကောင်းလုပ်ဖို့လိုတယ်။ လူငယ်တွေက အိမ်စာကောင်းကောင်းမလုပ်ကြဘူး၊ သတင်းလွတ်လပ်ခွင့်က အခုတော့ အနည်းအကျဉ်းရလာတာပါ။ အဓိကစာတမ်းဖတ်ပွဲတွေက ရည်ရွယ်ချက်ကောင်းတယ်။ သို့သော် စိတ်ဝင်စားသူ နည်းတယ်။ သတင်းလွတ်လပ်ခွင့်ရဖို့ လူတိုင်းစိတ်ဝင်စားမှုဖြစ်မယ်။ အဓိကသတင်းလွတ်လပ်ခွင့်ကို ပြောနေလို့ မပြီးဘူး၊ ကျွန်တော်တို့ဘက်ကလည်း ခြောက်ပြစ်ကင်းသဲလဲစင်တော့ မဟုတ်ဘူး၊ ကျွန်တော်တို့ အားနည်းချက်ရှိတယ်။ သတင်းသမားတွေကလည်း ကျင့်ဝတ်နဲ့အညီ လျှောက်လှမ်းဖို့လိုအပ်တယ်။

**ဦးကြည်နိုင်(MWU)**

မျက်မှောက်ခေတ်သတင်းမီဒီယာလောကကို တစေ့တစောင်းအကဲခတ်ခြင်း စာတမ်းကို ဖတ်ပါတယ်။ ကျွန်တော်နဲ့ဧရာဝတီသတင်းဌာနက နိုင်မောင်ပေါ့။ နှစ်ယောက်ပူးတွဲပြီး ပြုစုပါတယ်။ သတင်းမီဒီယာလောကဖွံ့ဖြိုးရေးကို ရှေးရှုပြီး သတင်းမီဒီယာလောကမှာ တွေ့နေရတဲ့ဟာကွက်တွေ၊ သတင်းရေးသားချွတ်ယွင်းချက်တွေ၊ သတင်းအမှားတွေ၊ တမင်နိုင်ငံ့ပုံရိပ်ကိုထိခိုက်အောင်လုပ်တဲ့၊ ဖန်တီးတဲ့ သတင်းအမှားတွေ ဒါတွေကို ခိုင်ခိုင်လုံလုံ သတင်းအရင်းအမြစ်တွေနဲ့ ကျွန်တော်တို့ ထောက်ပြထားပါတယ်။ သတင်းအမှားတွေသိအောင် သတင်းအရင်းအမြစ်တွေ လေ့လာဖို့လိုပါတယ်။ အဲဒီအတွက် စာတမ်းမှာ သတင်းများကို ဆန်းစစ်ခြင်းဆိုတဲ့ အခန်းတစ်ခန်းဖွင့်ပြီး တင်ပြထားပါတယ်။ ပညာရှင်တွေရဲ့ တင်ပြချက်ရော၊ facebook ပေါ်ကတင်ပြချက်ရော၊ ဝါရင့်သတင်းစာဆရာကြီးများ တင်ပြချက်ရော သတင်းအမှန်အမှားဆန်းစစ်ဖို့၊ သတင်းတစ်ပုဒ် တန်ဖိုးရှိ၊ မရှိ အဲဒီလိုဆန်းစစ်ချက်တွေနဲ့ ဆန်းစစ်ကြည့်ပါဆိုပြီး အချက်အလက်နဲ့ ထောက်ပြထားတာကိုလည်း စာတမ်းမှာ တင်ပြထားပါတယ်။

သတင်းမီဒီယာလောကဆိုတာ တကယ်က ပြည်သူပေါ့လေ။ ယုံကြည်ဖို့လိုပါတယ်။ အဲဒီလိုယုံကြည်မှုလိုသလို ယုံကြည်မှုလည်းပဲ သတင်းမီဒီယာလောကဟာ ပိုပြီးပုံရိပ်မြင့်မားမှာဖြစ်ပါတယ်။ သတင်းဖတ်တဲ့ ပြည်သူတွေအနေနဲ့လည်း စောစောက တင်ပြခဲ့သလို သတင်းတစ်ပုဒ်ကို အယုံမလွယ်ဘဲနဲ့ တင်ပြတဲ့အချက်တွေနဲ့ ဆန်းစစ်ကြည့်သင့်ပါတယ်။ သတင်းမီဒီယာလောကက ကျယ်ပြန့်သလို ရှုပ်လည်း ရှုပ်ထွေးပါတယ်။ ဒီနေ့ကာလဆိုရင် အဘက်ဘက်က စောစောကလို နိုင်ငံ့ပုံရိပ်ကိုကျဆင်းအောင် တမင်ဖန်တီးတဲ့ သတင်းအမှားတွေ တွေ့တယ်။ အဲဒီလိုပဲ ဘာသာရေးဘက်မှာလည်း လှည့်ပြီးတိုက်တာတွေရှိတယ်။ မဟုတ်မဟတ်သတင်းတွေပေါ့၊ တကယ်လည်းမဟုတ်ဘူး။ ကျွန်တော်တို့စာတမ်းမှာ အချက်အလက်နဲ့၊ သတင်းအရင်းအမြစ်တွေနဲ့ သတင်းအမှားကို ထောက်ပြထားပါတယ်။

သတင်းသမားတွေ သတိပြုမိဖို့လိုသလို သတင်းဖတ်သူ ပြည်သူအနေနဲ့လည်း ဒီသတင်းကိုဆန်းစစ်ကြည့်ဖို့လိုပါတယ်။ ထောက်ပြထားတဲ့ အချက်အလက်တွေကို မှတ်ကျောက်တင်ကြည့်ပါ။ ဒါသတင်းအမှားလား၊ လုပ်ကြံသတင်းလားဆိုတာ ဆန်းစစ်ကြည့်သင့်ပါတယ်။ အဲဒီအချက်တွေကို စာတမ်းမှာ အလေးထား တင်ပြထားပါတယ်။

လူငယ်တွေအနေနဲ့ သတင်းမီဒီယာလောကကို ဂရုပြုစေချင်ပါတယ်။ နေ့စဉ်သတင်းစာတွေထွက်နေတယ်။ သတင်းဌာနတွေက အသံလွှင့်နေတယ်။ ဒီသတင်းမီဒီယာလောကကို စိတ်ပါဝင်စားမှု၊ နားစွင့်ထားမှ နိုင်ငံမှာဖြစ်ပေါ်နေတဲ့ အဖြစ်အပျက်တွေ၊ အရေးအခင်းတွေ၊ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ အဖြစ်အပျက်တွေ၊ အရေးအခင်းတွေ မျက်မှောက်ကျကျသိနိုင်မှာဖြစ်ပါတယ်။ လူငယ်တွေကိုလည်း သတင်းမီဒီယာလောကကို စိတ်ဝင်တစားလေ့လာစေချင်ပါတယ်။

**ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)**

ကျွန်တော်ဖတ်မယ့်စာတမ်းကတော့ သတင်းသမားများနဲ့ မီဒီယာကျင့်ဝတ်စာတမ်းဖြစ်ပါတယ်။ စာတမ်းဆိုတာ အကိုးအကား၊ အထောက်အထားမျိုးစုံနဲ့ နောင်လာနောက်သားတွေအတွက် ကျန်ရစ်ခဲ့အောင် တင်တာကို မြန်မာအဘိဓာန်မှာ စာတမ်းလို့ ဖွင့်ဆိုထားပါတယ်။ စာတမ်းမှာ နိဒါန်းအနေနဲ့ မဏ္ဍိုင်သုံးရပ်ကို စတုတ္ထမဏ္ဍိုင်က ကျားကန်ပေးထားတယ်။ စတုတ္ထမဏ္ဍိုင်မှာပါတဲ့သတင်းသမားက လေးမျိုးရှိတယ်။ သတင်းထောက်ရယ်၊ သတင်းထောက်ချုပ်ရယ်၊ အယ်ဒီတာရယ်၊ အယ်ဒီတာချုပ်ရယ်ရှိတယ်။ သူတို့ရဲ့တာဝန်တွေကို ရေးထားပါတယ်။

စာတမ်းခေါင်းစဉ်ရဲ့ ရည်ရွယ်ချက်နဲ့အညီ သတင်းသမားတွေနဲ့မီဒီယာကျင့်ဝတ်၊ မီဒီယာကျင့်ဝတ်ဆိုတဲ့အခါ နိုင်ငံတကာမီဒီယာကျင့်ဝတ်က ဘာတွေလဲ၊ မီဒီယာကျင့်ဝတ်တွေကို မီဒီယာသမားတွေလိုက်နာမှု ရှိ၊ မရှိ။ ရှေးတုန်းကစံပြ အတုယူစရာ သတင်းသမားတွေရဲ့ နမူနာတွေကို ကောက်နုတ်တင်ပြထားပါတယ်။

နိဂုံးပိုင်းမှာတော့ သတင်းမီဒီယာကောင်စီအခန်းကဏ္ဍ မြှင့်တင်ဖို့ဆိုပြီး ရေးထားပါတယ်။ သတင်းလွတ်လပ်ခွင့်တောင်းနေတဲ့သူတွေမှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရပါမယ်။ လွတ်လပ်ခွင့်ဆိုတာ သူ့ရဲ့စည်းမျဉ်းစည်းကမ်းတွေရှိတယ်။ မီဒီယာကျင့်ဝတ်နဲ့အညီ လွတ်လပ်ဖို့ပဲလိုတယ်။ မှန်မှန်ကန်ကန် ကျင့်သုံးဖို့လိုတယ်။ သတင်းသမားနဲ့ မီဒီယာကျင့်ဝတ်ဆိုတာ ဟန်ချက်ညီမှု၊ အပြန်အလှန်အပေးအယူက ယုံကြည်မှုရှိမှ တိုးတက်မယ်ဆိုတာကို message ပေးတာပါ။

**ဦးချစ်ဝင်းမောင်(ချစ်ဝင်းမောင်)**
**မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ**

NLD အစိုးရလက်ထက် မြန်မာ့သတင်းမီဒီယာလွတ်လပ်မှုအခြေအနေကို လေ့လာသုံးသပ်ခြင်းစာတမ်းကို ဖတ်ကြားပါမယ်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရဲ့ ဦးဆောင်မှုနဲ့ သတင်းမီဒီယာသမားအားလုံးပါဝင်တဲ့ အဖွဲ့အစည်းတွေ၊ ဒီအဖွဲ့အစည်းတွေကနေ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးတစ်ရပ်အနေနဲ့ အထူးသဖြင့် အဘဟံသာဝတီဦးအုန်းကြိုင်တို့က ဦးဆောင်ပြီးတော့ စာတမ်းဖတ်ပွဲလုပ်တာ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ သတင်းမီဒီယာဖွံ့ဖြိုးရေးအတွက် တော်တော်ကောင်းတဲ့လုပ်ငန်းစဉ်တစ်ခုပါ။ အဲဒီရည်ရွယ်ချက်နဲ့ ဒီစာတမ်းကို လာဖတ်ခြင်း ဖြစ်ပါတယ်။

စာတမ်းဖတ်ပွဲယဉ်ကျေးမှုက များများစားစားပိုရှိသင့်ပါတယ်။ စာတမ်းဖတ်ကြတော့မယ်ဆိုရင် စိတ်မရှည်ကြဘူး၊ အကြာကြီးနားမထောင်ချင်ဘူး၊ စာတမ်းဖတ်ပွဲတွေ လုပ်ပေးနေရင် လူငယ်တွေအတွက် နောက်ထပ်သတင်းစာပညာ လေ့လာချင်သူတွေ၊ သမိုင်းနဲ့ သတင်းမီဒီယာနဲ့ပတ်သက်ပြီး ဗဟုသုတရချင်တဲ့သူတွေ ဒါတွေအတွက် အများကြီးအကျိုးရှိပါတယ်။ သတင်းမီဒီယာကောင်စီရဲ့ဦးဆောင်မှုနဲ့ စာတမ်းဖတ်ပွဲတွေ လုပ်ပေးတယ်ဆိုတာ နိုင်ငံအတွက်ရော၊ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော အားလုံးကောင်းပါတယ်။

**ဦးဇေယျ(သားကြီးမောင်ဇေယျ)**

ရခိုင်ပြည်နယ်အရေးနဲ့ ငြိမ်းချမ်းရေးသတင်းစာပညာအသုံးအနှုန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်လို့ ပြည်တွင်းပြည်ပသတင်းစာတွေမှာသုံးတဲ့ အသုံးအနှုန်းတွေအပေါ် သုံးသပ်ထားတာပါ။ ဘယ်အသုံးအနှုန်းက လူမျိုးရေးနဲ့ ဘာသာရေးပဋိပက္ခကို ကြီးထွားစေတယ်။ ဘယ်အသုံးအနှုန်းတွေက ငြိမ်းချမ်းရေးကို ဦးစားပေးတယ်။ အဲဒါတွေကို ခွဲခြမ်းစိတ်ဖြာပြတာပါ။ မြန်မာမှာ ယဉ်ကျေးမှုရှိတယ်။ မှန်တာကိုပြောရမယ်။ အကျိုးရှိတာကိုပြောရမယ်။ အချိန်အခါနဲ့ပြောရမယ်။ အဲဒီ စည်းကမ်းတွေရှိပါတယ်။

မြန်မာစကားပြောတဲ့အခါ အဲဒီကျင့်ဝတ်တွေထိန်းရပါတယ်။ သတင်းသမားတွေကလည်း အဲဒီကျင့်ဝတ်ဆန်ဆန် အကျိုးရှိတဲ့စကားကိုပြောရမယ်။ မှန်တဲ့အကြောင်းကို ပြောရမယ်။ ဒါတွေက အရေးကြီးကြောင်း ပြောချင်ပါတယ်။ ခုချိန်မှာ လူမျိုးရေး၊ ဘာသာရေး၊ ဒါမှမဟုတ် ငြိမ်းချမ်းရေးကိုထိခိုက်စေနိုင်မယ့်အသုံးအနှုန်းတွေ၊ ရန်လိုတဲ့အသုံးအနှုန်းတွေ တတ်နိုင်သလောက်ရှောင်ရှားပြီး မတူတဲ့အုပ်စုနှစ်ခုအကြား အေးချမ်းနိုင်မယ့်စကားလုံးမျိုး၊ ပြေရာပြေကြောင်း စကားလုံးမျိုး အသုံးအနှုန်းတွေပြောကြဖို့၊ အမုန်းစကားတွေ ရှောင်ကြဖို့ ပြောချင်ပါတယ်။

စာတမ်းဖတ်ပွဲတွေက ပညာရှင်တွေ၊ အတွေ့အကြုံများတဲ့သူတွေက သူတို့ရဲ့ အတွေ့အကြုံနဲ့ ဖတ်ထားတဲ့စာတွေကို ပြန်စုစည်းပြီးတင်ပြတာပါ။ အဲဒါကို နောက်လာမယ့်သူတွေအတွက် သမိုင်းဖြစ်သွားမယ်။ နောက်လာမယ့် ပညာရှင်တွေအတွက် အကိုးအကားဖြစ်သွားဖို့ စာတမ်းဖတ်ပွဲတွေက အသုံးဝင်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**✻ ဒုတိယအကြိမ်မှ**

ဦးချစ်ဝင်းမောင်(MJU) က “NLD အစိုးရလက်ထက် မြန်မာ့သတင်းမီဒီယာလွတ်လပ်မှုအခြေအနေကို လေ့လာသုံးသပ်ခြင်း” စာတမ်းနှင့် ဦးဇေယျ(သားကြီးမောင်ဇေယျ) က “ရခိုင်ပြည်နယ်အရေးနှင့် ငြိမ်းချမ်းရေးသတင်းစာပညာ အသုံးအနှုန်း”စာတမ်းများကို ဖတ်ကြားကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်တို့က သဘာပတိများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ စာအုပ်ဈေးရောင်းပွဲတွင် စာအုပ်ဆိုင်ပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိရာ စာပေချစ်မြတ်နိုးသူ မိဘပြည်သူများ လာရောက်ကြည့်ရှုဝယ်ယူအားပေးကြသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - လှမိုး**

**✻ မြန်မာလှေလှော်မှ**

၁၀ တက်လှော်အမျိုးသမီးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သည် ဩဂုတ်လတွင်ယှဉ်ပြိုင်ရမည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ကစားသမား ၂၈ ဦး ပါဝင်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-လှေလှော်အဖွဲ့ချုပ်**

# ဆူးလေဘုရားလမ်း တိုက်ခန်းတစ်ခန်းမီးလောင်မှုတွင် တိုက်ပိုက်လုံးမှတွယ်တက်၍ လူလေးဦးကို ကယ်ဆယ်နိုင်

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ လုပ်ငန်းတစ်ခု၏ရုံးခန်း သုံးလွှာတွင် မေ ၅ ရက် နံနက် ၈ နာရီ ၅၅ မိနစ်က ဝိုင်ယာကြိုးများအပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ နံနက် ၉ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်တွင် ယင်းတိုက်အထပ်သုံးလွှာတွင်ရှိနေသော အမျိုးသမီးတစ်ဦး၊ ကပ်လျက်ရှိသော ဟိုတယ် သုံးလွှာနေပြည်ပနိုင်ငံသား ဇနီးမောင်နှံနှစ်ဦးနှင့် ယင်းတိုက် လေးလွှာရှိ ပြည်ပနိုင်ငံသူအမျိုးသမီးတစ်ဦး စုစုပေါင်းလေးဦးကို လူငယ်တစ်ဦးနှင့်အဖွဲ့က နောက်ဖေးလမ်းကြားမှနေ၍ တိုက်နောက်ဘက်ပိုက်လုံးများမှ တွယ်တက်ပြီး ကယ်ဆယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလူငယ်မှာအသက် ၃၁ နှစ်ရှိ ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ် အုံကြီးအနောက်တွင် နေထိုင်ပြီး အမည်မှာ ကိုပြည့်ဇာနည်နွေ ဖြစ်သည်ဟု သိရသည်။ ထိုလူငယ်မှာ ပစ္စည်းအတင်အချ လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိပြီး ယခုလက်ရှိတွင် မီးလောင်သည့် တိုက်ခန်းအနီး အနော်ရထာလမ်းမပေါ် ၃၃ လမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၏ ကုန်တင်ကုန်ချလုပ်ငန်းခွင်တွင် လုပ်ကိုင်လျက်ရှိနေသည်။

မီးလောင်သည့်နံနက်ပိုင်းက ၎င်းလုပ်ငန်းခွင်အတွင်း အလုပ်လုပ်နေစဉ် မီးလောင်သည့်သတင်းကြားသိရ၍ အခြားလုပ်သားအချို့နှင့်အတူ ၃၃ လမ်းနောက်ဖေးလမ်းကြားဝင်ပေါက်မှသွားကြည့်စဉ် မီးလောင်၍ မီးခိုးထွက်သည့်တိုက် သုံးလွှာ ပြတင်းပေါက်တွင် အမျိုးသမီးတစ်ဦးကို မြင်တွေ့ရသဖြင့် တိုက်နှစ်တိုက်ကြား ရေဆိုးပိုက်လိုင်းအမည်းမှတွယ်တက်ခဲ့သည်။

ထို့နောက် ပြတင်းပေါက်မှ အဆိုပါ အမျိုးသမီးကို ဘယ်လက်ဖြင့်ပွေ့ချီ၍ ပိုက်လုံးတန်းကို ညာလက်ဖြင့် ထိန်းကိုင်ကာ လျှောဆင်းခဲ့သည်။ မြေပြင် ရောက်ချိန်တွင် မီးလောင်တိုက်ဘေး၏ ဟိုတယ် သုံးလွှာတွင် တရုတ်လူမျိုး ဇနီးမောင်နှံနှစ်ဦးနှင့် လေးလွှာတွင် ဗြိတိသျှလူမျိုး အမျိုးသမီးတစ်ဦးတို့ အကူအညီတောင်းခံနေသည်ကို မြင်တွေ့ရ၍ ၎င်း၏ လုပ်ငန်းခွင်မှ သံငြမ်းများကို လုပ်ငန်းခွင်မှ လုပ်သားအချို့နှင့်သယ်ယူ၍ သံငြမ်းအနိမ့်အမြန်ဆင်ပြီး ပိုက်လိုင်းမှ တစ်ဆင့်ပြန်တက်ကာ ထိုလူသုံးဦးကို မြေပြင်သို့ချပေးခဲ့ရသည်ဟုဆိုသည်။ ယင်းဖြစ်စဉ်များတွင် မိနစ်နှစ်ဆယ်ဝန်းကျင်ကြာမြင့်ခဲ့သည်ဟု ဆိုသည်။

အမြင့်သို့တက်သည့် တိုက်နှစ်တိုက်အစပ်တွင် မီးခိုးထုတ်ပိုက်ဖြူအလုံးကြီးတစ်လိုင်း၊ ကွန်ကျူ PCV ပိုက်လိုင်းတစ်လိုင်း၊ ပိုက်လိုင်းအမည်း တစ်လိုင်းဖြင့် တွယ်တက်ရန် ပိုက်လိုင်းသုံးလိုင်းရှိသော်လည်း ခိုင်ခံ့အားကောင်းသည့် ပိုက်လိုင်းအမည်းကိုသာ အားပြုတက်ရသည်ဟု ဆိုသည်။





ဗြိတိသျှအမျိုးသမီးကို ကယ်တင်စဉ်တွင် ကိုသားငယ်နှင့် ကိုကျော်မင်းနိုင်တို့နှင့် ကယ်တင်ခဲ့ပြီး တရုတ်ဇနီးမောင်နှံကို ကယ်တင်စဉ်တွင် ကိုမောင်မောင်နှင့် ကိုထွန်းထွန်းတို့က ကယ်တင်ခဲ့သည်။ ပထမဦးဆုံး အမျိုးသမီးကို ကယ်ဆယ်ရချိန်တွင် အပင်ပန်းဆုံးဖြစ်ပြီး ကျန်သုံးဦးကို ကယ်ခဲ့ချိန်တွင်မူ သံငြမ်းအနိမ့်နှင့်လုပ်သားအချို့အကူအညီဖြင့် အချိန်တိုအတွင်းဆင်းနိုင်ခဲ့၍ ပထမအကြိမ်ထက် အနည်းငယ်လွယ်ကူသည်ဟု ဆိုသည်။

ဗြိတိသျှအမျိုးသမီးအနေဖြင့် ကျေးဇူးတင်၍ ယင်းနေ့နေ့လယ်ပိုင်းတွင် မိမိတို့ဆောက်လုပ်ရေးလုပ်ငန်းခွင်မှလုပ်သားများအား ဒံပေါက်ထမင်း ကျွေးမွေးဂုဏ်ပြုခဲ့သည်ဟု လုပ်သားများက ပြောသည်။

**မောင်စေအောင်**

# ကျောက်ပန်းတောင်းမြို့နယ်တွင် တော်ဝင်ထန်းအဖွဲ့မှဦးဆောင်၍ ထန်းတောင်သူများ၏ဘဝမြှင့်တင်နိုင်ရေး အသိပညာပေး

**ကျောက်ပန်းတောင်း မေ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် တော်ဝင်ထန်းအဖွဲ့မှဦးဆောင်၍ ထန်းတောင်သူများ၏ဘဝမြှင့်တင်နိုင်ရေး အသိပညာပေး ဟောပြောပွဲနှင့် ထန်းနှင့်ဝါးလုပ်ငန်းဆိုင်ရာ အဆင့်မြင့်လက်မှုပညာ ရက်တိုသင်တန်းဖွင့်ပွဲကို မေ ၆ ရက် နံနက် ၁၀ နာရီခွဲက ကျောက်ပန်းတောင်းမြို့နယ် ရွာတန်းရှည်ကျေးရွာ တိုက်သစ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။



အဆိုပါ ထန်းတောင်သူများဘဝမြှင့်တင်နိုင်ရေး ပညာပေးဟောပြောပွဲနှင့် ထန်းနှင့်ဝါးလုပ်ငန်းဆိုင်ရာ အဆင့်မြင့်လက်မှုပညာ ရက်တိုသင်တန်းဖွင့်ပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုက ထန်းပင်၊ ထန်းတောများသည် အညာဒေသ၏ပြယုဂ်တစ်ခုပင်ဖြစ်ပါကြောင်း၊ အဆိုပါ ထန်းပင်များကို ခုတ်လှဲရောင်းချနေကြသည်မှာ စိတ်မကောင်းစရာဖြစ်သော်လည်း မိမိတို့အနေဖြင့် ထန်းတောင်သူများသည် ဘာကြောင့်ထန်းပင်များကို ခုတ်လှဲရောင်းချနေကြတာလဲဆိုသည်ကို သိရှိရန်လိုအပ်ပါကြောင်းနှင့် ၎င်းတို့၏မိသားစုစားဝတ်နေရေးအတွက် မည်သို့ကူညီဆောင်ရွက်ပေးနိုင်မလဲဆိုသည့်အပေါ်တွင် အဖြေရှာကြဖို့လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တော်ဝင်ထန်းအဖွဲ့ဦးဆောင်သူ ဒေါ်ပိုးဖြူက မိမိတို့အနေဖြင့် ထန်းပင်အကြောင်း၊ ထန်းလုပ်ငန်းအကြောင်းကို မသိရှိသော်လည်း အညာဒေသ၏ ထန်းပင်ထန်းတောကို ချစ်သည့်စိတ်တစ်ခုတည်းနှင့်ပင် ထန်းပင်ထန်းတော ကာကွယ်ရေးဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းနှင့် ၎င်းနှင့်အတူ မိတ်ဆွေအလှူရှင်များကလည်း ထန်းပင်ချစ်စိတ်တစ်ခုတည်းနှင့်ပင် အလှူငွေများထည့်ဝင်လှူဒါန်းလျက်ရှိနေကြပါကြောင်း၊ ထန်းလုပ်ငန်းနှင့် ပတ်သက်သည့် ထွက်ကုန်ပစ္စည်းများကို အဆင့်မြင့် ကုန်ချောထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး လုပ်ငန်းရှင်များ၏ အကူအညီဖြင့် ဈေးကွက်တင်နိုင်အောင် ကြိုးစားကြစေချင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြို့မိမြို့ဖများကိုယ်စား ဆရာကြီး ဦးယုရှိန်က ထန်းတောင်သူများ မိမိတို့ထန်းပင်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ယခုကဲ့သို့ပညာပေးဟောပြောကြသည့် ထန်းချစ်သူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ထန်းသုတေသနပညာရှင် ဒေါက်တာ ဒေါ်ကလျာလူ (မန္တလေးတက္ကသိုလ်)က ထန်းပင်နှင့် ထန်းထွက်ပစ္စည်းများ၏ တန်ဖိုးများအကြောင်းနှင့် နိုင်ငံတကာဈေးကွက်ဝင်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားပြီး ဦးရဲကျော်ဇင်(ဘုရင်ပဲဆီသန့်လုပ်ငန်း)က မြန်မာ့ထန်းလုပ်ငန်းထွက် စားသောက်ကုန်များ ဥရောပဈေးကွက်သို့ တင်ပို့နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ရုပ်ရှင် သရုပ်ဆောင် ဦးကျော်သူ (နာရေးကူညီမှုအသင်း/ရန်ကုန်)နှင့် ရုပ်ရှင်သရုပ်ဆောင် ဝတ်မှုံရွှေရည်တို့က အညာဒေသ၏ အမှတ်လက္ခဏာဖြစ်သည့် ထန်းပင်၊ ထန်းတောများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပေးကြရန် တိုက်တွန်းပြောကြားကြပြီး၊ ဦးတင်ထွေးက ပုဂံရှေးဟောင်းစဉ်လက်မှုပညာများတိုးတက်လာပုံနှင့် ထန်းနှင့်ဝါးလက်မှုလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားအပြီးတွင် တော်ဝင်ထန်းအဖွဲ့ခေါင်းဆောင် ဒေါ်ပိုးဖြူ၊ ရုပ်ရှင်သရုပ်ဆောင် ဝတ်မှုံရွှေရည်၊ ဒေါက်တာဒေါ်ကလျာလူနှင့် ဦးတင်ထွေးတို့ကို ထန်းတောင်သူများ၏ ဘဝမြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍ မီဒီယာများက မေးမြန်းကြရာ ၎င်းတို့၏အမြင်များကိုပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မြောက်နဝင်းဆည်အဝင်လမ်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်

**ပြည် မေ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက် ရေး(၂) မှ ဆောင်ရွက်လျက်ရှိသော မြောက်နဝင်းဆည်အဝင်လမ်း ပြုပြင်ရန်အတွက် လိုအပ်သော နေရာများအား ပြန်လည်အစားထိုးပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်တို့သည် ဧပြီလ တတိယပတ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

မြောက်နဝင်းဆည်အဝင်လမ်းသည် တီတွဒ်ကျေးရွာမှ တမံအထိ ၁၇ မိုင်အရှည်ရှိပြီး ၁၉၈၀ခုနှစ်ကာလတွင် တီတွဒ်မှ ၁၃ မိုင်အရှည် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ သက်တမ်းအားဖြင့် ၃၈ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ပြုပြင်ရန် လိုအပ်သော နေရာများအား ပြန်လည်အစားထိုးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဤသို့ ဆောင်ရွက်ပေးခြင်းဖြင့် ဝက်ထီးကန်မြို့ပတ်ဝန်းကျင်၊ ပေါက်ခေါင်းမြို့နယ်နှင့် ပြည်မြို့နယ်မှ ကျေးရွာ စုစုပေါင်း ၃၄ ရွာနှင့် ဆည်ရေဝပ်ဧရိယာပတ်ဝန်းကျင် အောင်လံမြို့နယ်များမှ ပြည်မြို့နှင့် အခြားမြို့ကြီးများသို့ သွားရောက်ရန် ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရေးအတွက် အဓိက ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် ရာသီမရွေး လုံခြုံချောမွေ့စွာ အသုံးပြုနိုင်တော့မည်ဖြစ်ပါသောကြောင့် ဒေသခံပြည်သူများ၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**



# အိန္ဒိယနိုင်ငံမှ မတ်ပဲနှင့် ပဲတီစိမ်း ပြန်ဝယ်မည်ကြေညာအပြီး ဈေးနှုန်းမြင့်တက်သွား

**မုံရွာ မေ ၆**
အိန္ဒိယအစိုးရ၏ ပဲတင်သွင်းခွင့် ကန့်သတ်ချက်အချို့ကို မေလဆန်းက ပြန်လည်ပြင်ဆင်ခဲ့ပြီး မတ်ပဲနှင့် ပဲတီစိမ်း အမျိုးအစားကို နှစ်စဉ်တန်ချိန်သုံးသိန်း ပြည်ပမှ ပြန်လည်ဝယ်ယူမည်ဟု ကြေညာခဲ့ပြီးနောက် မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် မေ ၅ ရက်မှစတင်ကာ တစ်တင်းလျှင် ကျပ် ၅၀၀ မှ ၁၀၀၀ ကြားသို့ ဈေးတက်သွားကြောင်း ဦးဇော်မိုး(သလ္လာမွန်)ထံမှ သိရသည်။

"မုံရွာကုန်စည်ဒိုင်မှာ မေ ၅ ရက်ကစပြီး တစ်တင်းကို ကျပ် ၅၀၀ နဲ့ ၁၀၀၀ ကြား ဈေးတက်သွားပါတယ်။ မတ်ပဲနဲ့ ပဲတီစိမ်းကို နှစ်စဉ်တန်ချိန် သုံးသိန်း ပြည်ပက ပြန်ဝယ်မယ်လို့ အိန္ဒိယအစိုးရရဲ့ ပဲတင်သွင်းခွင့်ကန့်သတ်ချက်အချို့ကို အခုလဆန်းက ပြင်ဆင်တယ်ဆိုတဲ့သတင်းထွက်အပြီး မေ ၅ ရက်မှာ ဈေးစတက်သွားတာပါ"ဟု ဦးဇော်မိုးက ပြောသည်။

အဆိုပါကြေညာချက်တွင် ပြည်ပမှ ပဲဝယ်ယူရာ၌ Quota စနစ်ကို အသုံးပြုမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပဲတင်ပို့ခွင့် ခွဲတမ်းရရှိပါက အပြန်အလှန်အားဖြင့် အိန္ဒိယမှ သကြားကို ပြန်လည်ဝယ်ယူရမည်ဆိုသည့် သတင်းများ ထွက်ပေါ်နေကြောင်း မုံရွာကုန်စည်ဒိုင် ကုန်သည်ပွဲစားများထံမှ သိရသည်။

"မုံရွာကုန်စည်ဒိုင်ကတော့ ရန်ကုန်အပေါ် အခြေခံရောင်းရတာဆိုတော့ ရန်ကုန်အိတ်စပိုတာတွေ ဖွင့်တဲ့ဈေးကြိုက်ရင်ရောင်းရပါတယ်။ တချို့တစ်ဝက်လည်း အခုရောင်းနေကြပြီ။ မုံရွာတစ်မြို့နယ်တည်းမဟုတ်ဘဲ ကျန်တဲ့မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးပေါင်းလိုက်ရင် မတ်ပဲဆိုရင် တန်တစ်သိန်းခွဲလောက်နီးနီးဟာ ကုန်သည်ပွဲစားတွေလက်ထဲမှာ ကျန်နေပါတယ်။ ပဲစင်းငုံဆိုရင်



ပြီးခဲ့တဲ့အဟောင်းတွေပါ။ တန် သုံးသိန်းလောက်အထိ ကျန်နေတာကို တွေ့ရပါတယ်"ဟု ဦးဇော်မိုးက ပြောသည်။

ပြည်တွင်းမှ စိုက်ပျိုးနေသည့် ပဲ ၈၀ ရာခိုင်နှုန်းမှာ အိန္ဒိယဈေးကွက်ကို အဓိကတင်သွင်းနေရသည့်အတွက် အိန္ဒိယအစိုးရ၏ ကြေညာချက်သည် ပြည်တွင်းပဲဈေးကွက်ကို များစွာလှုပ်ခတ်စေခဲ့ကြောင်း မုံရွာမြို့ ပဲပွဲစားအများစုက ဆိုသည်။

"အိန္ဒိယက ဝယ်မှာ သေချာရင်တော့ ရှေ့လျှောက်ဈေးကတက်မယ်လို့မြင်ပါတယ်။ တက်လည်း တက်နိုင်ပါတယ်။ တောင်သူတွေကတော့ ပဲစင်းငုံနဲ့ မတ်ပဲအပေါ်ကို စိတ်ကုန်နေကြပါပြီ။ ဒါပေမဲ့ တစ်ပိုင်တစ်နိုင်မဖြစ်မနေ ပဲစင်းငုံ စိုက်မှရမယ်ဆိုသူတွေက စိုက်မယ်ထင်ပါတယ်။ ပဲစင်းငုံမစိုက်ဘဲ မြေပဲ၊ နှမ်းစိုက်လို့ရမယ့် မြေမျိုးဆိုရင်တော့ ပြောင်းစိုက်ကြမှာပါ။ အိန္ဒိယက ဝယ်မယ့်အပေါ်မှာ သေချာပေါက် ဝယ်၊ မဝယ် မသိခင်ကတော့ ပဲနှမ်းအသင်းက လက်ကမ်းကြော်ငြာတွေ ထွက်ပါတယ်။ အဲဒီလက်ကမ်းကြော်ငြာတွေမှာ မတ်ပဲနဲ့ ပဲစင်းငုံ မစိုက်ကြဖို့ နှိုးဆော်ထားတော့ တောင်သူတွေအနေနဲ့ အစိုက်တော်တော်လျော့ပါလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ၇၅ ရာခိုင်နှုန်းလောက် လျော့နိုင်ပါတယ်။ မြေနဲ့ သင့်လျော်တဲ့ မြေပဲတို့၊ နှမ်းတို့ကို တောင်သူတွေ ပြောင်းစိုက်နေကြတာ တွေ့ရပါတယ်" ဟု မုံရွာပဲပွဲစား တစ်ဦးက သုံးသပ်ပြောသည်။

အိန္ဒိယနိုင်ငံမှ သကြားကိုဝယ်ယူပြီးပါက Re-export လိုင်စင်ဖြင့် တင်သွင်းပြီး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်မည်ဖြစ်သော်လည်း လတ်တလောတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Re-export သကြားလိုင်စင်ကို ပိတ်ထားကြောင်း သိရသည်။

"တောင်သူတွေလက်ထဲမှာ မတ်ပဲနဲ့ ပဲစင်းငုံက အထိုက်အလျောက် နည်းနည်းပဲကျန်မှာပါ။ ကုန်သည်ပွဲစားတွေနဲ့ အိတ်စပိုတာလက်ထဲမှာကျန်ပါတယ်။ မုံရွာအနေနဲ့မတ်ပဲ အိတ် ၅၀၀၀၀ လောက်၊ တန်အနေနဲ့က ၂၅၀၀၀ လောက်ကျန်မှာပါ။ ပဲစင်းငုံဆိုရင် တန် ၅၀၀၀၀ လောက်၊ အိတ်အနေနဲ့ အိတ် တစ်သိန်းလောက်ကျန်နိုင်ပါတယ်" ဟု ဦးဇော်မိုးက လက်ကျန်အခြေအနေကို ရှင်းပြသည်။

လက်ရှိ မုံရွာကုန်စည်ဒိုင်ကို ကုလားပဲ၊ ပဲစင်းငုံနှင့် မတ်ပဲ ပါးပါးဝင်ပြီး ယခုရက်ပိုင်းတွင် ဈေးတက်သည့်အသံကြားရ၍ တောင်သူများအနေဖြင့် ထိန်းရောင်းနေကြကြောင်း သိရသည်။ ချောင်းဦးမြို့နယ် မုံရွာမြို့၊ စစ်ကိုင်းမြို့နယ် မြင်းမူမြို့နယ်များက စတင်ဝင်နေပြီဖြစ်ပြီး လက်ရှိဈေးအကောင်းဆုံးမှာ ပဲတီစိမ်းဖြစ်ကာ တစ်တင်းလျှင် ငွေကျပ် ၃၅၅၀၀ ဈေးရှိကြောင်း သိရသည်။ လောလောဆယ် အသစ်ပေါ်ခါစ ကာလဖြစ်ပြီး အဝင်နည်းသေးသောကြောင့် ဈေးနှုန်းမှာလည်း နည်းနေသေးခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်ထွန်း(မုံရွာ)**




# အင်းလျားကန်ပေါင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်

**ရန်ကုန် မေ ၆**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက အများပြည်သူ အနားယူအပန်းဖြေသော ပန်းခြံနှင့် ပန်းဥယျာဉ်များ အမြဲတစေ စိမ်းလန်းစိုပြည်စေရေးအတွက် ပေါင်းသင်၊ ရေလောင်းမွမ်းမံလျက်ရှိရာ မေ ၆ ရက်က လှိုင်မြို့နယ် အင်းလျားကန်ပေါင် စိမ်းလန်းစိုပြည်စေရန် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ပေါင်းသင်၊ ရေလောင်းနေကြောင်း သိရသည်။

"အခုရက်ပိုင်း ရာသီဥတုက တော်တော်ပူတော့ ပန်းခြံတွေ၊ ပန်းဥယျာဉ်တွေမှာ လာပြီး အနားယူအပမ်းဖြေတဲ့သူတွေ များတယ်၊ အင်းလျားကန်ပေါင်မှာက မနက်စောစောဆိုရင် ကျန်းမာရေးလိုက်စားတဲ့သူတွေက ကိုယ်လက်လေ့ကျင့်ခန်းတွေ လာလုပ်ကြတယ်"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက အင်းလျားကန်ပေါင် စိမ်းလန်းစိုပြည်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေမှုကို ရှင်းပြသည်။

အင်းလျားကန်ပေါင်သို့ လာရောက်အပမ်းဖြေအနားယူကြသော အများပြည်သူတို့ စိတ်အနှောင့်အယှက် မဖြစ်ပေါ်စေရန် အင်းလျားကန်ပေါင်ပေါ်နှင့် ရန်ကုန်-ပြည်လမ်းတစ်လျှောက် လမ်းနယ်ကျူးကျော်ဈေးရောင်းချခြင်း မပြုရန် အသိပေးတားမြစ်ခြင်းနှင့် အရေးယူမှုရှိသည်ဟု ဆိုသည်။ အချို့သော ဈေးသည်များက တာဝန်ရှိသူများ အလစ်အငိုက်တွင် ဈေးရောင်းမှုများရှိနေပြီး ဈေးထွက်အမှိုက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းပြီး အင်းလျားကန်ပေါင် သာယာလှပမှုကို ထိခိုက်နိုင်သည်ဟု ဆိုသည်။

**မောင်သုည**



# လူငယ်နှင့် နိုင်ငံသားများ၏တာဝန် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**သရက် မေ ၆**
မကွေးတိုင်းဒေသကြီး သရက်မြို့ ခရိုင်ခန်းမ၌ မေ ၆ ရက်က လူငယ်နှင့် နိုင်ငံသားများ၏ တာဝန်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပခဲ့ရာ သရက်ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးနေလင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက ပြည်သူ့စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်း ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်၊ သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအာကာမင်း၊ Equality Myanmar မှ ဦးအောင်မျိုးသူတို့က လူငယ်များအနေဖြင့် မိမိတို့သိရှိရမည့် အခွင့်အရေးနှင့် လုပ်ငန်းတာဝန်များကို အသီးသီး ဆွေးနွေးကြပြီး မြန်မာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသိပ္ပံအဖွဲ့မှ ဦးဝင့်ထည်ကောင်းမြတ်က ဦးဆောင်သူအဖြစ် ဆောင်ရွက်ပေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် လူငယ်များက သိရှိလိုသည်များကို မေးမြန်းကြပြီး ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။

**ဇော်ထက်(သရက်)**

သစ်တောနဲ့ သစ်ပင် ချင်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



## အမြန်လမ်းမကြီးတွင် ယာဘက်ရှေ့ဘီးပေါက်၍ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**နေပြည်တော် မေ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၉၇/၁-၂)ကြားတွင် မေ ၅ ရက် နံနက် ၈ နာရီ ၅ မိနစ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ရန်ကင်းမြို့နယ် စိုက်ပျိုးရေးရပ်ကွက်နေ စိုင်းမင်းဇော်(၃၄)နှစ် မောင်းနှင်လာသည့် ယာဉ်မှာ ယာဘက်ရှေ့ဘီးပေါက်ကာ တစ်ဖက်ယာဉ်ကြောရှိ မြေသားလမ်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့မှုကြောင့် စိုင်းမင်းဇော်အား မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## တပ်ကုန်းမြို့ ပိတောက်ကုန်းကျေးရွာ၌ နာရေးအိမ် မီးလောင်

**တပ်ကုန်း မေ ၆**

နေပြည်တော် တပ်ကုန်းမြို့နယ် ကြိုးကြာအင်းကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ၌ မေ ၆ ရက် နံနက် ၄ နာရီခန့်က နာရေးအိမ် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပိတောက်ကုန်းကျေးရွာ သေဆုံးသူ(ဦးတင်)၏ နာရေးကိစ္စအတွက် အသုံးပြုထားသော မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းနေကြောင်း သတင်းအရ ညောင်လွန့်ကျေးရွာအုပ်စု ညောင်လွန့်နယ်မြေ မီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်ဇော် ဦးဆောင်၍ သန္တမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ကျေးရွာပြည်သူလူထုနှင့်အတူ တာဝန်ရှိသူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၄၀ တွင် မီးထိန်းနိုင်ခဲ့၍ ၄ နာရီ ၄၅ မိနစ်တွင် မီးလုံးဝ ငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့၍ သေဆုံးသူ၏ ရုပ်အလောင်းကိုပါ အနည်းငယ်မီးလောင်ကျွမ်းခဲ့ပြီး ကျန်လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**တင်စိုးလွင်**

## မော်လူးကျေးရွာ၌ အရက်ကြောင်ပြီး မိမိကိုယ်ကို အဆုံးစီရင်

**အင်းတော် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာ၌ မေ ၅ ရက် ည ၁၁ နာရီက အရက်ကြောင်ကြောင်ကာ မိမိကိုယ်ကို အဆုံးစီရင်မှု ပြုလုပ်ခဲ့ကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် မြမာလာရပ်ကွက် နေအိမ်ခြံဝင်းအတွင်း လူတစ်ဦး လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေကြောင်း နယ်မြေရဲစခန်းသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဖုန်းဖြင့် အကြောင်းကြားသဖြင့် နယ်မြေရဲစခန်းမှူး ရဲအုပ်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သန်းနိုင်ဦး(၄၅)နှစ်သည် အရက်ကြောင်၍ မိမိကိုယ်ကိုလည်ပင်းအား ဓားဖြင့် လှီးခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ် မီးဖိုချောင်ဘေးတွင် အရိုးအသွား တစ်ပေကျော်ရှိ ဓားမတစ်ချောင်းမှာ လည်ပင်းအတွင်း နစ်ဝင်နေပြီး အရှည် လေးလက်မခန့် ပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် ရဲဆေးစာမှတ်တမ်းများရယူကာ မော်လူးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြန်မာ့ရုပ်မြင်သံကြား

**၇-၅-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန) |
| ၉း၁၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၄၀ | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Copan" (Honduras) |
| ၁၀း၃၀ | စိုက်ပျိုးရေးရာ အဖြေရှာ "ကျေးရွာဖွံ့ဖြိုးဖို့ ခေါင်းဆောင်ကောင်းများ မွေးထုတ်စို့" |
| ၁၁း၀၀ | လုံမမှတ်စု(အပိုင်း-၃၅) |
| ၁၁း၁၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | "ကျေးဇူးကြီးလှ မိနှင့်ဖ" |
| ၁၃း၁၅ | သုခုမရင်ခွင် အငြိမ့်သဘင် "မန္တလေးဦးပေါစိန်နှင့်အဖွဲ့ အငြိမ့်" (မင်းသမီး-ဟန်ဝင့်ဝါ၊ လူရွှင်တော်-ပွင့်လင်း၊ ပေါစိန်၊ တက်တိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁၄း၁၅ | Tasty Trip |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ) |
| ၁၇း၀၅ | This Week's special Interest |
| ၁၇း၂၀ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၀) |
| ၁၇း၃၅ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "အဆိပ်သင့်သောစာ" (ဒိတ်ဒိတ်၊ ဝေဖြိုးဟိန်း၊ ဦးစံပေါ်၊ စိုင်းရာဇာ၊ ခင်ဖြူဖြူသန့်၊ မို့မို့သိန်း၊ သက်မွန်ကျော်)(ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၅) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း အစီအစဉ် -နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၄) -နိုင်ငံခြားဇာတ်လမ်းတွဲ မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၆) - အစီအစဉ်ပြီး၏။ |

## ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် မေ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၆ စီး၊ သွင်းကုန် ၉၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၁၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၉၁၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၈၃၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၅ ရက်တွင် သစ်ဆိပ်ပင်ကျေးရွာ ရှောင်ကွင်းလမ်းအတွင်း ရှောင်တခင်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် လေးသန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၆**

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် ညနေ ၄ နာရီက ကသာမြို့နယ် လမ်းခွကျေးရွာအုပ်စု ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူး၌ နိုင်လင်း မောင်းနှင်ပြီး မြင့်ထွန်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၊ ငွေကျပ် နှစ်သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့ ကုန်းတန်းလေးရပ်ကွက် စာကြည့်တိုက်လမ်းနှင့် အေးသာယာ လမ်းသွယ်ထောင့်ရှိ သီဟစိုး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၇၂ ပြားနှင့် အိုက်စ် ၁၈ ဂရမ်၊ အိမ်ရှေ့တွင်ရပ်ထားသည့် မော်တော်ယာဉ်၏ နောက်ဖုံးအတွင်းမှ (ဘိန်းဖြူအလေးချိန် ၉၀ ဂရမ်)၊ ဘိန်းဖြူ ပင်နီဆီလင်ပုလင်းခုနစ်ပုလင်း(ဘိန်းဖြူအလေးချိန် ၂ ဒသမ ၁ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေး ၅၄၆၉ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအမှုန့် ၃၆ ဂရမ်၊ အိုက်စ် ၈၄၁ ဂရမ်၊ ဘိန်းစိမ်း ၂၇၆ ဒသမ ၃၃ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၄၀ က မူးယစ်တပ်ဖွဲ့စု (၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့အထွက် တန့်ယန်း-လားရှိုးသွားကားလမ်း အနီးတွင် အောင်သိန်းနိုင်(ခ)ဖိုးသား မောင်းနှင်ပြီး စိုင်းဆန်ကျော်(ခ)စိုင်းကျော် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ် တစ်ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ဂေါက်ကွင်းလမ်း ပြည်သူ့ဆေးရုံကြီးအနီး၌ လီဆီး(ခ)ဂျပု(ခ)အားဂျာ မောင်းနှင်ပြီး ဂျော်နီနှင့် အားဆော်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မန့်နောင်ကျေးရွာသွား ကားလမ်း၌ ကျောက်ယူးဝင်းမောင်းနှင်ပြီး လင်လုံ(တရုတ်နိုင်ငံသား)နှင့် ချဲန်းကျင်းပြော(တရုတ်နိုင်ငံသား)တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ဘလောက်တုံး ၁၀ တုံးကိုလည်းကောင်း၊ အလားတူ မေ ၆ ရက် နံနက် ၁၀ နာရီက ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအနီး ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်း၌ ကျန်ရင်းဟောင် မောင်းနှင်သည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ၃၄ တုံး(ဘိန်းဖြူအလေးချိန် ၁၁ ဒသမ ၉ ကီလို)တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်လင်းနှင့် မြင့်ထွန်းတို့ကို သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



## ချေအသေများနှင့် တောကြောင်များ တရားမဝင် သယ်ဆောင်လာသူအား အရေးယူ

**နေပြည်တော် မေ ၆**

ရှမ်းပြည်နယ် လားရှိုးမြို့ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် သက်သေများနှင့်အတူ လားရှိုးမြို့ မြို့ရှောင်လမ်းနှင့် နမ္မတူလမ်းဆုံအနီးတွင် ပိတ်ဆို့ရှာဖွေရေးများ ဆောင်ရွက်နေစဉ် မန္တလေးဘက်မှ မူဆယ်ဘက်သို့ လားရှိုးမြို့ အဝေရာလမ်းနေ ဦးအေးညွန့်(၅၅)နှစ် မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်လာသည့် ချေအသေ ၃၃ ကောင်၊ တောကြောင်အသေ ကိုးကောင်တို့အား သိမ်းဆည်းရမိခဲ့သောကြောင့် ဦးအေးညွန့်အား လားရှိုးမြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များနှင့် ခါးပတ်မပတ်ဘဲ မောင်းနှင်သော ယာဉ်များအား အရေးယူ

**နေပြည်တော် မေ ၆**

မေ ၄ ရက် ည ၆ နာရီမှ မေ ၅ ရက် ညနေ ၅ နာရီအထိ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၂၀၁) နေပြည်တော် တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်သည့် မော်တော်ယာဉ်ခြောက်စီး၊ တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ၂၈ စီး၊ ဖြူးမြို့နယ်(၁၁၅)မိုင် ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ၁၅ စီး၊ မိတ္ထီလာမြို့နယ် သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် သုံးစီး၊ လှည်းကူးမြို့နယ် အမှတ်(၃) လမ်းဆုံတိုးဂိတ်၌ မော်တော်ယာဉ် ကိုးစီး၊ ပဲခူးတိုင်းဒေသကြီး ဘောနတ်ကြီးမီနီတိုးဂိတ်၌ မော်တော်ယာဉ်သုံးစီး စုစုပေါင်း ၆၄ စီး ဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်း တရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၈ ခုနှစ် မေ ၅ ရက်အထိ သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်အစီး ၃၁၈၁၀ ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

အလားတူ မေ ၄ ရက် ည ၆ နာရီမှ မေ ၅ ရက် ညနေ ၅ နာရီအထိ ရန်ကုန်-မန္တလေး အမြန်လမ်း တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်၌ ခါးပတ်မပတ်ဘဲ မောင်းနှင်သည့် မော်တော်ယာဉ်တစ်စီးကိုဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၁၈ ခုနှစ် မေ ၅ ရက်အထိ ခါးပတ်မပတ်ဘဲ မောင်းနှင်သော ယာဉ် ၄၇၄၄ စီးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။


**ရဲပြန်ကြား**

# မန်ယူဂုဏ်ထူးဝင်နည်းပြကြီး ဆာအဲလက်စ်ဖာဂူဆန် ဦးနှောက်သွေးယိုစီးမှုကြောင့် အရေးပေါ်ခွဲစိတ်ကုသရ











မန်ယူဂုဏ်ထူးဝင်နည်းပြကြီး ဆာအဲလက်စ်ဖာဂူဆန်မှာ မေ ၅ ရက်(စနေနေ့)တွင် ဦးနှောက်သွေးယိုစီးမှုဖြစ်ခဲ့ခြင်းကြောင့် အရေးပေါ်ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။ မန်ယူအသင်းမှ ထုတ်ပြန်သည့်ကြေညာချက်တွင် "အခြေအနေကောင်းမွန်ပြီး ရှိရင်းစွဲအခြေအနေဖြစ်တည်ရန် အထူးဂရုစိုက်ရန်လိုအပ်ပါသည်" ဟု ဖော်ပြပါရှိသည်။

လက်ရှိတွင် အသက် ၇၆ နှစ်ရှိပြီဖြစ်သည့် စကော့လူမျိုး နည်းပြကြီးက ၂၀၁၃ ခုနှစ် မန်ယူအသင်း ပရီမီယာလိဂ်ချန်ပီယံအဖြစ် အောင်ပွဲခံအပြီးတွင် နည်းပြအဖြစ်မှ အနားယူခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ် မန်ယူနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်ကို လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ရာသီကုန်တွင် အာဆင်နယ်အသင်းနှင့် လမ်းခွဲတော့မည့် နည်းပြ ဝင်းဂါးကို ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့သည်။

ဖာဂူဆန်၏ မိသားစုဝင်များက ဆဲလ်ဖို့ဒ်တော်ဝင်ဆေးရုံတွင် ရှိနေသည့်ကာလအတွင်း ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ရရှိရေးကို အဓိကထားတောင်းဆိုခဲ့ကြောင်း သိရသည်။ ဖာဂူဆန်မှာ ၁၉၉၉ ခုနှစ်တွင် တစ်နှစ်တည်း ဖလားသုံးလုံး (ပရီမီယာလိဂ်၊ အက်ဖ်အေ၊ ချန်ပီယံလိဂ်)ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဗြိတိန်ဘုရင်မကြီး၏ သူကောင်းပြုခံခဲ့ရကာ ဆာဘွဲ့အပ်နှင်းခြင်း ခံခဲ့ရခြင်းဖြစ်သည်။

ဖာဂူဆန်မှာ မန်ယူအသင်းကို ၂၆ နှစ်တာ ကိုင်တွယ်ခဲ့ပြီး ဘောလုံးသမိုင်းတစ်လျှောက် အကောင်းဆုံးနည်းပြတစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရသူဖြစ်ပြီး မန်ယူကစားသမားဟောင်းများဖြစ်သည့် ဒေးဗစ်ဘက်ခမ်း၊ စီရိုနယ်လ်ဒို တို့အပါအဝင် လက်ရှိကစားသမားများဖြစ်သည့် ဒေးဗစ်ဒီဂီယာကဲ့သို့ ကစားသမားအများစုက ဖာဂူဆန်အတွက် စိတ်ပူမိကြောင်းနှင့် အမြန်ဆုံးသက်သာစေရန် ဆုတောင်းစာများကို ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အသီးသီး ရေးသားခဲ့ကြသည်။

ဖာဂူဆန်သည် နည်းပြဘဝကို အသက် ၃၂ နှစ်အရွယ် အီစတာလင်အသင်းတွင်စတင်ခဲ့ပြီး ယင်းနောက် မာရန်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ကာ ၁၉၇၇ ခုနှစ်တွင် စကော့တစ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ ထို့နောက် ရိန်းဂျားစ်နှင့် ဆဲလ်တစ်အသင်းတို့ လွှမ်းမိုးနေသည့် စကော့တလန်ပထမတန်းတွင် အဘာဒီးနည်းပြအဖြစ် ပြောင်းလဲတာဝန်ယူခဲ့ပြီး စကော့တလန်လိဂ်ဖလားသုံးလုံးကို ရယူပေးနိုင်ခဲ့သည့်အပြင် ၁၉၈၃ ခုနှစ်တွင် ရီးယဲလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ယူရိုပီယံဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

နည်းပြ ဂျော့စတိန်းကွယ်လွန်သွားခဲ့သည့်အတွက် ၁၉၈၆ မက္ကဆီကိုကမ္ဘာ့ဖလားတွင် စကော့တလန်အသင်းကို တာဝန်ယူပေးခဲ့သော်လည်း အုပ်စုအဆင့်ကိုကျော်လွန်အောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိခဲ့ပေ။ ၁၉၈၆ ခုနှစ်ကုန်ပိုင်းတွင် မန်ယူအသင်းနည်းပြဖြစ်လာခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ပရီမီယာလိဂ်ဖလားကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။

| မန်ယူအသင်းအတွက် ဖာဂူဆန် ဆွတ်ခူးပေးခဲ့သည့် အောင်မြင်မှုများ | | |
|---|---|---|
| ပရီမီယာလိဂ်ဖလား | - | ၁၉၉၃၊ ၁၉၉၄၊ ၁၉၉၆၊ ၁၉၉၇၊ ၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၃၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၁၊ ၂၀၁၃။ |
| အက်ဖ်အေဖလား | - | ၁၉၉၀၊ ၁၉၉၄၊ ၁၉၉၆၊ ၁၉၉၉၊ ၂၀၀၄။ |
| လိဂ်ဖလား | - | ၁၉၉၂၊ ၂၀၀၆၊ ၂၀၀၉၊ ၂၀၁၀။ |
| ချန်ပီယံလိဂ်ဖလား | - | ၁၉၉၉၊ ၂၀၀၈။ |
| အင်တာကွန်တီနန်တယ်ဖလား | - | ၁၉၉၉။ |
| ဖီဖာကမ္ဘာ့ကလပ်ဖလား | - | ၂၀၀၈။ |

မေလဲ့သင်း
ရေးသားသည်



# ချန်ပီယံလိဂ်တွင် ဗိုလ်စွဲလျှင် ရီးယဲလ်ကစားသမားများက လီဗာပူးကစားသမားများထက် အပိုဆုကြေး ၁၀ ဆ ပိုရမည်



မေ ၂၆ ရက် ကိယက်မြို့မှာ ယှဉ်ပြိုင်မယ့် ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲမှာ လီဗာပူးအသင်း ဗိုလ်စွဲမယ်ဆိုပါက ကစားသမားတစ်ဦးစီ အပိုဆုကြေး ပေါင် နှစ်သိန်းစီရမှာ ဖြစ်ပေမယ့် ရီးယဲလ်အသင်းသာ လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်မယ်ဆို ရီးယဲလ်ကစားသမားတွေအနေနဲ့ လီဗာပူးကစားသမားတွေရရှိမယ့် အပိုဆုကြေးရဲ့ ၁၀ ဆ (ပေါင် နှစ်သန်း) ရရှိမှာဖြစ်ကြောင်း သိရပါတယ်။

ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုဟာ လွန်ခဲ့တဲ့နှစ်နှစ်တာကာလက ချန်ပီယံလိဂ်အောင်မြင်မှုကြောင့် အသင်းက ပေးတဲ့ အပိုဆုကြေးကို ပရဟိတရန်ပုံငွေအဖြစ် လှူဒါန်းခဲ့ဖူးပါတယ်။ ဒီနေ့ခေတ် ကစားသမားတွေဟာ လက်ရှိရရှိနေတဲ့လစာအပြင် တစ်ဦးချင်းစွမ်းဆောင်ရည်အပေါ် အပိုဆုကြေး ခံစားခွင့်တွေရရှိကြတာက စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးလိုက်တာနဲ့ ကပ်ပါလာတဲ့ ခံစားခွင့်တွေ ဖြစ်လာပါတယ်။

ရီးယဲလ်ရော လီဗာပူးအသင်းပါ ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြတာကြောင့် အသားတင်အကျိုးအမြတ် ပေါင်သန်း ၇၀ ရရှိကြမှာဖြစ်ပြီး ရီးယဲလ်အသင်းဆို ငါးနှစ်အတွင်း လေးကြိမ်ချန်ပီယံလိဂ်ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ ၂၀၁၄ ခုနှစ်ကစပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှာ လွှမ်းမိုးမှုအားအကြီးဆုံးအသင်းဖြစ်နေပြီး အဲဒီကာလအတွင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲတက်ရောက်တိုင်း တစ်ကြိမ်မှ ရှုံးနိမ့်ဖူးခြင်းမရှိသေးတာကြောင့် လီဗာပူးနည်းပြ ယာဂန်ကလော့ပ်က လီဗာပူးအနေနဲ့ အတွေ့အကြုံပိုင်းမှာ ရီးယဲလ်ထက် အားနည်းမှုရှိတယ်ဆိုတာကို ဝန်ခံခဲ့ပါတယ်။ လီဗာပူးနည်းပြ ကလော့ပ်က လီဗာပူးအသင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းက ကောင်းမွန်ပေမယ့် ဗိုလ်စွဲမယ်ဆိုရင် ပိုမိုကောင်းမွန်ပြည့်စုံမှာဖြစ်ပြီး ရေကုန်ရေခန်းကြိုးစားသွားမှာဖြစ်ကြောင်း ဆိုခဲ့ပါတယ်။



# ချန်ပီယံလိဂ်ဖလားထက် လာလီဂါဖလားရရန် ပိုမိုခက်ခဲဟု ဇီဒန်းဆို

တစ်ရာသီလုံး အပတ်စဉ် ယှဉ်ပြိုင်ရသည့် လာလီဂါဖလားက ဥရောပအမြင့်ဆုံးအောင်မြင်မှုဖြစ်သည့် ချန်ပီယံလိဂ်ဖလားရရှိရေးထက် ပိုမိုခက်ခဲကြောင်း ရီးယဲလ်မက်ဒရစ် နည်းပြ ဇီဒန်းက သူ၏အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ဇီဒန်းသည် ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်နှစ်ခွဲ တာဝန်ယူခဲ့သည့် ကာလအတွင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲအဆင့်သို့ သုံးကြိမ်တက်ရောက်နိုင်ခဲ့ပြီးဖြစ်ကာ ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်ဆက် ရယူနိုင်ခဲ့သည့်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ထားသည်။

ဇီဒန်း၏ ရီးယဲလ်မက်ဒရစ်အသင်းမှာ ယခုနှစ်ဘောလုံးရာသီ လာလီဂါ အမှတ်ပေးဇယားအဆင့် (၃)နေရာတွင်သာ ရပ်တည်နေပြီး မဟာပြိုင်ဘက် ဘာစီလိုနာအောက် ၁၅ မှတ်အကွာအထိ ရောက်ရှိနေသည်။ ဇီဒန်းက ၃၈ ပွဲ ယှဉ်ပြိုင်ရသည့် လာလီဂါဖလား ရယူရေးက ချန်ပီယံလိဂ်ကဲ့သို့ တစ်ပွဲတိုးဗျူဟာဖြင့် ယှဉ်ပြိုင်ရသည့် ချန်ပီယံလိဂ်ဖလားရရှိရေးထက် ပိုမိုခက်ခဲသည်ဟု သုံးသပ်ခဲ့ခြင်းဖြစ်သည်။ ဘောလုံးသမိုင်းတွင် ချန်ပီယံလိဂ်ဖလား အကြိမ်ရေအများဆုံး ဆွတ်ခူးထားခဲ့သည့် ရီးယဲလ်နည်းပြဟောင်း အန်စလော့တီကလည်း ချန်ပီယံလိဂ်ဖလား ရယူရေးက အမှတ်ပေးဖလား ချန်ပီယံဖြစ်ရေးထက် ပိုမိုလွယ်ကူသည်ဟု ပြောကြားခဲ့ဖူးသည်။

ဇီဒန်းက "ပိုခက်ခဲပါတယ်၊ ပိုခက်ခဲတယ်လို့လည်း ကျွန်တော် အမြဲတမ်းပြောခဲ့ပြီးသားပါ"ဟု ဆိုခဲ့သော်လည်း လာလီဂါနှင့် ကိုပါဒယ်ရေးဖလားချန်ပီယံ ဘာစီလိုနာအသင်းကို လေးစားမှုအပြည့်ရှိသော်လည်း ဂုဏ်ပြုပေးမည်မဟုတ်ကြောင်း ထပ်မံအတည်ပြုသည်။ ဇီဒန်းက ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် တွေ့ဆုံရမည့် လီဗာပူးမှာ ရီးယဲလ်မက်ဒရစ်အသင်းထက် အားနည်းသည့်အသင်းဖြစ်သည်ဟူသော အဆိုကို ငြင်းဆိုသွားခဲ့သည်။

# မိဘကူ

**စာကြီးသား(ပနီပင်)**

ရန်ကုန်တွင် ညနေ ၅ နာရီ ထိုးခါနီးချိန်ထိ သူရိန်သည် ပူရှိန်ပြင်းဆဲဖြစ်သည်။ ပင်စင်စားမို့ အလုပ်အားသည်။ နေမထိထိုင်မထိ။ အိမ်ရှေ့က ငွေပန်းပင်များအကြား မစိုက်ဘဲ ရှင်သန်ကြီးထွားနေသော 'ဆင်ငိုမြက်'များကို ရှင်းမည်အကြံဖြင့် ဆင်းသွားသည်။

သိကြားမင်း၏ လက်ဝဲ၊ လက်ယာလက်များတွင် ဘယ်သို့သောလက်နက်ကိုင်ကာ မြေပြင်သို့ ဆင်းသည် မမှတ်မိသော်လည်း ကျွန်တော့် ယာလက်တွင် မြက်ထိုးရန် ဝါးရိုးတပ် တူးရွင်းငယ်(တချို့နေရာများတွင် တလပါ ဟုခေါ်သည်။)၊ ဝဲဘက်လက်တွင် သားကြီးငယ်ငယ်က စာကျက်ရန်ဝယ်ပေးထားသည့် သားရေတုံဖုံးသည့် ခုံငယ်ကိုင်ကာ မြေသို့ ဆင်းလိုက်သည်။

ကျွန်တော်ဝလွန်းသဖြင့် ဆောင့်ကြောင့်မထိုင်နိုင်။ ခုံဖြင့်ထိုင်မှရသည်။ ခုံက ကိုးလက်မလောက်သာ မြင့်သဖြင့် ထိုင်၍ရသည်။ သို့သော်ပြန်ထချိန်တွင် တကျွတ်ကျွတ် စုတ်သပ်ကာ တစ်ခုခုကိုကိုင်ပြီး ထမှရသည်။ အိမ်ရှေ့ရေနုတ်မြောင်းဘေးတွင် ငွေပန်း ရွှေပန်းများ စိုက်ထားသည်။ နေ့စဉ်ပွင့်သည်။ ဘုရားပန်းမပူရ။ ရေမြောင်းထဲက ရေကို သစ်သားရိုးတပ်ရေပုံးဖြင့် ခပ်၍ပက်သည်။ ပိုက်ကလာသောရေကို save လုပ်ချွေတာရာ ရောက်သည်။

**ချွေးအပြိုင်း ပြိုင်းကျ**

သည်စာက ရေကိစ္စမဟုတ်သဖြင့် နောက်မှ ရေကိစ္စ ရေးမည်။ ရေဝသဖြင့် အပင်သန်သည်။ မစိုက်သော ပေါင်းပင်များ တောထနေသည်။ ဆင်ငိုမြက်များက အဆိုးဆုံး။ ယင်းမြက်များကို ဆင်သည်ပင် နှာမောင်းဖြင့် မနုတ်နိုင်ဟုဆိုသည်။ ဆင်တောင်ငိုရသောမြက်။ ဆင်ငိုမြက်ဟုခေါ်သည်။ အမြစ်များ အုံလိုက်မြေတွင်စွဲသည်။ အုံကြီးပါက လက်ဖြင့်နုတ်၍မရ။ ထို့ကြောင့် တူးရွင်းကူ ရသည်။ မြေကြီးနှင့် တူးရွင်းပြား ရှပ်ထိုးရသည်။ သုံးခါလောက်ထိုးမှ တစ်အုံကြွသည်။ သို့ကလို ထိုးရင်းဖြင့် နေမင်း၏ အပူရှိန်၊ စိုက်ထုတ်ရသော ခွန်အား၊ ဆင်ငိုမြက်များ၏ ခိုင်မြဲသောအားတို့ ပေါင်းစုကာ ချွေးအပြိုင်းပြိုင်းကျသည်။ လက်ပန်းကျလာသည်။ ချွေးများမျက်စိတွင်း ဝင်လို့စပ်သည်။ ရေဆာသဖြင့်ရေတောင်းသော်လည်း ချက်ချင်းလာမပေးသည့် အိမ်သူကို ဒေါပွသည်။ ရှင့်ဟာရှင်လုပ်တာလေ၊ ဘယ်သူကခိုင်းနေလို့လဲ ဟု ရေခွက်ကမ်းပေးရင်း ခပ်ထေ့ထေ့ပြောသည့် အိမ်သူကို တူးရွင်းဖြင့် ရိုက်ချင်နေသည်။

ရှင့်ဘယ်သူက ရိုက်ခိုင်းလို့လဲဟု ထပ်မေးမှာစိုး၍ ဒေါသ ကြိတ်မျိုလိုက်သည်။ ဆင်ငိုမြက်ကို တူးရွင်းဖြင့် ဆောင့်ထိုးသည်။ အုံလိုက်ကျွတ်ထွက်သည်။ ရှင်အတော်အားကောင်းပါသေးကလားဟု သူကပင် ထပ်ထေ့သေးသည်။ မောလိုက်တာ။ ဘယ်သူ့ကို တရားခံလုပ်ရမလဲ မသိ။ ယင်းသို့ကြံခိုက်၊ ငယ်စဉ်က သင်ခဲ့ရသော စာတစ်ပုဒ် ခေါင်းတွင်းသို့ရောက်လာသည်။ သို့ကြောင့်ပင် သည်စာ ရေးဖြစ်ခဲ့လေသည်။

"စောစောထ၊ သွားတိုက်၊ မျက်နှာသစ်၊ အိပ်ရာသိမ်း၊ အစာစား၊ အဝတ်လဲ၊ ကျောင်းသွား၊ ကျောင်းပြန်၊ မိဘကူ၊ ကစား၊ ရေချိုး၊ ညစာစား၊ စာကျက်"ဟူသော ကျောင်းသားလူငယ်များ၏ နိစ္စဓူဝလုပ်ဆောင်ဖွယ်များကို မှတ်သားလွယ်အောင် ရေးထားသောစာဖြစ်သည်။

ကျွန်တော်တို့ ပထမတန်းလောက်တွင်သင်သည်ဟု ထင်သည်။ မှားလည်းပြဿနာမရှိပါ။ သင်၍ သိ၊ သိတတ်လို့ လိုက်နာဖို့သာလိုသည်။ ထိုစာထဲမှ "မိဘကူ" ဟူသောပုဒ်ကို ကျွန်တော် ဝိဂြိုဟ်ပြုလိုသည်။ သည်ခေတ်တွင် သည်စာပိုဒ်ကို လိုက်နာဖို့ အားနည်းနေသည်ဟု ထင်သည်။ ကျွန်တော့်ကိုယ်ကျွန်တော်ပမာပြုမည်။ အကြီးကောင်က ပြည်ပတွင် အလုပ်လုပ်နေထိုင်သည်။

မိဘဖြစ်သော ကျွန်တော်တို့ကို "ငွေ" အားဖြင့်သာ ထောက်ပံ့ကူညီနိုင်သည်။ ကာယအားဖြင့် မိဘမကူနိုင်။ အငယ်မကလည်း ဆရာဝန်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းသည်။ နေ့ပိုင်းတာဝန်ကျရက် ပြန်ရောက်သည်နှင့် သူ့အခန်းထဲ တန်းဝင်၊ လေအေးစက်ဖွင့်ကာ နားသည်။ ကျွန်တော် သူ့ထမင်းချိုင့်ဆေးရသည်။ အိမ်တွင် အိမ်ဖော်မရှိ။ ညပိုင်းတာဝန်ကျပါက မနက်ပိုင်းမထ။ နေ့လယ်စာစားခါနီးမှ ထသည်။ ညကတစ်ညလုံး ဘွဲ့လွန်ဖြေဖို့ စာကျက်ရသတဲ့။ ၂၄ နာရီ တာဝန်ကျရက်ဆိုက မနက်အိမ်က ၇ နာရီခွဲ ထွက်သည်။ တစ်နေ့လုံး တစ်ညလုံးတာဝန်။ နောက်နေ့ မနက် ၁၀နာရီမှပြန်လာ။

> ❝ ခေတ်ကာလ အခြေအနေအရလည်းကောင်း၊ သားသမီးများကို အလိုလိုက်ချင်၊ မပင်ပန်းစေချင်သောစိတ်က လှုံ့ဆော်သဖြင့်လည်းကောင်း ဖိဖိစီးစီး၊ ထိထိမိမိ မသင်ပေးခဲ့ခြင်းအတွက် ...
>
> မိဘများအနေဖြင့် သားသမီးများကို ခေတ်ပေါ်လောကဓာတ်ပညာများ၊ သိသင့်မှတ်ရာများကို သင်ပေးသကဲ့သို့ "မိဘကူ"ရမည် ဟူသော အသိလည်းဝင်အောင် ... ❞

ဂျူတီကုတ်သာချွတ်ပြီး တန်းအိပ်။ ခြေသံပြင်းပြင်း စကားကျယ်ကျယ်မပြောရဲ။ ကျွန်တော်နဲ့မိန်းမ ရည်းစားဘဝ အင်းလျားကန်စောင်းတွင် ချိန်းတွေ့ရဘိသကဲ့သို့ဖြစ်သည်။ လေသံကြားသာပြော။ သူတို့အလုပ်သည်လောက်များတော့ ဘာမှ "မိဘမကူ"။ ရေချိုး နှင့် ညစာစားတော့ လုပ်သည်။ ဒါတောင် ဟင်းမကြိုက်က ဘေးမှ ဂျန်းရှင်းစကွဲယားတွင် သွားစားသတတ်။ သို့ကြောင့် သူတို့ ဘာမှမတတ်။

**မိဘကူရမည်**

မတတ်တာထက် မိဘကူရမည်ဟူသော အသိနည်းလာသည်မှာ မကောင်းဟု ထင်သည်။ ဆင်ငိုမြက် ကိုယ်တွေ့။ မိဘကို ညာတာရမည်၊ ဖေးမရမည်ဆိုသည့် ခံယူချက်နည်းလာသည်။ ယင်းကို ကျွန်တော် မကြိုက်၊ မနှစ်သက်ပါ။

ကျွန်တော်သည် မိဘအရွယ်ရောက်နေသော သားတစ်ယောက်ဖြစ်သည်။ ကျွန်တော် မိခင်မှဆိုးမကြီးကို ကျွန်တော် ကူခဲ့သည်။ ကျွန်တော်သည် "မိဘ"ကူခဲ့သဖြင့် တော်တော်များများ ကျွန်တော်လုပ်တတ်သည်။

ငယ်စဉ်က ဆင်းရဲသား (ယခုလည်း မချမ်းသာပါ) ကျွန်တော်တို့မိသားစုနေရသည့်တဲငယ်ကို ကျွန်တော့်အဖေ ခနိမိုးချိန်တွင် ကျွန်တော်ကူခဲ့သဖြင့် ခနိမိုးခြင်း၊ ခေါင်အုပ်ခြင်းကို ကောင်းစွာ ကျွမ်းကျင်တတ်မြောက်သည်။ သည်ပညာကလည်း တတ်ဖို့ခက်သည်။

စစ်သားဖြစ်လာလို့ ရှေ့တန်းတွင် တဲထိုးနေထိုင်ချိန်၊ ရွာတွင်းရှိတဲများ အကူမိုးပေးချိန်တွင် တဲပေါ်သို့ ကျွန်တော် စွေ့ကနဲရောက်သည်။ နှီးကို "ကြက်ချေးစု" ချည်ပြလိုက်တော့ "ဗိုလ်ကြီးက ရန်ကုန်သားပေမယ့် ကျွမ်းတယ်ကွ"ဟု ရဲဘော်များက ပြောသည်။(ကြက်ချေးစု နှီးချည်နည်း သိကြသူ နည်းမည်ထင်သည်။)

သူတို့နဲ့ လက်ရည်တစ်ပြင်တည်း လုပ်ပြသဖြင့် ခေါင်းဆောင်မှုပိုရသည်။ အဖေသင်ပေးသော ဖိနပ်ချုပ်သည့်ပညာသည်လည်း ဗိုလ်လောင်းဘဝမှစကာ အကျိုးပေးသည်။ တောစီးစစ်ဖိနပ်ပတ်လည်ချုပ်ရန် ငွေမကုန်စေတော့။ (မင်းသားကြီး ကျော်ဆွေပါသော စစ်ကား "ပုလဲမျက်ရည်"တွင် မင်းသမီး ခင်ယုမေစီးရန် ဖိနပ်ကို မင်းသားချုပ်ပေးသည်ကို သတိရသည်။) အခြား ဗိုလ်လောင်းသူငယ်ချင်းများကိုပင် ချုပ်ပေးနိုင်သည်။ ချုပ်ခ ခေါက်ဆွဲကြော်၊ ဒန်ပေါက် စားမကုန်။ ဒါသည် "မိဘကူ" အဖေကူသဖြင့်ရသည့် အကျိုးကျေးဇူးအချို့။ အဖေသင်ပေးသည့် ငါးမျှား၊ ကွက်ထောင်၊ မှိန်းထိုး၊ ဓားသွေး၊ တောတိုး၊ ပညာများ၏ ကျေးဇူးရေးရရင် တောသုံးတောင်မကဖြစ်မည်။

အမေကူတော့ရော ဘာဖြစ်သလဲ။ ထုံးစံအတိုင်း စိတ်ညစ်ရတာကတော့စပါသည်။ အမေသည်ဈေးစပ်သူဖြစ်သည်။ အမေနှင့် ဈေးခြင်းဆွဲလိုက်ရသည်။ သူငယ်ချင်းများက ဘောလုံးကန်ရန် လာခေါ်နေပြီ။ မေမေ ဈေးမြန်မြန်ဝယ်နော်။ သားဘောလုံး ကန်ချင်လို့ပါဟုပြောသော်လည်းမရ။ အသား၊ ငါးဝယ်တာ သေသေချာချာ ပြသည်။ ကျွန်တော့်ကို ဘဲသား၊ ငန်းသား၊ မန်ဒါလီသား၊ လိမ်ညာ ရောင်းလို့မရ။ ခေါင်း၊ ခြေထောက်ပါသောအကောင်ဖြစ်က အလွန်လွယ်သည်။ ဒက်ကနဲ ခွဲပြောမည်။ လိမ်လို့မရ။ ကျွန်တော့်မိန်းမကိုတော့ ကြိုက်သလောက်လိမ်။ သူဘာမှမသိ။ ဈေးသည်ပြောတဲ့အတိုင်း မန်ဒါလီကို တောဘဲ၊ ဓာတ်ဘဲဟုပြောရောင်း။ ဝယ်သည်။ အိမ်ရောက်မှ ကျွန်တော်နဲ့ပြဿနာဖြစ်သည်။

အသား၊ အရိုး ၊ အရေခွံကြည့်ရုံဖြင့် ဘဲလား၊ ငန်းလား၊ ကျွန်တော် ပြောမည်။ ငါးမြင်းနှင့် ငါးတန် ကောင်းကောင်းခွဲတတ်သည်။ မွေးငါးတန်၊ မြစ်ငါးတန်ခွဲပြမည်။ လယ်ငါးခူ၊ အင်းထဲမှငါးခူ၊ အာဖရိကငါးခူ၊ ဘယ်ကောင်ကဘာ။ သေသေချာချာ ပြောမည်။ ဈေးသည်များ ကျွန်တော့်တော့ ညာမရောင်းရဲ။ ရေထိုးထားသောအသား မထိုးသော အသား။ အမေကခွဲခြားသင်ပေးသည်။ ချိန်ခွင်ကို ငါးစိမ်းသည်မလိုက်သည်နှင့် အလေးထည့်သည့် ဘောင်ကိုလက်သန်းမထောက်ထားနဲ့ မဖိနဲ့လို့ ကျွန်တော် ပြောပြမည်။ အလေးခိုးမရ။ တစ်ပိဿာ ၂၆၄၅ ကျပ်။ အဝက်သား ၁၂ ကျပ်ခွဲသား ဘယ်လောက်ဆိုတာ အမေ ဒက်ကနဲပြောသည်။ အမေက လေးတန်းသာတတ်သည်။ မေမေဘယ်လိုတွက်သလဲ၊ သားတွက်လို့မရဘူးဟုဆိုလျှင် မိန်းမတွက် တွက်နည်း၊ အမေသင်ပေးသည်။

မျက်နှာကြည့်လူကဲခတ်နည်း၊ မျက်နှာရိပ် မျက်နှာကဲကြည့်ကာ နေထိုင်နည်းများ မေမေသင်ပေးသည်။ ယခုထိ မေမေ့စကား သင်ပေးချက်များ မှန်တုန်းဖြစ်သည်။ ယုတ်စွအဆုံး လက်ခစားဖဲကစားလျှင်ပင် (ကျွန်တော် ဆင်းရဲသဖြင့် ငွေထုတ်ပေးသော သူငယ်ချင်းကို ကော်မရှင်စား ကစားပေးရခြင်းဖြစ်သည်။ အမေမသိ) မျက်နှာရိပ် မျက်နှာကဲကြည့်ကာ ကစားသဖြင့် ကျွန်တော် ဘယ်တော့မှမရှုံး။ သို့သော် စစ်တပ်ထဲ ရောက်ကတည်းက ကျွန်တော် ဖဲမကစားတော့။ ဒါက အမေ့ကျေးဇူး။ ဈေးက ပြန်ရောက်တော့ဆွဲခြင်းချ၊ လမ်းပေါ်ပြေးရန်မကြံနဲ့။ ဈေးစာရင်းပေါင်းရသည်။ ငါးပြားကွာလို့မရ။ ထပ်ပေါင်း။ ကိုက်မှ သွားဆော့။ ဈေးမလိုက်ရလို့ ဘောလုံးကန်ရမယ်မထင်နဲ့။ ကြက်သွန်နီ၊ အာလူးခွာရတာဖြင့် ပို၍ သေချင်စော်နံသည်။

အမေသည် ဈေးပေါသော ကြက်သွန်၊ အာလူး တစ်ခြမ်းပုပ်များဝယ်သုံးသည်။ ပုပ်တဲ့အပိုင်းဖယ်၍ ချက်လျှင် အရသာ အတူတူ။ ပုပ်သည့်အပိုင်း ဖြတ်ထုတ်ထားတာတွေပြရသည်။ ဖယ်ထုတ်ဖြတ်ထုတ်တာများရင် ခေါင်းပူအောင် အခေါက်ခံရသည်။ ကြက်သွန်နီကို အသားအများဆုံးကျန်အောင် ကျွန်တော် လှီးတတ်သည်။ စဉ်းတုံးမပါဘဲ လက်ပေါ်တွင် ကြက်သွန်ပါးပါး ကျွန်တော်လှီးတတ်သည်။ ပါးလွှာနေစေရမည်။

**ကျေးဇူးကားများ**

အမေ့ကူရသဖြင့်ရသော ကျေးဇူးကားများစွာ။ တောတွင်းရှာဖွေစားသောက်ခြင်း သင်ခန်းစာသင်ချိန်တွင် ကျွန်တော် ပြုံးနေလိုက်သည်။ ဘယ်အရွက်ကဘာ၊ ဘယ်လိုချက်။ ကျွန်တော် သိပါသည်။ ရှေ့တန်းတွင် အားလပ်က ရဲဘော်တွေကို ဟင်းချက်ကျွေးခဲ့သည်။ ကောင်းလိုက်တာ ဗိုလ်ကြီးရာဟု မြှောက်ပြောလေ ချက်ကျွေးလေပေါ့။

မိန်းမရတော့လည်း ထမင်းကိုကော့နေအောင်၊ ဟင်းကို အရသာရှိအောင် ချက်ပြထားသောအခါတွင်မူကား ရှင်ကပိုတတ်တယ်။ ရှင်ချက်။ ဖေကြီးချက်ကျွေးပါဆိုတာတွေကတော့ ဟတ်ထိလွန်ကာ ဟတ်လျံဖြစ်သွားသည်။ ပြောချင်တာက အိမ်ထောင်ထိန်းသိမ်းရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ မိဘနှင့် သားသမီး ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့သည် "မိဘကူ"မှ ရသည်ကို ညီ၊ ညီမ၊ တူ၊တူမ၊ သားသား၊ မီးမီးများသိစေချင်သည်။ လေးလေးနက်နက် သိစေ၊ တန်ဖိုးထားစေ့ချင်သည်။

နောက်တစ်ခုလည်းပြောချင်သည်။ ကျွန်တော့် အဖေနှင့် အမေပေးသည့် အသိပညာများ၊ အတတ်ပညာများကို ကျွန်တော် သားသမီးများကို သင်ပေးခဲ့သည်။ သို့သော် ခေတ်ကာလ အခြေအနေအရလည်းကောင်း၊ သားသမီးများကို အလိုလိုက်ချင်၊ မပင်ပန်းစေချင်သောစိတ်က လှုံ့ဆော်သဖြင့်လည်းကောင်း ဖိဖိစီးစီး၊ ထိထိမိမိ မသင်ပေးခဲ့ခြင်းအတွက် သူတို့သိပ်မတတ်သဖြင့် ကျွန်တော့်မှာ တာဝန်ရှိသည်ဟု ဝန်ခံသည်။

ထို့ကြောင့် သည်ခေတ်မိဘများအနေဖြင့် သည်ခေတ်သားသမီးများကို ခေတ်ပေါ် လောကဓာတ်ပညာများ၊ သိသင့်မှတ်ရာများကို သင်ပေးသကဲ့သို့ "မိဘကူ"ရမည် ဟူသော အသိလည်းဝင်အောင် လေ့ကျင့်ပျိုးထောင်စေချင်သည်။ သည်သို့မှမဟုတ်လျှင်ဖြင့် "ဆင်ငိုမြက်" နှင့် တွေ့လျှင် လူ့မျက်ရည်သည် "ဘူးသီး" လောက်ကြီးတတ်သည်ကို မိဘရော၊ သားသမီးများပါ သိစေချင်သည်။

**မိဘဝတ်၊ သားသမီးဝတ် ကျေပွန်နိုင်ကြပါစေ။**

## ကျောင်းတွင်း၊ ကျောင်းပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**အုတ်ဖို မေ ၆**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် မေ ၆ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ရွာမရပ်ကွက်ရှိ အုတ်ဖိုအထက်တန်းကျောင်းနှင့် အေးမြသာယာကျေးရွာအုပ်စု အမှတ်(၇) ရပ်ကွက်ရှိ အေးမြသာယာအထက်တန်းကျောင်းတို့တွင် ကျောင်းဝင်းအတွင်းအပြင် စုပေါင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စုစုကြည်၊ အုတ်ဖိုမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်တင်ရွှေနှင့် တပ်ဖွဲ့ဝင်များ၊ အုတ်ဖိုအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

၅၂၆



## မှူခင်းအသိပညာပေး

**စမ်းချောင်း မေ ၆**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း ရှင်စောပုဓမ္မာရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်တို့က ရပ်ကွက်နေ ပြည်သူများအား သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေးခြင်းကို မေ ၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကျော်ကျော်(စက်မှုတက္ကသိုလ်)

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ချင်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ဖလမ်း မေ ၆**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၄ ရက် နံနက်ပိုင်းက ဖလမ်းမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ခွန်းလီ-ခုပ်မွန်-ဘွာလ်မင်း-ကြီးကြိုင်ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ခွန်းလီကျေးရွာရှိ ယာယီရှင်းလင်းဆောင်၌ လမ်းဖောက်လုပ်သည့် Smooth Life Co.Ltd မှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခွန်းလီကျေးရွာနှင့်ခုပ်မွန်ကျေးရွာအကြား လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ ခွန်းလီ-ခုပ်မွန်-ဘွာလ်မင်း-ကြီးကြိုင်ကြား မြေသားလမ်း ၁၁ မိုင်ဖောက်လုပ်ခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၂၀၄ ဒသမ ၂၆၆ သန်းဖြင့် Smooth Life Co.Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာခန်းမ၌ ဖလမ်းမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ရေပေးဝေရေးနှင့်ပတ်သက်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လည်းကောင်း၊ ဖလမ်းမြို့ရေပေးဝေရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ကျော်က မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ ဖြည့်စွက်တင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများက အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တပ်ကုန်း မေ ၆**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာများ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်၊ အောင်မြင်မှု၊ အားနည်းချက်၊ အားသာချက်များနှင့် ပတ်သက်၍ မြို့နယ်အဆင့် သုံးသပ်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မေ ၃ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်တို့က အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း အားနည်းချက်၊ အားသာချက်များ ဆွေးနွေးတင်ပြခဲ့ပြီးနောက် စံပြစီမံကိန်းကျေးရွာဆုကို ရွေးချယ်ကြသည်။

တပ်ကုန်းမြို့နယ်တွင် အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာများမှာ ကြက်သွန်ခင်း၊ သပြေကုန်း၊ ကျီးအင်း၊ မယ်ဇလီကျင်း၊ သဲချောင်းနှင့် လယ်ဇပင်ကျေးရွာများဖြစ်ပြီး ယင်းကျေးရွာများအနက် သတ်မှတ်စည်းကမ်းချက်များ ပြည့်စုံသော သပြေကုန်းကျေးရွာက ပထမဆု၊ မယ်ဇလီကျင်းကျေးရွာက ဒုတိယဆုရရှိကြောင်း သိရသည်။

**တင်စိုးလွင်**



## အမရပူရမြို့နယ်လုံးဆိုင်ရာ သံဃာအပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**အမရပူရ မေ ၆**

အမရပူရမြို့နယ်တွင်မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် ရပ်မိရပ်ဖများစုပေါင်း၍ ပထမဆုံးအကြိမ်အဖြစ် မြို့နယ်လုံးဆိုင်ရာ သံဃာအပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို မေ ၅ ရက် ညနေ ၃ နာရီက အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက် တောင်သမန်အင်းအနောက်ဘက်ထိပ်တွင် ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် အမရပူရမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းအသီးသီးမှ သံဃာတော်များကို ပင့်ဖိတ်၍ လောင်းလှူခဲ့ခြင်းဖြစ်ပြီး မြို့နယ်သုဓမ္မရွေကျင် ဆရာတော်သံဃာတော်များက လာရောက်ကြီးကြပ်ပေးခဲ့ကြောင်း အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပရေးကော်မတီဝင် ဦးသန်းမြင့်(တောင်မင်းကြီးဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ)ကပြောပြ၍ သိရသည်။

"ဒီအခမ်းအနားကို တောင်သမန်အင်းအနားမှာ ကျင်းပရတဲ့ရည်ရွယ်ချက်က ဦးပိန်တံတားနဲ့ တောင်သမန်အင်းဆိုတာက နိုင်ငံခြားသားခရီးသွားတွေ အများကြီးလာရောက်လည်ပတ်ကြတဲ့နေရာတစ်ခုဖြစ်တယ်။ ဒါကြောင့် နိုင်ငံတကာကို မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဖွံ့ဖြိုးထွန်းကားတဲ့ နိုင်ငံဆိုတာကို သိစေချင်တဲ့အတွက်ပါ။ ဒါ့အပြင် ဒီအမရပူရမြို့နယ်ဆိုတာ သာသနာနှစ်ရပ်ထွန်းကားတဲ့ မြို့နယ်တစ်ခုဖြစ်တယ်။ လက်ရှိအချိန်မှာ သံဃာတော်တွေကို ပံ့ပိုးလှူဒါန်းဖို့ စောင့်ရှောက်ဖို့လိုနေတယ်။ ဘာကြောင့်လဲဆိုရင် ခေတ်ပညာတွေတိုးတက်လာတာနဲ့ အကြောင်းအမျိုးမျိုးကြောင့် သံဃာတော်အင်အားနည်းပါးလာတယ်။ ဒါကြောင့် တပည့်၊ ဒါယကာတွေက သာသနာကို စောင့်ရှောက်ရာမှာ သံဃာတော်တွေကို ပံ့ပိုးလှူဒါန်းဖို့ လိုတယ်ဆိုပြီး ဆုံးဖြတ်ကြတဲ့အတွက် အခုလိုကျင်းပရခြင်းဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

၎င်းဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့မိမြို့ဖများ၊ တောင်သမန်တံတားသို့ လာရောက်ကြသူများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ စုပေါင်း၍ သံဃာတော်တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ခြောက်သောင်းနှင့် လှူဖွယ်ဝတ္ထုများလောင်းလှူခဲ့ရာ ခန့်မှန်းလှူဒါန်းငွေကျပ် သိန်း ၁၅၀၀ ခန့် သုံးစွဲခဲ့ကြောင်းသိရသည်။

အမရပူရမြို့နယ်လုံးဆိုင်ရာ သံဃာအပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်မင်းကြီးဘုရားဂေါပကအဖွဲ့၊ မန္တလေးတောင်တော် ဂေါပကအဖွဲ့၊ ဝေဠုဝန်ဇနာ ကျောက်စိမ်းစေတီဂေါပကအဖွဲ့နှင့် စေတနာရှင် အလှူရှင်အသင်းအဖွဲ့စုစုပေါင်း ၂၀၀ နီးပါးတို့က လာရောက်လောင်းလှူခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နှစ်(၇၀)ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်၌ စုပေါင်းသွေးလှူဒါန်း

**တာချီလိတ် မေ ၆**


၂၀၁၈ ခုနှစ် မေ ၈ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၅ ရက် နံနက် ၁၀ နာရီက တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့သည်။

အဆိုပါ သွေးလှူဒါန်းမှုအား မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးထိန်မင်းနှင့် အလုပ်အမှုဆောင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များတက်ရောက်ခဲ့ပြီး သွေးအလှူရှင် ၂၄ ဦးတို့က စုပေါင်းလှူဒါန်းကြရာ သွေးလှူဒါန်းသူများအား တာဝန်ရှိသူများက အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပြန်လည်ထောက်ပံ့ ပေးသည်။

ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေတိုးချဲ့ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ရာ ဒုတိယ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(တောင်ကြီး)မှ ဒေါက်တာစိုင်းဝင်းဇော်လှိုင်က ဆေးလိပ်ကင်းစင်နယ်မြေများအား ပြည်သူများ ပိုမိုအာရုံထားနိုင်ရေး သတိပေးဆိုင်းဘုတ်များထားရှိရေး၊ ဆေးလိပ်သောက်သုံးရန်နေရာများ သီးသန့်သတ်မှတ်ထားနိုင်ရေး၊ လုပ်ငန်းများထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင် ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် တာချီလိတ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းနှင့် တက်ရောက်လာသူများက ဆေးလိပ်ကင်းစင်နယ်မြေများ စနစ်တကျအောင်မြင်စွာဖြစ်စေရေး အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲများအား ပဉ္စမနေ့အဖြစ် မေ ၆ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

ပဉ္စမနေ့ တစ်ဦးချင်းပွဲစဉ်များအဖြစ် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၁၉ ဦးသည်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးစစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်စုစုပေါင်း ၂၃ ဦးသည်လည်းကောင်း၊ အသက် ၂၀ အောက် စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၃ ဦး တို့သည်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလွတ်တန်းစစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်စုစုပေါင်း ၂၇ ဦးတို့သည်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲကို မေ ၂ ရက်မှ ၉ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ရုံတွင် ပြိုင်ပွဲများကို နေ့စဉ်နံနက် ၉ နာရီမှ စတင်၍ ဆက်လက်ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်အားပေးနိုင်ပါကြောင်း သိရသည်။

**မောင်မောင်ဇော်**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့်ဆန်းစစ် သုံးသပ်ဆွေးနွေး

**မဘိမ်း မေ ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ မြို့နယ်အတွင်း ကျေးရွာပေါင်း ၂၀ တွင် ယူနစ် ၂၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ပြီးစီးမှုအား မြို့နယ်အဆင့် ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကို မေ ၄ ရက်က မြို့နယ်ကျေးလက်ဦးစီးမှူး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သုံးသပ်ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုင်းတင်ထွန်းဦးက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ အတိုးငွေရရှိမှု၊ အရင်းမတည်ငွေ ပြန်လည်ပေးသွင်းမှု အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။ မဘိမ်းမြို့နယ်တွင် မြစိမ်းရောင်ချေးငွေ စုစုပေါင်း ကျပ် ၃၀၀၈ ဒသမ ၆၃ သန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။

ယင်းသုံးသပ်ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်မြစိမ်းရောင် ကော်မတီဝင်များနှင့် ကျေးရွာမြစိမ်းရောင်ကော်မတီများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြတ်သူရိန်**

# မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကယားပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု



**မယ်စဲ့ မေ ၆**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိသည် မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၆ ရက် နံနက် ၈ နာရီခွဲက မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေများဖြင့် ငွေနှင်းတောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် မြောက်ပိုင်းရပ်ကွက်ရှိ အမှတ် (၁) မြို့ရှောင်လမ်းအရှည် ပေ ၆၀၇၀၊ အကျယ် ၁၂ ပေကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ အဆိုပါလမ်းပေါ်ရှိ (၅×၂၄×၅) ပေ Box Culvert ရှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ (၂၀× ၂၄× ၁၀) ပေ RC ကွန်ကရစ်တံတားတစ်စင်းနှင့် (၁၀×၂၄×၈) ပေ RC ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ အရှည်ပေ ၁၇၇၀၊ အကျယ်ပေ ၄၀ မြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်းကိုလည်းကောင်း၊ တောင်ပိုင်းရပ်ကွက်ရှိ မိုးထက်ကြယ်ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်နေသည့် စံချိန်မီဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ TVI သစ်စက်ဟောင်းနေရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်ဈေးဖွင့်လှစ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ်အကျိုးရှိစွာဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မြောက်ပိုင်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် မန်းဘခိုင်လမ်းဆုံရာ၌ Box Culvert တည်ဆောက်မည့်အခြေအနေ၊ မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံ တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များမှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**မင်္ဂလာတောင်ညွန့် မေ ၆**

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး စားပွဲတင်တင်းနစ် ဆပ်ကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် မွန်းလွဲ ၁ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို မေ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသားအသင်းလိုက်၊ အမျိုးသမီးအသင်းလိုက်နှင့် ၂၅ နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းတို့ဖြစ်ကြပြီး ပြိုင်ပွဲဝင် အသင်း ၃၄ သင်း၊ ကစားသမား ၂၀၀ ကျော်ခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုအားပေးနိုင်သည်။

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး စားပွဲတင်တင်းနစ် ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်အောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ တပ်မတော် စားပွဲတင်တင်းနစ်ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမင်းထွဋ်နှင့် ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

**သက်မှူး**



# ဆီးချို၊ သွေးချိုရောဂါ ထိရောက်စွာကုသမှု ပေးနိုင်ရန် အိန္ဒိယနိုင်ငံ ကျန်းမာရေး ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ သင်တန်းပို့ချ

**မရမ်းကုန်း မေ ၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဟော်မုန်းရောဂါဗေဒအဖွဲ့)၊ မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုရောဂါအသင်းနှင့် အိန္ဒိယနိုင်ငံ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ဖွင့်လှစ်သည့် Certificate Course in Evidence Based Diabetes Management, Myanmar သင်တန်းစတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဝိတိုရိယဆေးရုံ၌ ပြုလုပ်သည်။

မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းဥက္ကဋ္ဌပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က “မြန်မာနိုင်ငံမှာ ပထမဆုံးဖွင့်တဲ့ သင်တန်းဖြစ်ပါတယ်။ နိုင်ငံတကာမှ သုတေသနလုပ်ထားသည့် တွေ့ရှိချက်တွေကို သင်ကြားမှာဖြစ်တဲ့အတွက် နေ့စဉ်နဲ့အမျှ တိုးလာနေတဲ့ ဆီးချို၊ သွေးချိုရောဂါကုသရေးမှာ နိုင်ငံတကာ အဆင့်မီကုထုံးတွေကို ထဲထဲဝင်ဝင်သိကာ မိမိတို့ကိုယ်တိုင်တတ်ကျွမ်းပြီး ကျွမ်းကျွမ်းကျင်ကျင်နဲ့ ကုသသွားတတ်ဖို့ အဓိကရည်ရွယ်ပါတယ်” ဟု ပြောသည်။

ဂရင်းဟဲသာဆေးရုံကြီး၊ ဝိတိုရိယဆေးရုံကြီးနှင့် မန္တလေးဆေးရုံကြီးတို့တွင် သုံးနေရာခွဲ၍ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဝိတိုရိယဆေးရုံကြီး၌ ဖွင့်လှစ်သည့် သင်တန်းမှာ ပထမဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူလူဦးရေ၏ ၁၀ ယောက်တွင် တစ်ယောက်နှုန်း ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားနေသည့်အတွက် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆရာဝန်များအနေဖြင့် နည်းစနစ်ကျပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ကုထုံးများဖြင့် ပိုမိုကျွမ်းကျင်စွာ ကုသပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင်ပို့ချမည့် သင်ရိုးညွှန်းတမ်းများသည် အပြည်ပြည်ဆိုင်ရာ ဆီးချို၊ သွေးချိုရောဂါအသင်းချုပ်ကြီးက ၂၀၁၄-၂၀၁၆ ခုနှစ်အတွက် လည်းကောင်း၊ တောင်အာရှ ဟော်မုန်းရောဂါဗေဒအသင်းကြီးက ၂၀၁၇-၂၀၁၉ ခုနှစ်အတွက်လည်းကောင်း ဆရာဝန်များအတွက် အလွန်ကောင်းမွန်သော ဆီးချို၊ သွေးချိုရောဂါကုသရေး သင်ရိုးညွှန်းတမ်းတစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။

သင်တန်းကာလမှာ ၁၂ လဖြစ်ပြီး တစ်လလျှင် တစ်ရက်သာ သင်တန်းတက်ရောက်ရမည်ဖြစ်ကာ ကျန်အချိန်များတွင် အီးမေးလ်မှတစ်ဆင့် သင်ကြားပို့ချမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းခေါ်ဆိုချိန် ၁၂ ခုတွင် တက်ရောက်ရန် ပျက်ကွက်မှုများရှိခဲ့ပါက သင်တန်းဆင်းလက်မှတ် ချီးမြှင့်မည်မဟုတ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်နိုင်ရန် အိန္ဒိယနိုင်ငံ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဟော်မုန်းရောဂါဗေဒ ပညာရှင်အသင်း) နှင့် မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုရောဂါအသင်းတို့ပူးပေါင်းပြီး နားလည်မှု စာချွန်လွှာကို ဇန်နဝါရီ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

သင်တန်းသို့ မြန်မာနိုင်ငံ ဆေးတက္ကသိုလ်တစ်ခုခုမှ ဆေးပညာဘွဲ့ (MBBS or Equivalent Degree) ရရှိထားပြီး ဆေးကုသမှု အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိပြီးသူများ၊ နယ်ပယ်အသီးသီးမှ ဆေးပညာဘွဲ့လွန် ဒီကရီရရှိထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သီသီမင်း**

# တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး တာဝန်နှင့်စည်းကမ်းများလိုက်နာ

**ရန်ကုန် မေ ၆**

တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးအတွက် အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ မေ ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်က တရားမျှတသည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်စေရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ်ပေါ်ထွန်းစေရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက်ရုံးဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေပါ တာဝန်နှင့် စည်းကမ်းများကို လိုက်နာရန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်သော မိမိရာထူးအဆင့်အလိုက် တရားဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်၊ တရားရုံးအသုံးပြုသူများအပေါ် ကောင်းမွန်သောဝန်ဆောင်မှုပြုရန်၊ တရားရုံးလုပ်ငန်းစဉ်များအပေါ် ပြည်သူများလက်လှမ်းမီရေးကို အလေးဂရုပြုရန်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရန်၊ မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ မိမိလုပ်ဆောင်ချက်တိုင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြရန် မှာကြားပြီး ရုံးဝန်ထမ်းများက တင်ပြသည့် ဆွေးနွေးအကြံပြုချက်များနှင့် အခက်အခဲများကို ပြန်လည်ဆွေးနွေး ဖြေရှင်းပြောကြားခဲ့သည်။



အဆိုပါအစည်းအဝေးသို့ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ တရားသူကြီးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ ရုံးဝန်ထမ်းများ စုစုပေါင်း ၁၈၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ရွှေအင်းသားခင်မောင်ဝင်း**

# ပဲခူးမြို့ အမှိုက်ခွဲခြားသန့်စင်စက်ရုံ လုပ်ငန်းဆောင်ရွက်ရန် စက်ပစ္စည်းကိရိယာများ ရောက်ရှိ

**ပဲခူး မေ ၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပဲခူးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ အနီးကပ် ကြီးကြပ်မှုဖြင့် ပဲခူးမြို့ နန်းတော်ရာရပ်ကွက်၊ ဟသ်ာကုန်းရပ်ကွက်နှင့် ကတွင်းခြံကျေးရွာအုပ်စုအကြားရှိ ဖဲဖောင်တော်ကွင်း သုသာန်ဟောင်းနေရာတွင် တစ်နေ့လျှင် အမှိုက်တန် ၂၀ ခွဲခြားသန့်စင်ပေးနိုင်သော ပထမဦးဆုံး အမှိုက်ခွဲခြားသန့်စင်စက်ရုံအား တည်ဆောက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

အမှိုက်ခွဲခြားသန့်စင်ပေးမည့် စက်ပစ္စည်းများကို ထိုင်းနိုင်ငံအခြေစိုက် စိုင်ယန်ကွန်ပိုကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုထားရှိပြီး ပေ ၁၀၀ ပတ်လည်စက်ရုံတည်ဆောက်ခြင်း၊ အမှိုက်ခွဲခြားသန့်စင်စက်ရုံ ဂိုဒေါင်တည်ဆောက်ခြင်း၊ ရုံးခန်းတည်ဆောက်ခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းနှင့် ရေစက်တပ်ဆင်ခြင်း၊ ၂၀၀ KVA ထရန်စဖော်မာတပ်ဆင်ခြင်းစသည့် လုပ်ငန်းများကို ပဲခူးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူကာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ်သိန်း ၂၂၅၀ ဖြင့် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် စက်ပစ္စည်းကိရိယာများ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါ အမှိုက်ခွဲခြားသန့်စင်စက်ရုံသည် လူ့စွမ်းအားအရင်းအမြစ်များနှင့်အတူ အမှိုက်များကို ခွဲခြားစိတ်ဖြာပြီး မြေဩဇာထုတ်လုပ်ရရှိနိုင်မည့် အမှိုက်များအား သဘာဝမြေဩဇာအဖြစ်ထုတ်ကာ သံသတ္တု၊ ဖိုက်ဘာ၊ ပုလင်း၊ ဘီယာဘူးခွံစသည့် ပြန်လည်အသုံးပြုနိုင်သည့် အမှိုက်များအား အလုပ်သမားစရိတ်ရရှိစေရန် ဈေးကွက်သို့ ပြန်လည်ရောင်းချမည်ဖြစ်သည်။

“စက်ရုံတည်ဆောက်ပြီး လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာလည်း ရောက်ကြောင်း၊ စက်ရုံတည်ဆောက်မယ့် နေရာ၊ ရုံးခန်း၊ ရေစင်၊ ရေတွင်း၊ ထရန်စဖော်မာတွေကို ဆောင်ရွက်နေပါတယ်။ ပြည်ပက မှာယူထားတဲ့ တစ်ရက်တန် ၂၀ ကျစက်ကို စမ်းသပ်ဆောင်ရွက်မှာပါ။ ဒီစက်ရဲ့နည်းပညာကိုယူပြီး ဒီကပညာရှင်တွေနဲ့ ဒီထက်ကြီးတဲ့ စက်ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ယခု တန် ၂၀ ကျ စက်ကိုလည်း ဇွန်လပထမပတ်အတွင်း လုပ်ငန်းစတင်လည်ပတ်နိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်” ဟု ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက် အင်ဂျင်နီယာဦးဇော်နိုင်က ပြောသည်။

ပဲခူးမြို့တွင် တစ်ရက်လျှင် အမှိုက်တန် ၆၀ မှ ၈၀ အထိ ထွက်ရှိနေပြီး ယခုတည်ဆောက်လည်ပတ်မည့် အမှိုက်ခွဲခြားသန့်စင်စက်သည် တစ်ရက်လျှင်တန် ၂၀ ခွဲခြားသန့်စင်ပေးနိုင်ပြီး အမှိုက်များကို ခွဲခြားသန့်စင်၍ ဈေးကွက်တွင် ပြန်လည်အသုံးပြုခြင်းဖြင့် အမှိုက်များစုပုံမှု လျော့နည်းသွားရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ဟသ်ာတ မေ ၆**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဟသ်ာတခရိုင်အတွင်းရှိ မြို့နယ်များတွင် ကွင်းဆင်းဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မေ ၅ ရက် မွန်းလွဲ ၂ နာရီက ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဟသ်ာတခရိုင်အတွင်းရှိ ဟသ်ာတ၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်များတွင် ကွင်းဆင်းဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၃၇ ခုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးနှင့် ဟသ်ာတမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့်မြို့နယ်များမှ ကျေးရွာပြည်သူများကိုယ်စား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန၏လုပ်ငန်းရည်မှန်းချက် (၁၉) ချက်အနက် ပြည်သူလူထုများနှင့် အခြေခံကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးရေးဆိုသည့် အချက်အတိုင်း ရက်ကွက်၊ ကျေးရွာများနှင့် ကျောင်းများအရောက် ကွင်းဆင်း၍ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## သတင်းစီးဆင်းမှု မြန်ဆန်သွက်လက်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၆**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများအား သတင်းစီးဆင်းမှု မြန်ဆန်သွက်လက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၆ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒက္ခိဏခရိုင် သင်တန်းကျောင်း၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့် ဖြည့်ဆည်းရေးနှင့် နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးဆိုင်ရာများကို Power Point ဖြင့်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အရာထမ်း၊ အမှုထမ်း ၃၆ ဦးတို့ တက်ရောက်လျက်ရှိပြီး ဆွေးနွေးမှု များအား နှစ်ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်ရန်နှင့် မီဒီယာမှတစ်ဆင့် ပြည်သူတို့ထံ သတင်းများ ရောက်ရှိစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**

## တမူးမြို့နယ် ပေရယ်မွန်ခန်းမ၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်းကျင်းပ



**တမူး မေ ၆**
စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တမူးလူငယ်ကွန်ရက်တို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်းကို မေ ၅ ရက် မွန်းလွဲ ၂ နာရီက တမူးမြို့ ပေရယ်မွန်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သင်းအောင်က ယနေ့ကျင်းပသည့် ပြည်သူ့စကားဝိုင်းမှာ များစွာအကျိုးရှိပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ဟာ လူငယ်များအကြား များစွာထိုးဖောက် ဝင်ရောက်နေပြီဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် နှိမ်နင်းဖို့ရန် ဌာနဆိုင်ရာများ၊ ပြည်သူလူထုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်မှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးနိုင်နိုင်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဦးတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ အနာဂတ်ကာလတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းပြည်သူ့စကားဝိုင်းသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး မူးယစ်ဆေးဝါးအန္တရာယ်များအား အကြံပြုဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းမင်းအောင်(ပြန်/ဆက်)**

## မြစ်ရေသန့်ပေးဝေမှုကြောင့် သောက်သုံးရေကန်များ ခန်းခြောက်မှုမရှိ

**ဖျာပုံ မေ ၆**
မြစ်ဝကျွန်းပေါ်ဒေသတွင် ပါဝင်သည့် ဖျာပုံမြို့သည် မြေအောက်မှ ရေကောင်းရေသန့်မရရှိ၍ မိုးရေသိုလှောင်ထားသည့် ကန်ရေ သောက်သုံးလာခဲ့သည်မှာ မြို့တည်သည့်ရက်မှ ၂၀၁၇ ခုနှစ် ဧပြီအထိဟု ဆိုရမည်ဖြစ်သည်။

နှစ်စဉ် မတ်နှင့် ဧပြီတို့တွင် သောက်သုံးရေကန်များ ခန်းခြောက်လျက် ရန်ကုန်မြို့မှ ရေသန့်များ မှာယူသောက်သုံးရသည့် နှစ်များလည်းရှိခဲ့သည်။ ယခုနှစ်ဧပြီလကုန်သည်အထိ သောက်သုံးရေကန်များ ရေခန်းခြောက်မှုမရှိဘဲ ရပ်ကွက်များအတွင်း ရေလှည်းဖြင့်ရောင်းချသည့် ဈေးများလည်း ဈေးတက်ခြင်းမရှိကြောင်း သိရသည်။

သောက်သုံးရေခက်ခဲသည့် ဖျာပုံမြို့တွင်တာဝန်ရှိသူများက ဂျပန် JICA မြစ်ရေသန့်စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် မေတွင် မြစ်ရေသန့်များ ရေမီတာစနစ်ဖြင့် လုံလောက်စွာပေးဝေနိုင်ခဲ့သည်။

မြို့မရပ်ကွက်နေ ပြည်သူတစ်ဦးက "နှစ်စဉ် မတ်၊ ဧပြီဆိုရင် သောက်သုံးရေကန်တွေ ရေခန်းခြောက်ပါတယ်။ မြစ်ရေကလည်း ရေငန်လာတယ်။ သောက်ရေရော၊ သုံးရေပါ ခက်ခဲပါတယ်။ မြစ်ရေသန့် ပေးဝေတဲ့စနစ် ပေါ်လာတော့ ရေအတွက် စိတ်အေးနေရပါပြီ" ဟု ပြောကြားခဲ့သည်။

ရေပေးဝေချိန်၊ ရေလခ သတ်မှတ်နှုန်းနဲ့ သုံးစွဲသူတွေ ကျေနပ်လက်ခံပါတယ်။ မြစ်ရေသန့်ကို သုံးရေအပြင် ရေသန့် အဆင့်မီတဲ့အတွက် သောက်ရေအဖြစ်ပါ သုံးစွဲနေကြကြောင်း ပြောသည်။

ဖျာပုံမြို့တွင် သောက်သုံးရေ အခက်အခဲကြောင့် မြေသားမိုးရေသိုလှောင်ကန် ၆၀ ကျော် တူးဖော်အသုံးပြုခဲ့ရသည့်အပြင် မြစ်ရေ၊ ချောင်းရေနှင့် မြောင်းရေတို့ကို သုံးစွဲခဲ့ရကြောင်း သိရသည်။

တာဝန်ရှိသူများ၏ အမြော်အမြင်ကြီးမားမှုကြောင့် ပြည်သူများအား မြစ်ရေသန့် လုံလောက်စွာ ပေးဝေနိုင်မှုကြောင့် ကျန်းမာရေးအထောက်အကူပြုသည့်အပြင် ရေကန်များခန်းခြောက်မှုမရှိသဖြင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်ပါက မီးငြှိမ်းသတ်ရန် အထောက်အကူရရှိမည်ဖြစ်ပေသည်။ **အောင်ဝင်း (ဖျာပုံ)**

## အဘွားတစ်ယောက်၏ မေတ္တာကို အချစ်၊ ဟာသ၊ အလွမ်းများဖြင့် ကြည့်ရှုခံစားရမည့်

# သားပိုက်ကောင်




**ရန်ကုန် မေ ၆**
အဘွားတစ်ယောက်၏ မေတ္တာကို အချစ်၊ ဟာသ၊ အလွမ်းများဖြင့် ကြည့်ရှုခံစားရမည့် သားပိုက်ကောင် ရုပ်ရှင်ဇာတ်ကားကြီးကို လာမည့် ဇွန် ၆ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဟု အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးမှ သိရသည်။

ယင်းရုပ်ရှင်ဇာတ်ကားသည် ပညာပေးနှင့် ချစ်ခြင်းမေတ္တာဘွဲ့အချစ်၊ ဟာသ၊ အလွမ်း ဇာတ်လမ်းအမျိုးအစားဖြစ်သည်။ ရိုးသားသော တောင်သူ အမျိုးသမီးကြီးတစ်ယောက် မြေးရှိရာမြို့ကို ရောက်လာချိန် မတူညီသည့် လူနေမှုစရိုက်လက္ခဏာများကြားက အလွဲများကို ဟာသဇာတ်ဝင်ခန်းများဖြင့် သဘာဝကျကျ ရိုက်ကူးတင်ဆက်ထားသည်။ ယင်းပြင် ချစ်သူနှစ်ဦး၏ ကြည်နူးဖွယ်ရာ ဇာတ်ဝင်ခန်းများ ပါဝင်ပြီး ၅၂၈ မေတ္တာနှင့် ၁၅၀၀ မေတ္တာကြားက အားပြိုင်မှုများကို အဓိကထားတင်ပြထားခြင်း ဖြစ်သည်။

"အဘွားဆိုတာ သားပိုက်ကောင်လို မြေးတွေ၊ မြစ်တွေကို အမြဲတမ်းရင်ဝယ်ပိုက်ထားချင်တာ။ အသက် ၄၀ ကျော်နေပါစေ အိမ်ပြန်လာရင် အဘွားဆိုပြီး ရင်ခွင်ထဲ ခေါင်းတိုးဝှေ့တာကို လိုချင်ကြတာ။ အသက်ကြီးလာတာနဲ့အမျှ ကလေးတစ်ယောက်လို သူတို့ကိုပြန်ပြီး ဂရုစိုက်တာကိုလည်း လိုချင်ကြတာ။ အခုနောက်ပိုင်းတော့ အဲဒီဓလေ့လေးတွေဟာ တစ်စတစ်စနဲ့ ပျောက်ကွယ်လာနေပြီ။ ဒါလေးကို မပျောက်သွားအောင်၊ အိမ်မှာရှိနေတဲ့ အဘိုး၊ အဘွားကို ပစ်ပယ်မထားကြဘဲနဲ့ ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာနဲ့ ဂရုစိုက်ကြရအောင်ဆိုတဲ့ စိတ်နဲ့ ဒီဇာတ်ကားကို ရိုက်ကူးခဲ့တာပါ" ဟု ဒါရိုက်တာ စတီးလ်က ပြောသည်။

သားပိုက်ကောင် ရုပ်ရှင်ဇာတ်ကားကြီးသည် ဈာန်သခင်သွေး၏ ဝတ္ထုကို နေစိုးသော်က ဇာတ်ညွှန်းရေးကာ ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)က ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ယင်းဇာတ်ကားကြီးသည် အားမာန်ထုတ်လုပ်ရေး၏ ပွဲဦးထွက် ရုပ်ရှင်ဇာတ်ကားလည်းဖြစ်သည်။

ဇာတ်ကားကြီးတွင် ဖိုးရွှေလမင်းအဖြစ် အကယ်ဒမီ ထွန်းထွန်း၊ ဒေါ်ရင်နှစ်အဖြစ် အကယ်ဒမီ စိုးမြတ်သူဇာ၊ မယ်ယဉ်ကျေးအဖြစ် ရွှေသမီးတို့က အဓိကပါဝင် သရုပ်ဆောင်ထားသည်။ အကယ်ဒမီ မင်းဦး၊ နေဆန်း၊ ဒိန်းဒေါင်၊ သိန်းလင်းစိုး၊ စည်သူပလပ်ကျွတ်၊ မေပန်းချီ၊ ကြယ်ဖြူရှင်းသန့်၊ မေကဗျာဦး၊ ကျော်ဇင်ထွဋ်၊ ချစ်ကိုကို၊ ပြည့်ဖြိုး၊ ကောင်းဇံ၊ ထူးသာ၊ ဦးရွှေလဝင်း၊ အေးသီတာ၊ အေးအေးခိုင်၊ မေသော်ချစ်၊ ဒေါ်ခင်ခင်ကြီး၊ ဇာခြည်လွင်စသည့် အနုပညာရှင်များနှင့် ကလေးသရုပ်ဆောင်များစွာကလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**မေနှင်းဆီ**

STAR ACADEMY
Hospitality & Business Management
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း

**Diploma in Hospitality Management**

ဖွံ့ဖြိုးတိုးတက်နေသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်
စာတွေ့၊ လက်တွေ့၊ Assignments၊ Project များစွာဖြင့် လုပ်ငန်းအတွေ့အကြုံရှိ ဆရာများကိုယ်တိုင် ထိရောက်စွာသင်ကြားပေးနေပါသည်။



- Tourism Management Course
- Front Office Management Course
- Food & Beverage Management Course
- Sales & Marketing Management Course
- Housekeeping Management Course
- Human Resources Management Course
- Financial Management

လျှောက်လွှာပိတ်ရက် - (၁၄.၅.၂၀၁၈)

Call Now : 09 797 004 988, 01 52 32 00
အမှတ် (၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း၊ (ဒဂုံစင်တာ-၂ ရှေ့)၊ ရန်ကုန်။

ဒီနာ ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ

သီဟိုဠ် / ထိုင်း ဘုရားဖူးခရီးစဉ် (၆ ညအိပ် / ၇ ရက်) 1350 USD
ထွက်ခွာမည့်နေ့ရက်များ - မေ ၂၄၊ ဇွန် ၂၄၊ ဇူလိုင် ၂၄၊ စက်တင်ဘာ ၂၄၊
(ဟိုတယ်တည်း / စား) ဩဂုတ် ၂၀ (ကန္ဒီ စွယ်တော်လှည့် လည်ပူဇော်ပွဲ)။
ထိုင်း မြဘုရား၊ သီဟိုဠ် အနုရာဓပုရ ဒက္ခိဏသာခါလက်ယာတောင်ကိုင်း မဟာဗောဓိပင်ကြီး၊ လောဟပါသာဒကြေးဝါနန်းဆောင်၊ မဟာစေတီ၊ ဇေတဝနာရာမစေတီ၊ ထူပါရာမစေတီ၊ အဘယဂိရိစေတီ၊ မဟိန္ဒလေ့တောင်၊ အောက္ကဏရုပ်တော်မှရုပ်ပွားတော်ကြီး၊ ဒမ္ဗုလ ကျောက်တောင်ဂူဘုရားများ၊ စတုတ္ထသံဃာယနာတင်ရာ အာလုဝိဟာရ၊ မာတလေ့ ပရဆေးဥယျာဉ်၊ ပိုလာနရုဝ ဘုရင့်နန်းတော်ရာ၊ ညီလာခံခန်းမ၊ ရန်းကော့စေတီ၊ ဇက်ဝန်း အတွင်းရှိရှေးဘုရားများ၊ ဂေါ်ဝိဟာရတောင်ထွင်းရုပ်ပွားတော်များ၊ ရှေးအကျဆုံး မဟိယင်္ဂနစေတီ၊ ကန္ဒီစွယ်တော်တိုက် နှင့် မုဒ္ဒမြတ်စွယ်တော်၊ ကလျာဏီသိမ် နှင့် စေတီတော်၊ ကိုလံဘိုရှိ ဂင်္ဂါရာမ မုဒ္ဒပြတိုက်၊ အိန္ဒိယသသမုဒ္ဒရာနောက်ခံ ကိုလံဘိုကမ်းခြေများသို့ သွားရောက်လေ့လာဖူးမြော်ပါမည်။

ဒီနာ ဘုရားဖူးအဖွဲ့ - အမှတ်(၂၅)၊ အခန်းအမှတ်(၃၀၃)၊ တတိယထပ်၊ ဓါတ်လှေကားအမှတ်(၂)၊ ယုဇနစီးပွားရေးဇာဝါ၊ ရွှေဂုံတိုင်လမ်း၊ စမ်းချောင်း။ ဖုန်း - 536348 , 537707 , 537708 , 09 500 1763 , 09 501 3727 , 09 256174414 , 09 516 4664
မချိုဒေသသာသနာပြုအဖွဲ့ - အမှတ်(၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ၀တန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173, 09 256318043
မန္တလေးရုံးခွဲ - (I-6)၊ ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း - 09 5300305 , 09 765300305

CROWN EDUCATION
YOUR DOOR TO THE FUTURE

" ပြစတြေးလျ ပွဲကို ကုန်ကျစရိတ် သက်သာစွာဖြင့် "
စင်ကာပူနှင့် ဩစတြေးလျ နှစ်နိုင်ငံတို့တွင် တက်ရောက်သင်ယူနိုင်သည့် ဘာသာရပ်များအကြောင်းဆွေးနွေးပွဲ

Business | Information Technology | Psychology | Education



ရန်ကုန်မြို့ဆွေးနွေးပွဲ
နေ့ရက် ။ ။ မေ (၁၂)ရက် (စနေနေ့)
အချိန် ။ ။ (၁၀)နာရီ မှ (၁၂)နာရီ
နေရာ ။ ။ MELIA HOTEL, (Function Room - 5)

မန္တလေးမြို့ဆွေးနွေးပွဲ
နေ့ရက် ။ ။ မေ (၁၃)ရက် (တနင်္ဂနွေနေ့)
အချိန် ။ ။ (၁၀)နာရီ မှ (၁၂)နာရီ
နေရာ ။ ။ HOTEL MANDALAY, (Sabei Phyu Room)

- ဘာသာရပ်အလိုက် ပေးအပ်သွားမည့် 100%, 50%, 25% ပညာသင်ဆုသတင်းများနှင့် လျှောက်ထားမှုများ
- စင်ကာပူနှင့် ဩစတြေးလျ Campus နှစ်ခုလုံးတွင် ပြောင်းလဲတက်ရောက်နိုင်ခွင့်
- စင်ကာပူကျောင်း လျှောက်ထားသူများအတွက် CROWN Education မှ စီစဉ်ပေးမည့် ခံစားခွင့်များ

JAMES COOK UNIVERSITY SINGAPORE
Celebrating 15 years 2003-2018

အခမဲ့ ပညာရေးဆွေးနွေးပွဲ ဖြစ်သည့်အတွက် အခုပဲ ကြိုတင် စာရင်းပေးသွင်းပြီး တက်ရောက်လိုက်ပါ ----

ဖုန်းနံပါတ် - ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၂၊ ၀၉ ၄၅၀ ၂၀၀ ၀၈၀

VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS
ISO 9001: 2015 Certified

# VICTORIA UNIVERSITY COLLEGE
ENJOY LEARNING ● ENJOY SUCCESS

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၈ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးသူများသည် ၂၀၁၈၊ မေလတွင် ဖွင့်လှစ်မည့် နိုင်ငံတကာတက္ကသိုလ်အကြို ပြင်ဆင်မှု သင်တန်း University Preparation Programme UNIPREP သင်တန်း ကို တက်ရောက် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခွဲကြာ သင်ယူရမည်။

တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီးသူများသည် HND ဘွဲ့အပြင် ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြား ပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၃)နှစ် စာတွေ့၊ လက်တွေ့ သင်ယူရမည်။ Pearson HND နှင့် University of Wolverhampton မှ တိုက်ရိုက် ဘွဲ့ ချီးမြှင့်မည်။

နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန
ရန်ကုန် - အမှတ် (၁၆၆)၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး - အမှတ် (၁၅၁)၊ ၂၈ လမ်း (၇၇ x ၇၆)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၁၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၅၅။

## အနာဂါတ်ဘဝခိုင်မာစိတ်ချလိုသူများအတွက် MHTi မှအသက်မွေးဝမ်းကျောင်းပညာရပ်များကိုရွေးချယ်တက်ရောက်နိုင်ပါပြီ။



**MHTi** မှဖွင့်လှစ်ထားသော ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ
Hotel & Tourism စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုဆိုင်ရာကျွမ်းကျင်သင်တန်းများကို


ဘွဲ့ရကျောင်းသား/သူများ
အထက်တန်းဖြေဆိုခဲ့ဖူးသူများ
တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ
တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ
ကိုယ်ပိုင် ဟိုတယ်/စားသောက်ဆိုင်ဖွင့်လိုသူများ
နိုင်ငံခြားသို့ ဟိုတယ်လုပ်ငန်းဖြင့်သွားရောက်လိုသူများ တက်ရောက်နိုင်ပါသည်။

တန်းခွဲသစ်တိုင်း
အရင်ဆုံးအပ်နှံသူ(၁၀)ဦးအား
၅% လျှော့ပေးနေပါပြီ။

*စိတ်ပါဝင်စားသူတိုင်းတက်ရောက်နိုင်ရန် ဈေးနှုန်းချိုသာစွာဖြင့်ဖွင့်လှစ်သင်ကြားပေးနေပါပြီ*

အမှတ်(၆၄၇)၊ မြကန်သာ(၁)လမ်း၊ အင်းလျားကန်ဘောင်ရှေ့၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၀၁ ၂၂၆ ၇၇၅/၇၇၆

ပညာရေး ကမ္ဘာတွင် နှစ်ပေါင်း ၄၀ ကျော်တိုင် ဂုဏ်သရေ နှင့် တကွ အခွန့်ရှည်ကြာခဲ့ပြီ













## ဂုဏ်ထူးဦးအောင်ခိုင်

စာသင်သား လက်စွဲ စာအုပ်များ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။
01 252 919, 09 964 252 919




**ဆင်ဖြူတော်**
အိမ်ခြံမြေအကျိုးဆောင်
နိုင်ငံခြားသားများအတွက် US$1000 မှ US$ 5000 အတွင်းရှိ အဆင့်မြင့်လုံးချင်းနှင့် ကွန်ဒိုများ ငှားလိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် တိုက်ရိုက်ဆက်သွယ်အပ်နှံနိုင်ပါသည်။
Ph: 09260593388, 09260593399

**23 မဆလာ** (ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

**ကားဝယ်လိုသည်**
SUZUKI R +
အိမ်စီးကားသန့် နံပါတ်နက်
Ph-09-32327131

**ဝယ်လိုသည်**
ကြက်ဆူသီး/စေ့
ဆက်သွယ်ရန်
ဖုန်း-၀၉-၂၆၁၄၄၀၀၂၅၊
၀၉-၄၉၂၉၂၂၇၀

**နေရာကောင်းတိုက်ခန်းကျယ်**
သုဝဏ္ဏ၊ကာမာကြည်လမ်း၊မကြီး၊နှင့်
ကောင်းခဝှင်တက်မှတ်သို့ဆက်သွယ်သော
တံတားကြီး၊ခြေရင်း၊မြို့ဦး၊စေတီအနီး၊
(၁၈'x၅၄') မိလ္လာ၊ View အလွန်သာယာသော
BCC ရှိပြီးတိုက်သစ် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်၊
09-799576201 သိန်း ၃၆၀ (ညှိနှိုင်း)



ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော

MEC

MYANMAR EDUCATION CENTRE
မြန်မာ့ပညာရေးအောင်မြေ
ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း

မေလ ၁၀ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅ ၂၀၃၊ ၀၉ ၄၄ ၅၀၅၅ ၂၀၃၊ ၀၉ ၇၉၈၁၃၆၁၈၈၇၊ ၀၉ ၉၆၁၇၇၁၅၄၅၁

ကျောင်းလခနှင့် နှစ်စဉ်ကြေး

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၀၀၀၀ |
| ပထမတန်း | ၄၀၀၀၀ |
| ဒုတိယတန်း | ၄၀၀၀၀ |
| တတိယတန်း | ၄၀၀၀၀ |
| စတုတ္ထတန်း | ၄၅၀၀၀ |


| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဉ္စမတန်း | ၄၅၀၀၀ |
| ဆဋ္ဌမတန်း | ၄၅၀၀၀ |
| သတ္တမတန်း | ၄၅၀၀၀ |
| အဋ္ဌမတန်း | ၅၀၀၀၀ |

| အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀ | |
|---|---|
| နဝမတန်း | ၅၅၀၀၀ |
| ဒသမတန်း | ၆၅၀၀၀ |

ကျောင်းချိန်နှင့် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက်
- သူငယ်တန်းမှ ဒသမတန်းအထိ နံနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း များအတွက် Study Guide အချိန်များ ရှိပါသည်။
(Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)

လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမတည်ကာ ကျောင်းလစဉ်ကြေးကို မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်










CAEXPO
CHINA-MYANMAR (YANGON) TRADE FAIR 2018
17-19 . 5 . 2018 | Myanmar Event Park (MEP)

★ Building Materials/ Hardware/ Lighting Products
★ Vehicles/ Motorcycles, Parts & Accessories
★ Farming Machines/ Machinery & Equipment/ Generators/ Industrial Equipment

100% High Quality Reliable Supplier from CHINA

★ Household Appliances/ Consumer Electronics
★ Home Supplies/ Consumer Goods
★ Foodstuffs

Organizers: China-ASEAN Expo Secretariat; Trade Development Bureau of Ministry of Commerce of China; Trade Promotion Organization of Ministry of Commerce of Myanmar; SingEx Worldex-SingEx Exhibitions (Guangzhou) Co., Ltd.
Associate Organizer: BOFCOM Bureau of Commerce of Qingdao
Supporters: Economic and Commercial Counsellor's Office of the Embassy of China in Myanmar; The Republic of the Union of Myanmar Federation of Chambers of Commerce & Industry


အမေရိကန် ထိပ်တန်းတက္ကသိုလ်ပေါင်း ၄၀ ကျော်သို့ တက်ရောက်နိုင်မည့်
" ကျောင်းဝင်ခွင့်ဆိုင်ရာ ပညာရေးဆွေးနွေးပွဲ "

❊ Virginia Commonwealth University
❊ Richard Bland College of WILLIAM & MARY

VCU #1 Graduate Fine Arts Program
Richard Bland College 40+ Guaranteed transfer to one of Virginia's top-ranked universities

$ 5000 Scholarship for the 1st Year

အမေရိကန် တက္ကသိုလ်များပညာရေးဆွေးနွေးပွဲ
WEDNESDAY 9 MAY
နေ့လယ် (၂) နာရီမှ ညနေ (၄) နာရီအထိ
ပင်းယခန်းမ
ဆူးလေ ရှန်ဂရီလာ ဟိုတယ်



ဆွေးနွေးမည့် အကြောင်းအရာများ
❊ ထိပ်တန်းတက္ကသိုလ်ကြီးများသို့ Richard Bland College of WILLIAM & MARY မှတစ်ဆင့် တိုက်ရိုက်လျှောက်ထားနိုင်မည့် အားသာချက်များ၊
❊ IGCSE နှင့် အထက်တန်းအောင်မြင်ပြီးသူများ SAT မလိုဘဲ တိုက်ရိုက်တက်ရောက်နိုင်မည့် အခွင့်အလမ်းများ၊
❊ တက္ကသိုလ်ကြီးများသို့ လျှောက်ထားရာတွင် လိုအပ်မည့် ကျောင်းဝင်ခွင့် အချက်အလက်များ၊
❊ US ဗီဇာ လိုအပ်ချက်နှင့် ကုန်ကျစရိတ်များ အကြောင်း၊

Guest Speaker : Ms. NIMER Marketing Manager GSSP (USA, Virginia)

AT&S International Education Services

ရုံးချုပ် (ရန်ကုန်) - အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ။ ☎ ၀၁-၅၂၁၁၂၅ ၊ ၀၉-၇၇၇၂၂၃၂၂၅

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802,09-250-066210

**ကန်ထရိုက်တာ ဒေါ်အေးအေးခိုင် [၁၂/တမန(နိုင်)၀၅၇၇၇၇]၊ ဒေါ်ခင်ခင်လွင် [၁၂/တမန(နိုင်)၀၈၆၃၈၅]၊ နှင့် အများသိစေရန် ကြေညာခြင်း**

ဒေါ်နွယ်နွယ်အေး အမှတ်(၁၆၉)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ(၈)လမ်း၊ အမှတ်(၉၇၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၉၇၂/ခ)ဟု ခေါ်တွင်သည့် ပေ(၂၀×၆၀)အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၅½)ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ တိုက်ခန်းကိုကန်ထရိုက်တာ ဒေါ်အေးအေးခိုင်၊ ဒေါ်ခင်ခင်လွင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်အေးက ငွေကျပ်သိန်း(၂၅၀)ဖြင့် စာချုပ်ချုပ်ဆို၍ အပြေအကျေပေးချေဝယ်ယူထားသော တိုက်ခန်းဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်နွယ်နွယ်အေး သိရှိသဘော တူညီမှုမရှိဘဲမည်သူမျှ ဝင်ရောက်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အာမခံတင်သွင်းခြင်းများ လုံးဝမပြုလုပ်ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နွယ်နွယ်အေး**
**[၁၂/ကမန(နိုင်)၀၇၇၁၀၆]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းရွှေ (စဉ်-၈၁၅၀)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၂၀၀၉၁၁၉၂**

## ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက်ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ် နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀ ) စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

**DEVELOPER-**
**GA MONE PWINT CO.,LTD.**
အမှတ်( ၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL : 01- 524 963, 01- 526 928**
**01- 516 533~6**

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အုပ်စုတတိယပွဲအဖြစ် စင်ကာပူနှင့် ကစားမည်

**ရန်ကုန် မေ ၆**

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် တတိယပွဲအဖြစ် မေ ၇ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် အရေးပါလျက်ရှိပြီး အနိုင်ရပါက နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းသွားမည် ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် ဗီယက်နမ်အသင်းနှင့် ဂိုးမရှိသရေကျသော်လည်း ဒုတိယပွဲတွင် မလေးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နှစ်ပွဲကစား လေးမှတ်ရထားပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် ဗီယက်နမ်၊ မလေးရှားတို့နှင့် အပြိုင်လုရဖွယ်ရှိနေသည်။

မြန်မာအသင်းသည် စင်ကာပူအသင်းကို အနိုင်ရပါက မလေးရှားအသင်းအနေဖြင့် ဗီယက်နမ်အသင်းကို ဂိုးပြတ်အနိုင်ရမှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ သို့သော် မြန်မာအသင်းအနေဖြင့် အုပ်စုပထမနေရာအတွက် စင်ကာပူ၊ ဖိလစ်ပိုင်အသင်းတို့နှင့်ပွဲများတွင် အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန်ပါ လိုအပ်နေသည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု(က)တွင် ဗီယက်နမ်နှင့် မြန်မာအသင်းက နှစ်ပွဲကစား လေးမှတ်စီ၊ မလေးရှားအသင်းက သုံးပွဲကစား လေးမှတ်၊ စင်ကာပူအသင်းက သုံးပွဲကစား နှစ်မှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်ရထားသည်။

အုပ်စု(ခ)ပွဲစဉ်များမှာ မေ ၆ ရက်တွင် ပြီးဆုံးသွားပြီး အိမ်ရှင်အင်ဒိုနီးရှားအသင်း အုပ်စုအဆင့်မှ ထွက်ခဲ့ရကာ ထိုင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ လာအိုအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

ရဲရင့်ရှိုင်း

# ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပပြီးစီး

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူး၍ "မြန်မာ့ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး"ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ နံနက်ပိုင်းစာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာပတိများအဖြစ် စာတမ်းဖတ်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဒေါက်တာဇော်သန်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးမျိုးကိုမျိုးတို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဒေါက်တာမောင်မောင်စံက "ဂျင်မီတို့ကမ္ဘာ၊ ကျွန်တော်တို့ရဲ့ကမ္ဘာ"စာတမ်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က "သတင်းလွတ်လပ်ခွင့်တိုက်ပွဲများ" စာတမ်းနှင့် ဦးနိုင်မောင်၊ ဦးကြည်နိုင် (MWU)တို့က "မျက်မှောက်ခေတ်သတင်းမီဒီယာလောကကို တစေ့တစောင်းအကဲခတ်ခြင်း" စာတမ်းတို့ကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဒေါက်တာတင်ထွန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးခိုင်မြတ်ကျော်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သင်းသင်းသာတို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် စာတမ်းရှင် ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) (MWA)က "သတင်းသမားများနှင့် မီဒီယာကျင့်ဝတ်" စာတမ်း၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# စိုက်ပျိုးရေနှင့် သောက်သုံးရေပါအားထားနေရသည့် ကျောက်တန်းမြို့နယ်မှ ဘန့်ဘွေးကုန်းရေလှောင်တမံ



**နေပြည်တော် မေ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ကျောက်တန်းမြို့နယ်ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ စိုက်ပျိုးရေရရှိရေးနှင့် ကျောက်တန်းစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများ၊ အစိုးရပိုင် စက်ရုံများ၏ စက်မှုလုပ်ငန်းသုံးရေ ရရှိရေးတို့အတွက် ကျောက်တန်းမြို့အနီးရှိ ဘန့်ဘွေးကုန်းရေလှောင်တမံမှ ရေချိုများ သိုလှောင်ဖြန့်ဖြူးပေးဝေလျက်ရှိကြောင်း သိရသည်။

ဘန့်ဘွေးကုန်းရေလှောင်တမံကို ပင်လယ်ဒီရေအတက်အကျရှိသည့် ပါဒကြီးချောင်း၏ လက်တက်တစ်ခုဖြစ်သော ပါဒချောင်းပေါ်ရှိ ညောင်ဝိုင်းကျေးရွာအနီး လျှိုတစ်ခုကို ဖြတ်ပိတ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တမံအလျားပေ ၂၃၀၀၊ တမံအမြင့် ၂၄ ပေရှိသော

**စာမျက်နှာ ၅ ကော်လံ ၄ သို့ ○**

# မြန်မာလှေလှော်အသင်း အာရှနဂါးလှေပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိထား

**ရန်ကုန် မေ ၆**

၂၀၁၈ အာရှနဂါးလှေပြိုင်ပွဲကို တရုတ်(တိုင်ပေ)၌ ကျင်းပလျက်ရှိရာ မေ ၆ ရက်ပွဲစဉ်များအပြီးတွင် မြန်မာလှေလှော်အသင်းက ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိထားသည်။

မြန်မာလှေလှော်အသင်းသည် ယင်းပြိုင်ပွဲတွင် လက်စွမ်းပြနေပြီး ပထမနေ့တွင် ရွှေတစ်ခု၊ ဒုတိယနေ့တွင် ရွှေတစ်ခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် မေ ၅ ရက်က ကျင်းပသည့် ပထမနေ့တွင် မီတာ ၂၀၀ အမျိုးသား+အမျိုးသမီး ၁၀ တက်လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့ပြီး ဖိလစ်ပိုင်က ဒုတိယ၊ တရုတ်(တိုင်ပေ)က တတိယရခဲ့သည်။ မေ ၆ ရက်က ကျင်းပသည့် ဒုတိယနေ့တွင် မြန်မာလှေလှော်အသင်းသည် မီတာ ၅၀၀ အမျိုးသား+အမျိုးသမီး ၁၀ တက်လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ထပ်မံဆွတ်ခူးခဲ့ပြီး တရုတ်(တိုင်ပေ)ကလပ်အသင်းများက ဒုတိယနှင့် တတိယရခဲ့သည်။ ပြိုင်ပွဲတတိယနေ့ကို မေ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မီတာ ၂၀၀ ၁၀ တက်လှော် အမျိုးသားပြိုင်ပွဲ၊ မီတာ ၅၀၀ ၁၀ တက်လှော်အမျိုးသားပြိုင်ပွဲနှင့် မီတာ ၅၀၀

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳**



"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွှန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KGမှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မှချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ)တစ်ခုတွင် သင်ယူနိုင်သည်။
မေ ၃၀ ရက် ဖွင့်မြဲ
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ
ကျောင်းလိပ်စာ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဇယန္တာလမ်းမကြီး၊ ဌာနခွဲတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်)
သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း- ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊
၀၉ ၄၂၁၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc(Final)
◆ ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စ နှစ်ဆုံး သင်နေကြလို့ပါပဲ။
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
◆ ဂုဏ်ထူးဦးသိန်းနိုင်
◆ ဆရာ နေအုပ်(စိန်ပေါလ်)
◆ ဂုဏ်ထူးဦးအောင်ခိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ(Dr. ညီညီနိုင်)
◆ ဗိုလ်စိန်မြင့်အောင်
အထူးသတင်း...
ဝေဇယန္တာ လမ်းမကြီးတလျှောက် Air-Con YBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။
နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။
အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဝါရင့် GUIDEများနှင့် အမျိုးသား အဆောင်မှူး ဆရာများ အမြန် အလိုရှိသည်။

ကြေးမုံ
အထူးကဏ္ဍ
မေ ၇၊ ၂၀၁၈ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# နိုင်ငံတော်အစိုးရသစ်၏ (၂)နှစ်တာကာလအတွင်း

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ချက်များ

● သတင်းအဖွဲ့

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို ၂၀၁၆ ခုနှစ် ဧပြီ ၆ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပုဒ်မ ၃ ပြဋ္ဌာန်းချက်ပါအတိုင်း (၁)ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ (၂)ဈေးကွက်စီးပွားရေးစနစ်ထွန်းကားရေး၊ (၃) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးနှင့် (၄)ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပါသည်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေအရ အပ်နှင်းထားသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်(၄)ရပ်ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းပေးရသည့် အထောက်အကူပြုဝန်ကြီးဌာနပင် ဖြစ်သည်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆောင်ရွက်ချက်များနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည်ဟု ဆိုနိုင်သည်။**



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ

နိုင်ငံတော်က ချမှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်များမှာ ငြိမ်းချမ်းရေး၊ စီးပွားရေးသာယာဝပြောရေးနှင့် ဒီမိုကရေစီအရေးဟူ၍ ပန်းတိုင်သုံးခု၊ အတိုကောက်အားဖြင့် Peace-Prosperity-Democracy-PPD ဟူ၍ ဖြစ်ပါသည်။ ပထမပန်းတိုင် ငြိမ်းချမ်းရေး Peace နှင့် ဒုတိယပန်းတိုင် စီးပွားရေးသာယာဝပြောရေး Prosperity မှာ ဆက်စပ်လျက်ရှိသည်။ နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှ စီးပွားရေးတိုးတက်မှုများ အားကောင်းခိုင်မာစေမည်ဖြစ်သလို ငြိမ်းချမ်းရေးရယူနိုင်ရေးမှာလည်း တတိယပန်းတိုင်ဖြစ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးလုပ်ငန်းစဉ် ချောမွေ့ညင်သာမှုနှင့် ဆက်စပ်လျက်ရှိနေပြန်သည်။ သို့ဖြစ်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်မှန်းချက်ပန်းတိုင်တစ်ခုချင်း တသီးတခြား ဆောင်ရွက်ခြင်းမပြုဘဲ ပန်းတိုင်(၃)ရပ်လုံးနှင့် ဆက်စပ်ခြုံငုံစဉ်းစား၍ ဆောင်ရွက်လျက်ရှိသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ**

လက်ရှိအစိုးရ တာဝန်ယူသည့်အချိန်မှစ၍ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးမူဝါဒအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ထိရောက်စွာ ဖော်ဆောင်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ချမှတ်ပေးသော မူဝါဒများကို အကောင်အထည်ဖော်ရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းနိုင်ရန် ငြိမ်းချမ်းရေးကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရန်အတွက် NCA ပါပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ရေးကိစ္စများကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နေသလို တစ်ဖက်တွင်လည်း NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ဖွင့်လှစ်ထားပြီး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ မြှင့်တင်နိုင်ရန် စဉ်ဆက်မပြတ်ထိတွေ့ဆောင်ရွက်လျက်ရှိသည်။

လက်နက်ကိုင်ပဋိပက္ခတို့၏ မြစ်ဖျားခံရာ ဇာစ်မြစ်ဖြစ်သော နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် လိုအပ်သည်ဖြစ်ရာ NCA အရ ဖွဲ့စည်းသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ-UPDJC က နိုင်ငံရေးဆွေးနွေးပွဲများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးဆွေးနွေးပွဲများတွင် အားလုံးပါဝင်ရေးမူကိုအခြေခံ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး စုစုပေါင်း ၄၈ ဦးဖြင့် UPDJC ကို ဖွဲ့စည်းခဲ့ပါသည်။ အစိုးရသစ်လက်ထက်တွင် UPDJC အစည်းအဝေးများကို (၉)ကြိမ် ကျင်းပနိုင်ခဲ့ပြီး လက်နက်ကိုင်လမ်းစဉ်မှသည် စားပွဲဝိုင်းဆွေးနွေးပွဲ ယဉ်ကျေးမှုသို့ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။

NCA စာချုပ်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရန်ဟူသော အရေးကြီးသည့် လုပ်ငန်းတာဝန်ကြီးနှစ်ရပ် ဖော်ပြပါရှိသည့်အလျောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအား ဆက်လက်ထိန်းသိမ်းနိုင်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (Joint Ceasefire Monitoring Committee-JMC)ကို တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အများယုံကြည်လေးစားသော အရပ်သားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်လိုက်နာရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း ရေးဆွဲပြဋ္ဌာန်းထားပြီး လက်တွေ့လိုက်နာ ကျင့်သုံးလျက်ရှိသည်။ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သဘောထားကွဲလွဲမှုများ လျော့ပါးစေခဲ့ပြီး နှစ်ဖက်ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ် ပိုမိုခိုင်မာလာစေခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဧပြီ ၂ ရက်က ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေး**

နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ရန်နှင့် နှစ်ပေါင်း(၆၀)ကျော် ကာလအတွင်း တိုင်းရင်းသားများ၏ သဘောထားရပ်တည်ချက်များကို ပွင့်လင်းလွတ်လပ်စွာ ပြောကြားခွင့်ရရှိစေရန်ရည်ရွယ်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ

အထူးကဏ္ဍ [ ခ ] သို့ »»

»» အထူးကဏ္ဍ [ က ] မှ

စက်တင်ဘာ ၃ ရက်အထိ ကျင်းပခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂမှ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကိုယ်တိုင် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည့်အပြင် NCA ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက NCA လက်မှတ် မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များပါ တက်ရောက်ခဲ့ကြသည်။ ညီလာခံကျင်းပပုံများကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည့်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအနေဖြင့် တိုင်းရင်းသားပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ၏ ရပ်တည်ချက်သဘောထားများကို သိရှိခွင့်ရခဲ့ပြီး လူထုစိတ်ဝင်စားမှု အရှိန်အဟုန်မြင့်တက်လာစေသကဲ့သို့ နှစ်ပေါင်းများစွာအတွင်း မတူကွဲပြားနေခဲ့သော တိုင်းရင်းသားတို့၏ အမြင်များကို ပြည်သူတစ်ရပ်လုံး သိမြင်ကြားသိခွင့်ရရှိစေခဲ့သည်။

ထပ်မံ၍ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည်။ နိုင်ငံရေးဆွေးနွေးပွဲများတွင် အားလုံး ပါဝင်ရေးမူကို အခြေခံပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အခြားပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်၍ ညီလာခံတက်ရောက်သူ ၇၀၀ ဖြင့် ကျင်းပခဲ့သည်။ နိုင်ငံရေးသဘောတူညီချက်များကို စတင်ဆွေးနွေးအတည်ပြုသည့် (၂၁)ရာစုပင်လုံ ညီလာခံအဖြစ် မှတ်ယူနိုင်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)မှ ချမှတ်ထားသည့် အခြေခံလမ်းညွှန်ချက်များ၊ ဆွေးနွေးရမည့် ခေါင်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်(ToR)များနှင့်အညီ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(၃)ကြိမ်၊ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(၃)ကြိမ်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းဖိုရမ် (CSO Forum) (၁)ကြိမ် ကျင်းပခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)က အဆိုပါနိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသော သဘောထားစုစည်းချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ မူဝါဒအဆိုပြုလွှာများအဖြစ် အဆိုပြုတင်သွင်းခဲ့သည်။ မူဝါဒအဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ အဆင့်ဆင့်ကျင်းပပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

အဆိုပါ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)တွင် နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၂)ချက်၊ စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက်(၁၁)ချက်၊ လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက်(၄)ချက်၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် (၁၀)ချက် စုစုပေါင်း (၃၇)ချက် ပါဝင်သည်။ ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း(၁)ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် အပိုဒ် ၂၀၊ အပိုဒ်ခွဲ(င)အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး၌ အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက ၂၀၁၇ ခုနှစ် မေ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ရရှိလာသည့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ် အပိုင်း(၁)ပါ မူဝါဒ သဘောတူညီချက်(၃၇)ချက်သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ပထမဆုံးသော ဖက်ဒရယ်အခြေခံမူ သဘောတူညီချက်များအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ အစိုးရသစ်လက်ထက်တွင် နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပေးနိုင်ခဲ့သည့်အပြင် နိုင်ငံရေးသဘောတူညီချက်များ စတင်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သဖြင့် အမှန်တကယ်စိတ်တူကိုယ်တူ စုပေါင်းအင်အားအဖြစ် ကြိုးပမ်းကြလျှင် မဖြစ်နိုင်သည် မရှိဟူသော သဘောတရားကို လက်တွေ့ပြသနိုင်ခဲ့သည့် ကြီးမားသော ငြိမ်းချမ်းရေးခရီးစဉ် အောင်မြင်မှုရလဒ်ပင် ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ငြိမ်းချမ်းရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင်၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက တင်ပြသည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

ပဋိပက္ခကျရောက်ခဲ့ရသည့် ဒေသများအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးအတွက် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ရန်ပုံငွေ၊ ပြည်တွင်းပြည်ပ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့်လည်း တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းရင်းသားဒေသများအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးနှင့် ငြိမ်းချမ်းရေးရန်ပုံငွေများကို အကျိုးရှိစွာအသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အစိုးရကိုယ်စားလှယ်များ၊ NCA ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB)ကိုလည်း ဖွဲ့စည်းထားသည်။ နိုင်ငံတကာမှ ကူညီထောက်ပံ့လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေများကို ခွဲဝေလျာထား အသုံးပြုရာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကဏ္ဍ၊ စေ့စပ်ညှိနှိုင်းဆွေးနွေးရေးကဏ္ဍ၊ ငြိမ်းချမ်းရေးအထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကဏ္ဍစသည်ဖြင့် ဦးစားပေးကဏ္ဍကြီး (၄)ရပ် သတ်မှတ်ထားသည်။

ပဋိပက္ခဒဏ် ခံစားခဲ့ရသည့် ဒေသများအတွင်း စီးပွားရေးလုပ်ငန်းများအား Public Private Partnership (PPP)ပုံစံ ဆောင်ရွက်နိုင်ရန်၊ ဈေးကွက်သဘောတရားနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် ဆောင်ရွက်ပုံ ဆောင်ရွက်နည်းများ သိရှိနားလည်စေရန် ဆွေးနွေးပွဲများကျင်းပပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**NCA တွင် နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးခြင်း**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် အဆိုပါသဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

NCA တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ငြိမ်းချမ်းရေးကော်မရှင်သည် UNFC ၏ အဆိုပြုချက်(၈)ချက်ကို အခြေခံပြီး UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့-DPN နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲ(၉)ကြိမ်နှင့် တရားဝင်ဆွေးနွေးပွဲ(၉)ကြိမ်ကျင်းပပြီး NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဆွေးနွေးမှုရလဒ်များအရ မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့က သဘောတူညီချက်(၈)ချက်ကို သဘောတူခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ(NMSP)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့အကြား နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ တစ်ဆက်တည်းမှာပင် အဆိုပါ သဘောတူညီချက်(၈)ချက်ကို သဘောတူညီပြီးပါက NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် သဘောတူညီမှုရရှိခဲ့သည်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့က ပါဝင်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်၌ပင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင် ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပအသိသက်သေများက လက်မှတ်ရေးထိုးခဲ့ကြသည်။

မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)အနေဖြင့် လက်ရှိ အစိုးရသစ်လက်ထက်တွင် NCA လမ်းကြောင်းဖြင့် ငြိမ်းချမ်းရေးခရီးလမ်းကို ပထမဆုံး လျှောက်လှမ်းလာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ဆက်လက်၍ ကရင်နီတိုးတက်ရေးပါတီ (KNPP)နှင့် NCA လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး UWSA "ဝ" အထူးဒေသ(၂)၊ အထူးဒေသ(၄)၊ မိုင်းလား၊ KIA-KIO အဖွဲ့များနှင့်လည်း အလွတ်သဘောတွေ့ဆုံမှုများ ဆောင်ရွက်လျက်ရှိသည်။ NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် SSPP "ဝမ်ဟိုင်း" အဖွဲ့နှင့် တရားဝင်တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ပြီး နိုင်ငံရေးစားပွဲဝိုင်းပေါ် ရောက်လာအောင် ကြိုးပမ်းလျက်ရှိသည်။

အစိုးရ၏ အဓိကရည်ရွယ်ချက်သည် နိုင်ငံရေးဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန်၊ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်ရန်အတွက် NCA ထီးရိပ်အောက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါနိုင်သမျှ ပါဝင်လာအောင်၊ ညီလာခံစားပွဲဝိုင်းပေါ်ကို ပါဝင်သင့်သူအားလုံး ရောက်ရှိလာအောင် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပြီး အလွတ်သဘော တွေ့ဆုံမှုများ၊ တရားဝင်ဆွေးနွေးညှိနှိုင်းမှုများကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်။

**NCA ၏ (၂)နှစ်တာသက်တမ်းနှင့် အနာဂတ်မျှော်မှန်းချက်**

လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်သည် NCA ကို အခြေခံ၍ တိုးတက်ဖြစ်ပေါ်လာသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ယခင်က NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့က လက်မှတ်ရေးထိုးခဲ့ရာမှ NCA (၂) နှစ်တာသက်တမ်းကာလအတွင်း မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ NCA တွင် ထပ်မံပါဝင်လက်မှတ်ရေးထိုးလာခဲ့သည်။ ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက်လည်း ငြိမ်းချမ်းရေးတံခါးအမြဲတမ်းဖွင့်လှစ်ထားဆဲဖြစ်ပြီး NCA တွင် ပါဝင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ နောက်ထပ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေး သုံးကြိမ်အတွင်း ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရန်နှင့် ဖက်ဒရယ်အုတ်မြစ်ခိုင်ခိုင်မာမာ စိုက်ထူနိုင်ရန်ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

> ❝ ယခင်က NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့က လက်မှတ်ရေးထိုးခဲ့ရာမှ NCA (၂)နှစ်တာ သက်တမ်းကာလအတွင်း မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့ NCA တွင် ထပ်မံ ပါဝင်လက်မှတ် ရေးထိုးလာခဲ့ ❞

**ငြိမ်းချမ်းရေးစကားဝိုင်းများ**

ငြိမ်းချမ်းရေးရခြင်းမရခြင်း၏ အကျိုးဆက်ကို အများဆုံးခံစားရမည့်သူများမှာ အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များအတွက် ရည်ရွယ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ လူငယ်များနှင့် တွေ့ဆုံ၍ ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk)ကို နေပြည်တော်တွင် သုံးကြိမ်၊ ရှမ်းပြည်နယ် ပင်လုံမြို့တွင် တစ်ကြိမ်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာတွင် တစ်ကြိမ်၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင် တစ်ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင်တစ်ကြိမ် စုစုပေါင်း ခုနစ်ကြိမ် ကျင်းပခဲ့သည်။

**အလွတ်သဘောဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပြည်ပလေ့လာရေးခရီးစဉ်များ**

နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် တစ်ခုတည်းသော အဖြေသည် လက်ရှိမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်ပြီး ထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ဖက်ဒရယ်စနစ်ဖြစ်ပြီး ယင်းဖက်ဒရယ်စနစ်ကို ညှိနှိုင်းဆွေးနွေးနိုင်မည့် နိုင်ငံရေးစကားဝိုင်းမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးပင် ဖြစ်ပါသည်။ သို့ဖြစ်၍ (၂၁)ရာစုပင်လုံညီလာခံတွင် ပါဝင်သည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှ ကိုယ်စားလှယ်များအနေဖြင့် ဖက်ဒရယ်ဆိုင်ရာ

အထူးကဏ္ဍ [ ဂ ] သို့ »»

»»» အထူးကဏ္ဍ [ ခ ] မှ

အသိအမြင်များ၊ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ပြည်ပမှ ဥပဒေပညာရှင်များ၊ ဖက်ဒရယ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များအား ဖိတ်ကြားပြီး ဖက်ဒရယ်အခြေခံမူဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် နှစ်ကြိမ် ကျင်းပပေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲများမှ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် စဉ်းစားသုံးသပ်နိုင်ရန် အကြံပြုချက်များ ရရှိစေခဲ့သည်။

ယင်းအပြင် ငြိမ်းချမ်းရေးဖြစ်စဉ်၊ နိုင်ငံရေးဆွေးနွေးမှုဖက်ဒရယ်ဆိုင်ရာ သဘောတရားများ စသည်တို့ကို ကျယ်ပြန့်စွာ သိမြင်နားလည်သုံးသပ်နိုင်ရေး၊ ဆွေးနွေးဖက်များအကြား ရင်းနှီးမှု၊ နားလည်မှုနှင့် ယုံကြည်မှုမြှင့်တင်ရေးတို့အတွက် အစိုးရ၊ တပ်မတော်၊ လွှတ်တော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်ခေါင်းဆောင်များ ပါဝင်သော ပြည်ပလေ့လာရေးခရီးစဉ်များကိုလည်း အခါအားလျော်စွာ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အလွတ်သဘော တွေ့ဆုံမှုများမှတစ်ဆင့် သဘောထားအမြင်ဖလှယ်ရေး၊ အကြံညှိနှိုင်းရေး၊ စိုးရိမ်ချက်များ သိရှိနားလည်ရေး စသည်တို့ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးလျက်ရှိသည်။

ထို့အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်များ၏ မျိုးဆက်များ၊ တတ်သိပညာရှင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လေ့လာသုံးသပ်သူများ စသည်တို့ကို ဖိတ်ခေါ်၍ ၎င်းတို့၏ အကြံပြုချက်များ၊ ထင်မြင်ယူဆချက်များကို သိရှိနိုင်ရန် ရည်ရွယ်၍ Stakeholder Meeting များကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်မှုများ**

ရခိုင်ပြည်နယ်အတွင်း နှစ်ပေါင်းများစွာကပင် အမြစ်တွယ်နေသည့် ပြဿနာများနှင့် စိန်ခေါ်မှုများအား လက်တွေ့ကျကျဖြေရှင်းနိုင်ရန်အတွက် ရေရှည်တည်တံ့သော နည်းလမ်းများ ရှာဖွေရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးမှာ အစိုးရသစ်၏ အဓိကဦးစားပေး လုပ်ငန်းတစ်ရပ်ဖြစ်သည်။



**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ နိုင်ငံခြားရေး ဒုတိယဝန်ကြီး H.E. Mr. Iwao HORII တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သို့ဖြစ်၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအား ၂၀၁၆ ခုနှစ် မေ ၃၀ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်၍ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဗဟိုကော်မတီအား အထောက်အကူဖြစ်စေနိုင်ရေးအတွက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လေးခုကို ဆက်လက်ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းကော်မတီများအနေဖြင့် မြေပြင်အခြေအနေမှန်များအား သိရှိစေရန် ကွင်းဆင်းလေ့လာမှုများ စဉ်ဆက်မပြတ်ပြုလုပ်၍ အေးချမ်းတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အရေးကိစ္စသည် သိမ်မွေ့နက်နဲသော သဘောသဘာဝရှိရာ ယင်းကိုဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများ ရရှိရေးအတွက် အကြံပြုပေးနိုင်ရန်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ပြည့်စုံစွာ ဖြေရှင်းနိုင်ရန် အစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုများကို အထောက်အကူဖြစ်စေရေးတို့အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် မြန်မာနိုင်ငံသားပုဂ္ဂိုလ် ခြောက်ဦး၊ နိုင်ငံတကာမှ ပုဂ္ဂိုလ် သုံးဦး၊ စုစုပေါင်း ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်နေချိန်တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် နိုဝင်ဘာလ ၁၂ ရက်မှ ၁၃ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလာခဲ့ရာ အခြေအနေကို ပိုမိုရှုပ်ထွေးသွားစေခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန်၊ ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များ ထွက်ပေါ်နေခြင်းတို့ကို စုံစမ်းစစ်ဆေးရန်၊ နောင်တွင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရန်အတွက် ရည်ရွယ်၍ ဒုတိယသမ္မတ(၁) ဦးဆောင်၍ အဖွဲ့ဝင် ၁၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွဲ့စည်းခဲ့သည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ပြည်သူများ၏လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေးအတွက် စုံစမ်းစစ်ဆေးဖော်ထုတ်မှုများ ပြုလုပ်ခဲ့ပြီး အကြံပြုချက် ၄၈ ချက်ကို တင်ပြခဲ့သဖြင့် ဒေသအတွင်းတည်ငြိမ်ရေးနှင့် တရားဥပဒေ စိုးမိုးရေးကိစ္စများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ မြေပြင်ကွင်းဆင်းလေ့လာမှုများ၊ စုံစမ်းဆွေးနွေးမှုများအပေါ် အခြေခံ၍ နိုင်ငံတော်အစိုးရထံသို့ အပြီးသတ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် တင်သွင်းခဲ့ရာ ကော်မရှင်က အကြံပြုချက် ၈၈ ချက်ကို တင်ပြခဲ့ပြီး အဆိုပါအကြံပြုချက်များသည် ရခိုင်ပြည်နယ်အရေးကိစ္စများ ဖြေရှင်းရာတွင် ရေရှည်နည်းလမ်းကောင်းများ ရရှိရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်သည်။

ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ကော်မတီများအဆင့်ဆင့်ဖွဲ့စည်းကာ စုံစမ်းဆောင်ရွက်နေဆဲမှာပင် လက်ရှိရခိုင်အရေးကို စတင်ဖြစ်ပွားစေသော မူလဇာစ်မြစ်ဖြစ်သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားတို့က ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် လုံခြုံရေးစခန်း ၃၀ အား တစ်ချိန်တည်းတစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ရခိုင်ပြည်နယ်မှ လူအများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည့်အပြင် နိုင်ငံတကာမှလည်း လွဲမှားသော စွပ်စွဲချက်များ ထွက်ပေါ်လာခဲ့သဖြင့် နိုင်ငံတော်အစိုးရက ဘာသာအယူအဆ မတူကြသည့်လူမျိုးစုများအကြား အမြန် ပြန်လည်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရသည်။

ယင်းနောက် ဒုတိယသမ္မတ(၁) ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် ဒေါက်တာကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တို့၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ၉-၁၀-၂၀၁၇ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းခဲ့သည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများအပေါ် တိုးတက်မှု အစီရင်ခံစာကို လေးလတစ်ကြိမ် ထုတ်ပြန်တင်ပြရမည်ဖြစ်ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၇ ရက်တို့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူသို့ အသိပေးနိုင်ခဲ့သည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine - UEHRD)ကို ၁၇-၁၀-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ တည်ထောင်ခဲ့ပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ဒေသဖွံ့ဖြိုးမှု လုပ်ငန်း



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သောအဖွဲ့ဝင်များ၊ သံအမတ်ကြီးများနှင့် သံတမန်များ မောင်တောမြို့နယ် ငါးခူရကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။**

အထူးကဏ္ဍ [ ဃ ] သို့ »»»



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူဟာတ်ဆန် မာမွတ်အလီတို့ မောင်တောဒေသမှ နေရပ်စွန့်ခွာသူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်ကို လက်မှတ်ရေးထိုးလဲလှယ်စဉ်။

»»» အထူးကဏ္ဍ [ ၁ ] မှ

များ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအနေဖြင့် မြေပြင်အခြေအနေပေါ်မူတည်၍ အကျိုးရှိရှိ ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များကိုရယူရန် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai ဦးဆောင်လျက် ပြည်တွင်း ပြည်ပ ပညာရှင်များပါဝင်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏အကြံပေးအဖွဲ့ကို ၈-၁၂-၂၀၁၇ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ခြင်း၊ ပြန်လည်နေရာချထားရေး လုပ်ငန်းဆောင်ရွက်ခြင်းများအား စောင့်ကြည့်လေ့လာရန်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် သဘောတူညီချက်များအပေါ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအား စောင့်ကြည့်လေ့လာနိုင်ရန်နှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာနိုင်ရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဦးဆောင်သည့် အထူးလုပ်ငန်းအဖွဲ့ကို ၇-၁-၂၀၁၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့သကဲ့သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီကိုလည်း ၁၅-၃-၂၀၁၈ ရက်နေ့တွင် အသီးသီးဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်၌ ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရက ဦးဆောင်၍ Red Cross Movement၊ AHA Centre, Philippines Red Cross, Thai Red Cross Societies နှင့် ဒေသခံလုပ်အားပေးများမှတစ်ဆင့် နှစ်ဖက်အသိုက်အဝန်းအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဖြန့်ဝေပေးအပ်လျက်ရှိသကဲ့သို့ WFP ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းများကို ခွင့်ပြုပေးလျက်ရှိသည့်အပြင် UNHCR နှင့် UNDP တို့ကိုလည်း ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းထားပြီးဖြစ်သည်။

နယ်စပ်ဆိုင်ရာကိစ္စရပ်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ "MoU on Establishment of Border Liaison Office-BLOs" နှင့် "MoU on Security Dialogue and Cooperation" တို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထို့အပြင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် Arrangement on Return of Displaced Persons from Rakhine State ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့က လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ Arrangement ကို အကောင်အထည်ဖော်နိုင်ရန်အတွက် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group)ကို ဖွဲ့စည်းနိုင်ရေး Terms of Reference ကို ၁၉-၁၂-၂၀၁၇ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လည်းကောင်း၊ Physical Arrangement for Repatriation of Displaced Myanmar Residents From Bangladesh Under The Arrangement on Return of Displaced Persons from Rakhine State ကို ၁၆-၂-၂၀၁၈ ရက်နေ့၌ မြန်မာနိုင်ငံတွင်လည်းကောင်း အဆင့်ဆင့်လက်မှတ်ရေးထိုးခဲ့ပြီး စနစ်တကျ ပြန်လည်လက်ခံနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။ Physical Arrangement အရ နှစ်နိုင်ငံသဘောတူညီထားသည့်အတိုင်း ပြန်လည်လက်ခံရေးဌာနများကို တောင်ပြိုလက်ဝဲနှင့် ငါးခူရတို့တွင်လည်းကောင်း၊ ယာယီနေထိုင်ရေးဌာနကို လှဖိုးခေါင်တွင်လည်းကောင်း တည်ဆောက်ခဲ့ပြီး ပြန်လည်လက်ခံရေးလုပ်ငန်းကို ၂၃-၁-၂၀၁၈ ရက်တွင် စတင်နိုင်ရန် ပြင်ဆင်ထားခဲ့သည်။ ပြန်လည်စိစစ်လွှဲပြောင်းရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် ပထမဆုံးအသုတ်အနေဖြင့် စတင်ဆောင်ရွက်နိုင်ရန် ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနှင့်အစ္စလာမ်ဘာသာဝင် ၇၅၀ တို့၏ အချက်အလက်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လွှဲပြောင်းပေးခဲ့သည်။

သို့ရာတွင် သတ်မှတ်ရက်ရောက်သည့်တိုင် ဖြည့်စွက်ပြီးသောပုံစံများကို ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပေးပို့လာခြင်း မရှိသဖြင့် လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပါ။ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပထမအသုတ် လွှဲပြောင်းပေးမည့် အိမ်ထောင်စု ၁၆၇၃ စုမှ လူဦးရေ ၈၀၃၂ ဦးတို့၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ ပေးပို့လာခဲ့ရာ Physical Arrangement အရ နှစ်နိုင်ငံသဘော တူညီထားသည့် ပုံစံများမဟုတ်ဘဲ အဓိကအချက်များဖြစ်သည့် ဆန္ဒအလျောက် ပြန်လာခြင်းဖြစ်ကြောင်းနှင့် နိုင်ငံ၏တည်ဆဲဥပဒေများကို လိုက်နာမည်ဖြစ်ကြောင်း စသည်တို့ကို ဖော်ပြထားခြင်း မရှိသည့်အပြင် တစ်ဦးချင်းစီ၏ လက်မှတ်နှင့် ကိုယ်ရေး အချက်အလက်များကိုလည်း အသေးစိတ်ဖော်ပြထားခြင်းမရှိပါသဖြင့် သဘောတူထားသော ပုံစံများဖြင့် ပြန်လည်ပြင်ဆင်ပေးပို့ပါရန် ဘင်္ဂလားဒေ့ရှ်ဘက်သို့ အကြောင်းကြားခဲ့သည်။ ထိုသို့ နှစ်နိုင်ငံသဘောတူပုံစံများ မဟုတ်သော်လည်း လွှဲပြောင်းလက်ခံရေး အဆင်ပြေစေရေးကို ရှေးရှု၍ ခက်ခက်ခဲခဲ စိစစ်လျက်ရှိရာ ယနေ့အထိ စုစုပေါင်း လူ ၇၀၀ ကျော်အား စိစစ်ပြီးဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်လွှဲပြောင်းပေးလျှင် စိစစ်လက်ခံရန် အဆင်သင့်ရှိကြောင်း အကြောင်းကြားခဲ့သည်။ မောင်တောခရိုင်၊ တောင်ပြိုလက်ဝဲမြို့အနီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်လျက်ရှိသည့် မြန်မာဘက်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ နေရပ်စွန့်ခွာသူများအရေးကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား အဖြေရှာနိုင်မည်ဟု မျှော်လင့်ထားပြီး အကောင်းဆုံးနည်းလမ်းများဖြင့် ဖြေရှင်းရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ Internal Displaced Persons Camp(IDP) စခန်းများ ပိတ်သိမ်းခြင်းနှင့်ပတ်သက်၍ စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်းနှင့် မြေပုံမြို့ IDP စခန်းတို့ကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပိတ်သိမ်းပြီး ပြန်လည်နေရာချထားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။

မြန်မာအစိုးရ၏ဆောင်ရွက်ချက်များနှင့် မြေပြင်အခြေအနေများကို လေ့လာနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ ရခိုင်ပြည်နယ် ခရီးစဉ်ကို ၂၀၁၆ခုနှစ်မှယနေ့အထိ ၁၀ ကြိမ်စေလွှတ်ပေးနိုင်ခဲ့ပြီး ပြည်တွင်းပြည်ပ မီဒီယာများကိုလည်း ကိုးကြိမ်အထိ စေလွှတ်ပေးနိုင်ခဲ့ပါသည်။ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများကို တစ်လလျှင် နှစ်ကြိမ် သတင်းသွားရောက် ရယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များ အပါအဝင် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် သတင်းထုတ်ပြန်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး သတင်းဖြစ်ရပ်မှန်များကို သတင်းမီဒီယာများ၊ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ပြည်သူများအား အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အရေးသည် ပြည်တွင်းပဋိပက္ခတစ်ရပ်ဖြစ်သော်လည်း နိုင်ငံတကာနှင့် ကုလသမဂ္ဂ၏ စောင့်ကြည့်မှုအောက်တွင် ရှိနေသဖြင့် အရေးပါသော ကိစ္စရပ်တစ်ခုဖြစ်ပြီး မတူကွဲပြားမှုများကြား၌ အသိုင်းအဝိုင်းအားလုံးအား ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သကဲ့သို့ ပဋိပက္ခကို ဖြေရှင်းနိုင်ခြင်းမရှိလျှင် ပြည်သူလူထုအတွက် အခက်အခဲများကို ပိုမိုကြီးထွားစေနိုင်သဖြင့် အဆိုပါ ပြဿနာများအား အောင်မြင်အောင် ကိုင်တွယ်ဖြေရှင်းရေးသည် အဓိကကျသည့် အားလျော်စွာ ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန် အရေးကြီးလှသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ ဖိအားပေးမှုများ မြင့်တက်နေသည့် အခြေအနေတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေ မဆုံးရှုံးရေးတို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်မှုအောင်မြင်စေရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## နိုင်ငံခြားသံတမန်များနှင့် တွေ့ဆုံဆွေးနွေးခြင်း

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ၂၀၁၆ ခုနှစ် ဇူလိုင်လမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ နှစ်နှစ်တာကာလအတွင်း နိုင်ငံခြားသံတမန်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှုပေါင်း ၁၀၈ ကြိမ် ပြုလုပ်ခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော်အစိုးရက လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာမှ သိရှိစေရန် တွေ့ဆုံဆွေးနွေးပွဲများတွင် ရှင်းလင်းပြောကြားလျက်ရှိသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံခြားသံတမန်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင်များ နိုင်ငံသားဖြစ်ခွင့်ကိစ္စ၊ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားသော ဒေသများ၌ အစားအစာနှင့် ဆေးဝါးစသည့် လိုအပ်သည့် အကူအညီများ ထောက်ပံ့ပေးရန်ကိစ္စရပ်များ၊ ပဋိပက္ခမဖြစ်ပွားသည့် ရခိုင်ဒေသအတွင်း စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးရန်ကိစ္စရပ်များ၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ထူထောင်ပေးရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေး၊ IDP စခန်းများ ပိတ်သိမ်းရေးကိစ္စရပ်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး နိုင်ငံ၏လက်ရှိ အခြေအနေမှန်ကို နိုင်ငံတကာမှ သိရှိနိုင်ရန် ရှင်းလင်းပြောကြားပေးလျက်ရှိသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်များ၊ NCA တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါဝင်လက်မှတ်ရေးထိုးရေးကိစ္စများ၊ အပစ်အခတ်ရပ်စဲရေးနှင့်စပ်လျဉ်း၍ တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီ ထောက်ပံ့ပေးနိုင်ရေးကိစ္စများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်ချက်များ

နိုင်ငံတစ်နိုင်ငံတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်စေရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု မြင့်မားတိုးတက်စေရေးတို့အတွက် အဂတိလိုက်စားမှုကင်းရှင်းရေးမှာ အဓိကအခြေခံကျသော အချက်တစ်ရပ်ဖြစ်သည်။

နိုင်ငံတော်၏ အစိုးရယန္တရားအဖွဲ့အစည်းများ၌ အဂတိလိုက်စားမှု ကင်းစင်ပပျောက်စေရေးကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုထံမှ အစိုးရပိုင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်၏ အဂတိလိုက်စားမှု၊ မမှန်မကန် လုပ်ဆောင်ခဲ့မှုများနှင့် ပတ်သက်သည့် အသိပေးတိုင်ကြားစာများကို မှတ်ပုံတင်စာ၊ ဖက်စ်၊ အီးမေးလ်တို့ဖြင့် လက်ခံအရေးယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ရာ ဒုတိယနှစ်နှစ်တာ ကာလအတွင်း စုစုပေါင်း တင်ပြစာ ၂၅၁၆ စောင် လက်ခံရရှိခဲ့ပြီး အများစုမှာ မြေယာ၊ စီမံ/အုပ်ချုပ်မှု၊ အဂတိ၊ တရားစီရင်မှု၊ လူမှုရေးအကြောင်းအရာ ကိစ္စရပ်များဖြစ်ပြီး ပြည်သူတို့၏ တင်ပြချက်များအပေါ် အရေးယူဆောင်ရွက်ခြင်းကို နိုင်ငံတော်သမ္မတရုံးနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ပံ့ပိုးကူညီ အထောက်အကူပြုရန် ဖွဲ့စည်းပေါ်ပေါက်လာသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်နှင့်အညီ အစိုးရသစ်၏ ဒုတိယ(၁)နှစ်တာ ကာလအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မူဝါဒများ အကောင်အထည်ဖော်ခြင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပေးအပ်လာသော တာဝန်များကို ထမ်းဆောင်ခြင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား လိုအပ်သောပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအကြား လိုအပ်သကဲ့သို့ကြားခံ၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ အစိုးရသစ်၏ ကျန်ရှိသည့် သက်တမ်းသုံးနှစ်တာကာလတွင်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးထားသည့် မူဝါဒများနှင့် လမ်းညွှန်ချက်များ အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

> " နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ၂၀၁၆ ခုနှစ် ဇူလိုင်လမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ နှစ်နှစ်တာကာလအတွင်း နိုင်ငံခြားသံတမန်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှုပေါင်း ၁၀၈ ကြိမ် ပြုလုပ်ခဲ့ "

